မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၄)
အမှတ် (၁၄၃)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ သောကြာနေ့။

တိုင်းသူပြည်သားလူအများဟာ ဉမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့လူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူပါဝင်နိုင်မှုသည် အရေးပါ

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မဦးသိန်းစိန်က (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

ချစ်ခင်လေးစားအပ်ပါသော ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။

ယနေ့ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်သော (၆၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ချင်းပြည်နယ် ဖလမ်းမြို့၌ လူထုညီလာခံကျင်းပကာ စော်ဘွားများအုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသော သတ္တမအကြိမ်မြောက် ချင်းရေးရာကောင်စီညီလာခံတွင် ချင်းအမျိုးသားနေ့ သတ်မှတ်ရေးအဆိုများ တင်သွင်းမှုအပေါ် တက်ရောက်လာသော အမတ်အားလုံး၏ဆန္ဒကို ရယူလျက် ဖလမ်းမြို့တွင် လူထုညီလာခံကျင်းပခဲ့သည့် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို "ချင်းအမျိုးသားနေ့" အဖြစ် ရွေးချယ်သတ်မှတ်အတည်ပြုခဲ့ပါသည်။ ၁၉၄၈ ခုနှစ်ကို အစပြု၍ သတ်မှတ်ခဲ့သော ချင်းအမျိုးသားနေ့သည် ယခုနှစ်ဆိုလျှင် (၆၇)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✱

❝ ချင်းပြည်နယ်မှ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်မည့် ကုလားတန်မြစ်ဝှမ်း ဖွံ့ဖြိုးရေးနှင့် ပလက်ဝမြို့ဆိပ်ကမ်း တည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိ ❞

နိုင်ငံတော်သမ္မတဦးသိန်းစိန် အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်းဆင်းပွဲ တက်ရောက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများ၊ သင်တန်းနည်းပြများနှင့် အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်းသို့ တက်ရောက်ခဲ့ကြသည့် သင်တန်းသားများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သဘင်ဆောင်၌ကျင်းပသည့် အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်သမ္မတ မိန့်ကြားခဲ့သည့်အတိုင်း ဝန်ထမ်းအဖွဲ့အကြီးအမှူးများသည် အစိုးရအုပ်ချုပ်ရေး ယန္တရားကို ဦးဆောင်မောင်းနှင်နေကြသည့် Key Driver များဖြစ်ကြသူများပီပီ မည်သည့်အစိုးရတက်တက် နိုင်ငံတော်၏မျှော်မှန်းချက် (Vision) နှင့် ကဏ္ဍအလိုက် မဟာဗျူဟာလုပ်ငန်းစဉ် (Strategy) များ၊ နည်းဗျူဟာ (Tactics) များနှင့် အကောင်အထည်ဖော်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်နိုင်ရန်နှင့် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ အုပ်ချုပ်စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အခြေခံမူများအရ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက် ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်ရန်မျှော်မှန်းထားသကဲ့သို့ ပြည်သူများ၏ ဆန္ဒနှင့်လိုလားချက်များကို ဖြည့်ဆည်းရန်အစိုးရက ရည်ရွယ်ပါကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ ■

ရာသီဥတုဒဏ်ခံနိုင်သော စတီးတံခါး

✓ တံခါး ဆိုဒ်ကြီး (7′ x 3′)

Ph: 09 730 20031, 09 7969 37880

မှန် ဒေါက်တာ

ရန်ကုန် - 09 4211 51119, 09 4500 54449

မန္တလေး - 09 2506 38611, 09 7987 97917

T-Bar, L-Bar

Ph: 09 730 20032, 09 7969 37880

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တပ်မတော်အင်အားရှိဖို့ ဝိုင်းဝန်းကူညီ

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ရှိ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံတော်အကျိုးစီးပွားကို လုံခြုံစွာ စောင့်ရှောက်ရန်ဖြစ်သည်နှင့်အညီ ပြည်သူတစ်ရပ်လုံး တည်ငြိမ်အေးချမ်းစွာနေထိုင်ရေးအတွက် အနှောင့်အယှက်ဖြစ်စေသော ရန်ဟူသမျှကို ဖယ်ရှားရှင်းလင်းရန် အသက်ခန္ဓာအပ်နှင်း၍ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်နယ်မြေမှန်သမျှကို တာဝန်နှင့်အညီ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်မှစတင်၍ ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်တိမ်းရှောင်အင်အားစုများနှင့် တွေ့ဆုံတိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ပါသည်။ ဤသို့ တိုက်ပွဲဖြစ်ပွားရာတွင် တပ်မတော်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအချို့ နိုင်ငံတော်နှင့် ပြည်သူအတွက် အသက်ပေးလှူခဲ့ရပါသည်။ ဤတိုက်ပွဲသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံတော်လုံခြုံရေးကို နှောင့်ယှက်လာသူမှန်သမျှကို အသက်ပေးဆပ်၍ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သက်သေပြလိုက်ခြင်းဖြစ်ပါသည်။

ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံတော်အချုပ်အခြာအာဏာကို ဤသို့ အသက်ခန္ဓာပေးဆပ်၍ ကာကွယ်ပေးနေသော တပ်မတော်နှင့် တပ်မတော်သားများ၏ရဲရင့်မှုနှင့် စွန့်လွှတ်စိတ်ဓာတ်များသည်ကား ချီးကျူးစရာ၊ ဂုဏ်ပြုလေးစားစရာပင်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဖေဖော်ဝါရီ ၁၆ ရက်က လောက်ကိုင်တိုက်ပွဲတွင် ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မိသားစုများအား ပြင်ဦးလွင် တပ်နယ် တပ်မတော်ဆေးရုံ၌ သွားရောက်တွေ့ဆုံစဉ် မိမိတို့နိုင်ငံအနေဖြင့် အစဉ်အဆက်က ပိုင်ဆိုင်ခဲ့သည့် အချုပ်အခြာအာဏာပိုင်မြေကို တစ်လက်မမျှ အဆုံးရှုံးခံမည်မဟုတ်ကြောင်း၊ တရားသောစစ်ကို ဆင်နွှဲရင်း စွန့်လွှတ်စွန့်စားစိတ်များဖြင့် ရဲရဲရင့်ရင့် တိုက်ပွဲဝင်ခဲ့ကြရင်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် တပ်မတော်သားများ၏ စိတ်ဓာတ်ကို လေးစားဂုဏ်ပြုပါကြောင်း၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်ကာကွယ်ရေးအတွက် သမိုင်းဝင်တိုက်ပွဲကြီးပေါင်းများစွာကို တပ်မတော်သားများက ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ပါကြောင်းဖြင့် အားပေးစကားပြောကြားခဲ့ပါသည်။

တပ်မတော်သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အစဉ်သဖြင့် ကာကွယ်စောင့်ရှောက်ပေးနေသည်မှာ အထင်အရှားပင်ဖြစ်ပါသည်။ ဤသို့ တပ်မတော်သားများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလုံခြုံမှုအတွက် အသက်ကိုပေးဆပ်၍ ကာကွယ်စောင့်ရှောက်နေမှုအပေါ် "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ" ဆိုသကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း အပြန်အလှန် ကူညီစောင့်ရှောက်ရန် တာဝန်ရှိပေသည်။ ထောက်ခံအားပေးရန်နှင့် ဂုဏ်ပြုချီးကျူးရန် လိုအပ်ပါသည်။ ငွေအား၊ ပစ္စည်းအား၊ လူအား၊ စိတ်ဓာတ်အားတို့ဖြင့် ကူညီချီးမြှောက်အားပေးကြရန် တာဝန်ရှိပါသည်။ နိုင်ငံတော်၏ မြေ၊ ရေ၊ လေ ပိုင်နက်ဟူသမျှ တစ်လက်မမျှ မဆုံးရှုံးစေရေး၊ နိုင်ငံတော်သူ နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံရေး၊ နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တာဝန်များကို တပ်မတော်သားတို့က အသက်ကိုအပ်နှင်း၍ ထမ်းရွက်နေကြခြင်းဖြစ်သည်။ တပ်မတော်၏အားသည် ပြည်သူ့အားပင်ဖြစ်သည့်အလျောက် တပ်မတော်အင်အားရှိဖို့ ဝိုင်းဝန်းကူညီကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။

★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။

★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

သီရိမင်္ဂလာမန်ဆူ(ရှမ်း)ကျောင်းသို့ အလှူငွေလှူဒါန်း

လားရှိုး ဖေဖော်ဝါရီ ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင်သည် လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူ(ရှမ်း) ကျောင်းသို့ ဖေဖော် ဝါရီ ၁၈ ရက်က ရောက်ရှိပြီး မန်ဆူဆရာတော် ဘဒ္ဒန္တပုညနန္ဒထံ အလှူငွေ ကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းကြောင်း သိရသည်။**(ယာပုံ)**

အဆိုပါ အလှူငွေမှာ သီရိမင်္ဂလာမန်ဆူ(ရှမ်း)ကျောင်းအတွင်း ဓမ္မာရုံတစ်ခု တည်ဆောက်ရန် လှူဒါန်းခြင်းဖြစ်ပြီး သာမန်အချိန်တွင် ဓမ္မာရုံအဖြစ် သုံးနိုင်သလို အရေးပေါ်အခြေအနေတွင် ကူညီကယ်ဆယ်ရေးစခန်းအဖြစ်ထားရှိရန် ဖြစ်သည်ဟုသိရသည်။ ဝန်ကြီးသည် လားရှိုးမြို့ရပ်ကွက်(၈)ရှိ သီရိမင်္ဂလာမန်ဆူ(ရှမ်း)ကျောင်းရှိ နှီးဘုရားကြီးကျောင်းဓမ္မာရုံတွင် လောက်ကိုင်ဒေသမှ နေရပ်စွန့်ခွာ လာသူများ၊ လောက်ကိုင်တိုက်ပွဲအတွင်း ကျဆုံးခဲ့သော တပ်မတော်သား မိသားစုများ၊ ကျဆုံးခဲ့သော ဒုရဲအုပ်စိုးအေးထွန်းမိသားစုအတွက် အလှူငွေနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။ **(၁၇၇)**

တိမ်းရှောင်လာသောဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်

လားရှိုး ဖေဖော်ဝါရီ ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတွင် ထပ်မံရောက်ရှိလာသော ဌာနေပြန်မည့် အလုပ်သမားများနှင့် မိသားစုဝင်များအား ဖေဖော်ဝါရီ ၁၉ ရက်က အလှူရှင်စေတနာရှင်များက အလှူငွေနှင့် ထောက်ပံ့ ငွေများလှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး အောင်မင်္ဂလာအဝေးပြေး (Express) ယာဉ်လိုင်းပိုင်ရှင်များနှင့် ယာဉ်ပိုင်ရှင်များက အလှူ ငွေကျပ် ၄၅ သိန်း၊ ရန်ကုန်မြို့နာရေးကူညီမှုအသင်းက အလှူငွေကျပ် ၁၀သိန်း၊လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်မိုးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများက အလှူငွေကျပ် ၁၆ သိန်း ရှစ်သောင်း လေးထောင်နှင့် သာသနာရေးဝန်ကြီးဌာနက အလှူငွေကျပ် ငါးသိန်းသုံးသောင်းပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ မန်ဆူဘုရားကြီးကျောင်းတိုက်တွင် ဌာနေပြန်မည့် အလုပ်သမားများနှင့် မိသားစုဝင်များအတွက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများက အလှူငွေကျပ် ၁၆ သိန်းရှစ်သောင်းလေးထောင်ကို ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ဝဲပုံ)**

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနရုံးတွင်ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကျန်းမာရေးဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် ၈၃ ဦးအတွက် ကျပ် ၂၄ သိန်း ကိုးသောင်းကို ပေးအပ်လှူဒါန်းခဲ့သည်။

ဖေဖော်ဝါရီ ၁၈ ရက် ညနေပိုင်းတွင်ရောက်ရှိလာသည့် ဌာနေပြန်အလုပ်သမားများနှင့် မိသားစုဝင် ၃၅၅ ဦးကို ထမင်းထုပ်နှင့်စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများကိုပေးပြီး လားရှိုးမြို့မှ မန္တလေးမြို့သို့ မော်တော်ယာဉ် ခြောက်စီးဖြင့် အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဟန်ဒွေး (iprd)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၇၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၇၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၇၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၆
ဒီဇယ်	တစ်လီတာ	ကျပ် ၆၇၅
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၀၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၃၂-၁၀၃၆
ဥရောပ	တစ်ယူရို	၁၂၀၀-၁၂၁၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၀
ထိုင်း	တစ်ဘတ်	၃၁-၃၃.၅
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၅

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၅၀၀-၁၈၀၀၀
မိုးဆန်သစ် (မနော်သုခ)	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၅၁
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၇၅-၃၂၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၄၀၀-၂၁၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၇၅-၁၄၉၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၆၀-၆၃၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၄၀၀-၂၆၇၅
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၁၀၀-၅၃၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံရိုက်ကူး/စာ ပြင်ဆင်သည်။

ပြည်တွင်းသတင်း

✻ ရှေ့ဖုံးမှ

ချင်းပြည်နယ်သည် သဘာဝပထဝီအနေအထားအရ မြောက်မှ တောင်သို့ သွယ်တန်းနေသော အနောက်ရိုးမ၊ ဘင်္ဂလားပင်လယ် အော်သို့စီးဝင်နေသော ကုလားတန်မြစ်၊ ရှားပါးအပင်များ ပေါက်ရောက်ရာနှင့် ရှားပါးသတ္တဝါများ ခိုအောင်းရာ နတ်မတောင်၊ ဒုတိယ ကမ္ဘာစစ်အတွင်း ထင်ရှားသော စစ်မြေပြင် ကနေဒီတောင်ထိပ်၊ လှပသောရိဒ်ရေကန်၊ တသွင်သွင်စီးဆင်းနေသော မဏိပူရမြစ်၊ ဘွေနူမြစ်၊ ဘုံတလာရေတံခွန် စသည့် သဘာဝအရင်းအမြစ်များနှင့် မြေပေါ်မြေအောက် သယံဇာတများတည်ရှိရာ နေရာတစ်ခု ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံပညာကျောင်းများကို တိုးချဲ့ ဖွင့်လှစ်ပေးခြင်းနှင့် အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများ ပြုပြင်ပေးခြင်းနှင့် အသစ်ဆောက်လုပ်ပေးခြင်း၊ ဆရာ ဆရာမ များ တိုးချဲ့ခန့်ထားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန်လိုအပ်မှု ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်ရှိ ပြည်သူများ မျှော်လင့်တောင့်တနေသော ချင်းပြည်နယ်အနှံ့အပြား မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေး အတွက် ပြည်မနှင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သော အဝေးပြေးလမ်းများနှင့် ပြည်နယ်တွင်း လမ်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ချင်းပြည်နယ်မှ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်မည့် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေးနှင့် ပလက်ဝမြို့ ဆိပ်ကမ်း တည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုလုပ်ငန်းများသည် ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အနာဂတ်လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် အခြေခံကောင်းများဖြစ်ပါသည်။

ချင်းပြည်နယ်တွင် သွားလာရန် ခက်ခဲသော သဘာဝမြေမျက်နှာပြင်နှင့် မြင့်မားသောတောင်တန်း၊ တောင်စွယ်များ တည်ရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့နေရသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်နယ်တိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ လက်တွဲကြိုးပမ်း ဖော်ဆောင်သွားကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုသည် လွန်စွာအရေးပါလှပါသည်။ ထိုသို့ တည်ဆောက်လျက်ရှိရာတွင် ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံးကလည်း စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်း ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း Torrens University Australia ကျောင်းအုပ်ကြီးနှင့် ပြင်သစ်အမျိုးသားလွှတ်တော် ပြင်သစ်-မြန်မာချစ်ကြည်ရေးကော်မတီဥက္ကဋ္ဌတို့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် Torrens University Australia ကျောင်းအုပ်ကြီး Dr. Michael Mann အား ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြင်သစ်အမျိုးသားလွှတ်တော် ပြင်သစ်-မြန်မာ ချစ်ကြည်ရေးကော်မတီဥက္ကဋ္ဌ မစ္စစ်မီရှဲလ်ဘွန်းန်တွန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်စိုးနှင့် ဒေါ်အေးအေးမူ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြင်သစ်-မြန်မာ ချစ်ကြည်ရေးကော်မတီဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Thierry MATHOU လည်း တက်ရောက်သည်။

(သတင်းစဉ်)

လွှတ်တော်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ယနေ့နံနက် ၉ နာရီတွင် အမျိုးသားလွှတ်တော်ရေးရာဆောင် (I-20)၌ ဂျာမနီနိုင်ငံအခြေစိုက် Hanns Seidel Foundation (HSF) မှ အဆင့်မြင့် နိုင်ငံရေးသမားများနှင့် (HSF) ၏ အဖွဲ့ဝင်များဖြစ်သည့် Prof. Ursula Mannle ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်၏ ကော်မတီဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော်၏ ရေးရာကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဖက်ဒရယ်စနစ်နှင့် ပတ်သက်၍လည်းကောင်း၊ လွှတ်တော်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဦးအောင်သိန်းကျော် ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၂၇၅ ဦး၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းဒေသ ကင်ပွန်းအင်းကျေးရွာအုပ်စုမှ ဦးဖြိုးကိုလင်း ခေါင်းဆောင်သည့် ပအိုဝ်းတိုင်းရင်းသားလူမျိုး ၃၅ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)၏ မိသားစုဝင်ခြောက်ဦးနှင့် ကနေဒါနိုင်ငံ အော်တဝါတက္ကသိုလ် သုတေသနအဖွဲ့ဥက္ကဋ္ဌ Mr. Kevin Page ခေါင်းဆောင်သည့်အဖွဲ့ဝင် လေးဦး စုစုပေါင်း ၃၂၀ တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။

(သတင်းစဉ်)

အမျိုးသားစာပေဆုချီးမြှင့်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် စာရေးသူများ၊ စာပေထုတ်ဝေ/ဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်များသို့ မေတ္တာရပ်ခံချက်ထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သော အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းကာ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ထုတ်ဝေသော စာအုပ်များကို ဘာသာရပ် ၁၆ မျိုး ခွဲခြား၍ နှစ်စဉ်ဆုချီးမြှင့်ပေးလျက်ရှိသည်။

နိုင်ငံတော်အဆင့်စာပေဆုဖြစ်သည့် အမျိုးသားစာပေဆုအတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို ပိုမိုမျှတမှုရှိစေရန် လက်ရှိနိုင်ငံ့ဝန်ထမ်းများ ပါဝင်ခြင်းမရှိဘဲ လွတ်လပ်သောစာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့်သာ ပါဝင်ဖွဲ့စည်းထားသည်။ ရွေးချယ်ရာတွင်လည်း ဆုရသင့်ရထိုက်သည့် စာအုပ်များရရှိစေရေးအတွက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့်(၃)ဆင့် ပိုင်းခြားစိစစ်ရွေးချယ်လျက်ရှိသည်။

ယခုအခါ ထုတ်ပြန်ပြီးဖြစ်သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ အဖိုးအခလွတ်ပေးပို့ရမည့် စာအုပ်စာရင်းတွင် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအတွက် မပါရှိတော့ပါ။ သို့ဖြစ်၍ ၂၀၁၄ ခုနှစ်အတွင်း မိမိတို့ရေးသားခဲ့သော ပထမအကြိမ်ထုတ်စာအုပ်များကို အမျိုးသားစာပေဆုစိစစ် ရွေးချယ်ရေးကော်မတီသို့ စာအုပ်လေးအုပ်စီပေးပို့နိုင်ရေး ၂၀၁၄ ခုနှစ် မေ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

သို့ရာတွင် **စာအုပ်ရရှိရေးအစီအမံ ပိုမိုပြည့်စုံစေရန်နှင့်** စာရေးဆရာများ အခွင့်အရေးဆုံးရှုံးမှု မရှိစေရန်တို့အတွက် စာပေထုတ်ဝေ/ဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်တစ်ဦးချင်းတို့က အမျိုးသားစာပေဆုတွင် ထည့်သွင်းစဉ်းစားသင့်သည့် ၂၀၁၄ ခုနှစ်အတွင်းထုတ်ဝေသည့် စာအုပ်များကိုဖြစ်စေ၊ စာအုပ်စာရင်းကိုဖြစ်စေ အကြံပြုချက်များ ပေးပို့လိုက ပေးပို့နိုင်ရန် **ထပ်မံဖြည့်စွက်** ဖိတ်ခေါ်ထားသည်။

အမျိုးသား စာပေဆုအတွက် ထည့်သွင်း စဉ်းစားသင့်ကြောင်း အကြံပြုလိုသည့် အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်သည် စာအုပ်အမည်၊ စာရေးသူ၊ ထုတ်ဝေသည့်စာအုပ်တိုက်၊ ထုတ်ဝေသည့်ခုနှစ်တို့ကိုဖော်ပြ၍ အောက်ပါလိပ်စာအတိုင်း ဖေဖော်ဝါရီ ၂၈ ရက် **နောက်ဆုံးထား** ပေးပို့သွားနိုင်ကြသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ စာပေဗိမာန်၊ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၇၇၂၄ နှင့် ၀၁-၃၈၁၄၄၉၊ စာတိုက်မှပေးပို့သူများအနေဖြင့် မှတ်ပုံတင်ပြုလုပ်၍ ပေးပို့ရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စပါးရိတ်သိမ်းစက်ကြီးများ ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် အမှတ် (၇၇)စက်မှုလယ်ယာစခန်း တိုက်ကြီးမြို့နှင့် အမှတ်(၃၅) စက်မှုလယ်ယာစခန်း ထောက်ကြန့်မြို့သို့ (DKC-865) စပါးရိတ်သိမ်းစက်ကြီးများ ဖေဖော်ဝါရီ ၁၉ ရက်က ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ စပါးရိတ်သိမ်းစက်ကြီးများကို တောင်သူလယ်သမားများ နွေစပါးမှစတင်၍ မိုးစပါးများပါ အချိန်မီရိတ်သိမ်းပေးနိုင်ရန် တောင်သူများ စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ ယခုနှစ် နွေစပါးရာသီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စပါးရိတ်သိမ်းခြွေလှေ့စက် ၃၈ စီးဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

မိုးလေဝသ အခြေအနေ

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်မှာ ယနေ့သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မှာ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်မှာ ယနေ့အများအားဖြင့်သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

ပြည်တွင်းသတင်း

ကိုးကန့်သောင်းကျန်းသူများဥပဒေမဲ့လုပ်ရပ်များ ချိုးဖောက်ကျူးလွန်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ကိုးကန့်သောင်းကျန်းသူများ အနေဖြင့် လောက်ကိုင်နယ်မြေအတွင်း ကြိုတင်စိမ့်ဝင်၍ ပြည်ထောင်စုနေ့မတိုင်မီ လောက်ကိုင်မြို့အား သိမ်းပိုက်ထိန်းချုပ်နိုင်ရေး တိုက်ပွဲများ ဖန်တီးလာခဲ့သည်။ ဖေဖော်ဝါရီ ၉ ရက်နေ့မှ စတင်၍ တိုက်ခိုက်မှုများ ပြုလုပ်ကာ လောက်ကိုင်မြို့အား သိမ်းပိုက်ရန် ကြိုးစားခဲ့သော်လည်း တပ်မတော်က ရှုပ်ရှုပ်ချုံချုံတုံ့ပြန်တိုက်ခိုက်မှုများကြောင့် ၎င်းသောင်းကျန်းသူများ၏ လောက်ကိုင်မြို့အား သိမ်းပိုက်မည့်အစီအမံ ပျက်ပြား၍ ဆုတ်ခွာသွားခဲ့ရသည်။

၎င်းတို့ ဆုတ်ခွာသွားခဲ့သော်လည်း တိုက်ပွဲများကြောင့် တည်ငြိမ်မှုပျက်ပြားစဉ် အခွင့်ကောင်းယူ၍ တပ်ရင်းမှူးအဆင့်ရှိ ကော်စစ်ချီ ဦးဆောင်သော အင်အားစုများကို မြို့ခံအရပ်သားအသွင်ဖြင့် မြို့ပေါ်တွင်ထားရှိကာ အရပ်ဝတ်ဖြင့်ပင် တပ်မတော် စစ်ကြောင်းများနှင့်တပ်ဌာနချုပ်များကို အနီးအဝေးမှနှောင့်ယှက်တိုက်ခိုက်ခြင်း၊ ၎င်းတို့ ကြိုတင်သတင်းရယူထားပြီးဖြစ်သည့် မြို့ပေါ်ရှိချမ်းသာသောနေအိမ်၊ ဈေးဆိုင်များ၊ လူရှိသောအိမ်များကို ဓားပြဆန်ဆန်လူသတ်၍ လုယက်ခြင်း၊ လူမရှိသောအိမ်များကို ဖောက်ထွင်းယူဆောင်ခြင်းများ ဆောင်ရွက်လာခဲ့သည်။

ထို့အပြင် ကိုးကန့်သောင်းကျန်းသူများအနေဖြင့် လောက်ကိုင်မြို့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများ၊ ကြံခုတ်လုပ်သားများနှင့် ဒေသခံပြည်သူများကို ဖမ်းဆီး၍ သေနတ်နှင့် ယူနီဖောင်းများ ထုတ်ပေးကာ ၎င်းတို့နှင့်စစ်တိုက်ရန် အဓမ္မခေါ်ဆောင်လျက်ရှိကြောင်း၊ မလိုက်လိုကြောင်း ငြင်းဆန်ပါက ရှေ့တွင်ပစ်သတ်ပြပြီး အကြောက်တရားနှင့် စုစည်းခေါ်ဆောင်နေကြောင်း၊ လူတစ်ဦးလျှင် ယွမ် ၅၀၀ နှင့် ရာမဆေးပြား တစ်ထုပ်ပေးကာ ၎င်းသောင်းကျန်းသူအဖွဲ့များ၏ ရှေ့တန်းသို့တင်ပြီး လောက်ကိုင်မြို့ရှိ တပ်၊ ဌာနချုပ်များအား ညစဉ်လာရောက် ပစ်ခတ်စေလျက်ရှိကြောင်းကို ဒေသခံပြည်သူများနှင့် ဖော်ထုတ်ဖမ်းဆီးရမိသူများထံမှ သိရှိရသည်။

ဒေသခံပြည်သူတို့၏ သတင်းပေးချက်အရ ဖေဖော်ဝါရီ ၁၄ ရက်တွင် ၎င်းတို့ ခိုအောင်းလှုပ်ရှားလျက်ရှိသော လောက်ကိုင်မြို့တွင်းရှိ အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းခဲ့ရာ တပ်ရင်းမှူးအဆင့်ရှိ ကော်စစ်ချီအပါအဝင် သောင်းကျန်းသူ ၂၆ ဦးအား အသေဖမ်းဆီးရမိခဲ့ပြီး လက်နက်မျိုးစုံ ၁၀၀ ကျော်၊ ခဲယမ်းမျိုးစုံ ၈၄၇၉ တောင့်၊ လက်ပစ်ဗုံး ၁၀၈ လုံး၊ တိုက်မိုင်း ရှစ်လုံး၊ ဖောက်ခွဲဖျက်ဆီးရေးဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးမျိုးစုံ၊ ကျောက်စိမ်းတုံးများနှင့် အခြားဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိခဲ့သည်။

ကိုးကန့်သောင်းကျန်းသူအဖွဲ့ အနေဖြင့် ဖေဖော်ဝါရီ ၁၇ ရက်တွင်လည်း လောက်ကိုင်နှင့်ချင်းရွှေဟော်ကြား၌ လောက်ကိုင်မြို့နယ်မှ နေရပ်ပြန်သူများနှင့် တိုက်ပွဲရှောင်ပြည်သူများအား ကူညီပို့ဆောင်ပေးသည့် ကြက်ခြေနီအမှတ်အသားထင်ရှားစွာဖော်ပြထားသော ယာဉ်တန်းအား စစ်ရေးနှင့် မသက်ဆိုင်ကြောင်း သိရှိသော်လည်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့ခြင်းကြောင့် ကြက်ခြေနီတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

တပ်မတော်အနေဖြင့် လောက်ကိုင်ဒေသတစ်ခုလုံး တည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အပြစ်မဲ့ဒေသခံပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရေး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပို့ဆောင်ပေးခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးကုသပေးမှုများဆောင်ရွက်ပေးခြင်း၊ လောက်ကိုင်မြို့ လုံခြုံရေးအတွက် စနစ်တကျကာကွယ်စောင့်ရှောက်ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တိုက်ပွဲတိမ်းရှောင် ပြည်သူများအားတွေ့ရစဉ်။ (မြဝတီ)

ဖမ်းဆီးရမိသည့် ကျောက်စိမ်းနှင့် လက်နက်များကို တွေ့ရစဉ်။ (မြဝတီ)

*** ကျောဖုံးမှ**

ထို့အတူ ကုန်းကြမ်း-လောက်ကိုင်လမ်းကြောင်းရှိ (၁၈) မိုင်လမ်းဆုံတစ်ဝိုက်တွင် ယာယီခံစစ်ယူ အခြေပြုထားသော ကိုးကန့်သောင်းကျန်းသူအဖွဲ့အား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ရှင်းလင်းလျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၁၈ ရက် ညပိုင်းနှင့် ယနေ့နံနက်ပိုင်းတို့တွင် လောက်ကိုင်မြို့နယ်အနီးတစ်ဝိုက် လှုပ်ရှားလျက်ရှိသော ကိုးကန့်သောင်းကျန်းသူ အင်အားစုများနှင့် တပ်မတော်စစ်ကြောင်းတို့ ထိတွေ့တိုက်ပွဲ သုံးကြိမ်ဖြစ်ပွားခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် တပ်မတော်မှ အရာရှိစစ်သည်တစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့၍ ခုနစ်ဦးဒဏ်ရာရရှိခဲ့ကာ ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ အလောင်းနှစ်လောင်း၊ လက်နက်ငယ်ခုနစ်လက်နှင့် ခဲယမ်းဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ

MYANMAR FARMERS' DEVELOPMENT PARTY

မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
သဘောထားကြေညာချက် အမှတ်-၂/၂၀၁၅

ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ(၁၆)ရက်။

၁။ လောက်ကိုင်ဒေသတွင် ဖုန်ကြားရှင်ဦးဆောင်သော ကိုးကန့်လက်နက်ကိုင်အဖွဲ့အစည်းများသည် ကုန်းကြမ်းဒေသရှိ တပ်ဌာနချုပ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးအဖွဲ့ရုံး၊ ဆီအော့အကျဉ်းဦးစီးဌာန၊ ရန်လုံကျွန်းရဲစခန်းနှင့် လောက်ကိုင်တပ်နယ်မြေအတွင်းသို့ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၈)ရက်နေ့မှစတင်၍ ဝင်ရောက် တိုက်ခိုက်သည့်အတွက် တပ်မတော်မှ ကာကွယ်ရန်ကြိုးပမ်းဆောင်ရွက်ရာ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွား၍ တပ်မတော်သားများ ကျဆုံးပြီး ဒဏ်ရာရရှိခြင်းနှင့် ဒေသခံပြည်သူများ ဒုက္ခရောက်နေခြင်းများကို သတင်းစာနှင့် ရုပ်မြင်သံကြားများမှတစ်ဆင့် ကြားသိရသည့်အတွက် များစွာစိတ်မကောင်းဖြစ်မိပါသည်။

၂။ ယနေ့ကာလသည် အပစ်အခတ်ရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိုရရှိရန် နိုင်ငံတော်အစိုးရ၊ ပြည်သူများနှင့် တပ်မတော်သားများ ကြိုးပမ်းဆောင်ရွက်နေသော အချိန်ဖြစ်ပါသည်။

၃။ ယခုကဲ့သို့ မမျှော်လင့်ဘဲ တိုင်းပြည်အတွက် အသက်ခန္ဓာစွန့်လွှတ်သွားကြသည့် တောင်သူလယ်သမားသား သမီးများဖြစ်ကြသော တပ်မတော်သားများအား ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၄။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးကို ဟန့်တားနှောင့်ယှက်သည့် ဖုန်ကြားရှင် ဦးဆောင်သော ကိုးကန့်တိမ်းရှောင်အင်အားစုအား မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ပြင်းထန်စွာရှုတ်ချပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ရွှေ့ပြောင်းသွားလာ
အလုပ်လုပ်ကိုင်ရာ
ကြိုတင်လေ့လာ
ဘေးကင်းကွာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တွေ့ဆုံမေးမြန်းခြင်း

မဖြစ်နိုင်တဲ့အရာကို ဖြစ်ချင်စိတ်နဲ့ ဖြစ်အောင်လုပ်လို့ရတယ်ဆိုတာ ဒီခရီးစဉ်ကနေ မျိုးဆက်သစ်တွေကိုပေးမယ့် အဖိုးတန်သတင်းစကားဖြစ်ပါတယ်

မိုးသူဇာစိုး၊ ခင်ချိုဝင်း

မန္တလေးမြို့၌ တစ်ထောက်နားမည့် ကမ္ဘာပတ် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် ခရီးစဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးနှင့်တွေ့ဆုံခြင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဆွစ်ဇာလန်နိုင်ငံက ပထမဆုံးတီထွင်ထုတ်လုပ်ခဲ့သည့် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် (Solar Impulse -2) ၏ ကမ္ဘာတစ်ပတ်ပျံသန်းမှုခရီးစဉ်ကို ၂၀၁၅ ခုနှစ် မတ်လပထမပတ်အတွင်း စတင်တော့မည်ဖြစ်သည်။

အဆိုပါ နေစွမ်းအင်သုံးလေယာဉ်ခရီးစဉ်ကို အရှေ့အလယ်ပိုင်းဒေသ အဘူဒါဘီမှ စတင်သွားမည်ဖြစ်ကာ အိုမန်၊ အိန္ဒိယ၊ မြန်မာ (မန္တလေး)၊ တရုတ်၊ ပစိဖိတ်သမုဒ္ဒရာဒေသ(ဟာဝိုင်အီ)၊ အမေရိကန်နိုင်ငံမှ ပြည်နယ်သုံးခု၊ အတ္တလန္တိတ်သမုဒ္ဒရာနှင့် ဥရောပတောင်ပိုင်း၊ မြောက် အာဖရိကဒေသတို့သို့ဖြစ်ကာ နေ့ရောညပါ ပျံသန်းသွားမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းအဘူဒါဘီမြို့၌ပင် ကမ္ဘာတစ်ပတ်ခရီးစဉ် ပြီးဆုံးမည်ဖြစ်သည်။

လေယာဉ်ခရီးစဉ်တစ်လျှောက် ရပ်နားမည့်ဒေသများ၌ ဆွစ်ဇာလန်နိုင်ငံ၏ ဆန်းသစ်တီထွင်လိုမှု၊ အတွေ့အကြုံနှင့် နည်းပညာများကို နည်းပညာလေ့လာသင်ယူနေသောလူငယ်များအား မျှဝေသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အထင်ကရ သမိုင်းဝင် ရှေးဟောင်းမြို့ဖြစ်သည့် ပုဂံမြို့၏ ကောင်းကင်ယံတွင် လေယာဉ်သရုပ်ပြပျံဝဲမည့် အစီအစဉ်များလည်း ပါဝင်မည် ဖြစ်ကြောင်းသိရသည်။ ခရီးစဉ်တစ်လျှောက် ရပ်နားမည့်အစီအစဉ်တွင် မြန်မာနိုင်ငံအလယ်ပိုင်းရှိ မန္တလေးမြို့တွင် သုံးရက်တာ ရပ်နားသွားမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အဆိုပါကမ္ဘာပတ် နေစွမ်းအင်သုံးလေယာဉ် မန္တလေးမြို့၌ ရပ်နားမည့်အစီအစဉ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန် သံအမတ်ကြီး H.E. Mr. Christoph Burgener နှင့် မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါ သည်။

မေး။ ။ ဆွစ်ဇာလန် နိုင်ငံရဲ့ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် စတင်ဖြစ်ပေါ်လာပုံကို ရှင်းပြပေးပါ။

ဖြေ။ ။ တီထွင်ဆန်းသစ်လိုစိတ်ရှိတဲ့ ဆွစ်လူမျိုး လေယာဉ်မှူးနှစ်ဦးနဲ့အဖွဲ့က ကမ္ဘာတစ်ဝန်းလုံးကလူတွေ အံ့သြထူးဆန်းဖြစ်စေမယ့် သဘာဝကို အခြေခံပြီး မောင်းနှင်လို့ရတဲ့ လေယာဉ်နဲ့ ကမ္ဘာတစ်ပတ်ပတ်နိုင်ဖို့ စိတ်ကူးယဉ်ခဲ့ရာကနေ ဒီလိုအစီအစဉ် စတင်ခဲ့တာပါ။ လောင်စာဆီ လုံးဝသုံးစွဲခြင်းမရှိဘဲ သဘာဝနေရောင်ခြည်ကနေ စွမ်းအင်ကို ရယူသိုလှောင်ထားပြီး နေ့ရောညပါ မောင်းနှင်လို့ရတဲ့ လေယာဉ်ပျံနဲ့ ကမ္ဘာပတ်လို့ရပြီဆိုတာကို ပထမဆုံးထုတ်ဖော်ပြသတဲ့ အစီအစဉ်လည်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ဒီလိုဖြစ်လာမယ် လို့ ထင်မထားတဲ့ အရာတွေကို ဖြစ်ချင်စိတ်နဲ့ ဖြစ်အောင်လုပ်ခဲ့တယ်ဆိုတာ ဆွစ်ဇာလန်က ပြသသွားမှာဖြစ်ပါတယ်။ လေယာဉ်မှူးနှစ်ဦးထဲကတစ်ဦးက ဆွစ်ဇာလန်မှာ တီထွင်ဆန်းသစ်မှုတွေကြောင့် နာမည်ကြီးတဲ့မျိုးရိုးက ဆင်းသက်လာသူ ဖြစ်ပါတယ်။ သူ့အဖေက မိုးပျံပူဖောင်းနဲ့ ကမ္ဘာပတ်ခဲ့တဲ့သူဖြစ်ပါတယ်။ နည်းပညာဆိုင်ရာ ပညာရှင်တွေပါဝင်တဲ့ Solar Impulse Team ကနေ တီထွင်ဆန်းသစ်ချင်တဲ့ စိတ်ဓာတ်ကို မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းချင်တာကနေ စတင်ခဲ့တာဖြစ်ပါတယ်။ လေယာဉ်မှူးနှစ်ယောက်က မြန်မာနိုင်ငံကို အရင်ကရောက်ခဲ့ဖူးပါတယ်။ မြန်မာလူမျိုးတွေရဲ့ ဖြူစင်ပွင့်လင်းမှုနဲ့ မြန်မာနိုင်ငံရဲ့ သဘာဝအလှတွေကို ကမ္ဘာက သိစေချင်တဲ့ ဆန္ဒရှိသူတွေပါ။

မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန် သံအမတ်ကြီး H.E. Mr. Christoph Burgener

ဆွစ်ဇာလန်သံရုံး မြန်မာနိုင်ငံမှာ စတင်ဖွင့်လှစ်ပြီး နှစ်နှစ်တာ သံတမန်ဆက်ဆံရေး အတွင်းမှာ မြန်မာနဲ့ ဆွစ်ဇာလန်နိုင်ငံကြားမှာ တိုးတက်ဖြစ်ထွန်းမှုတွေ အများကြီးရှိလာပါတယ်။ အထူးသဖြင့် လွန်ခဲ့တဲ့ လေးလအတွင်းက နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ရဲ့ ဆွစ်ဇာလန်နိုင်ငံကို တရားဝင်ခရီးလာရောက်ပြီးတဲ့နောက်မှာ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုဖြစ်ထွန်းလာတာ ဖြစ်ပါတယ်။ သမ္မတကြီး ဆွစ်ဇာလန်ရောက်တော့ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ကို အထူးစိတ်ဝင်စားတာတွေ့ရပါတယ်။ ဒီလေယာဉ် ကမ္ဘာပတ်မယ့် အစီအစဉ်မှာ မြန်မာနိုင်ငံမှာလည်း နားလိုတယ်လို့ အဆိုပြုတော့ သမ္မတကြီးနဲ့ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးက အကူအညီတွေပေးပြီး လေးလေးနက်နက်ပူးပေါင်း ဆောင်ရွက် ပေးကြပါတယ်။ ဒါ့ကြောင့်လည်း မကြာမီရက်ပိုင်းအတွင်းမှာ စတင်တော့မယ့် နေစွမ်းအင်သုံးလေယာဉ်ရဲ့ ကမ္ဘာပတ်အစီအစဉ်မှာ မြန်မာနိုင်ငံက တစ်စိတ်တစ်ဒေသ ပါဝင်တာကို ကမ္ဘာအရပ်ရပ်က တွေ့ရှိရတော့မှာ ဖြစ်ပါတယ်။

မေး။ ။ ခရီးစဉ်စုစုပေါင်းကြာမြင့်ချိန်နဲ့ ရပ်နားတဲ့ဒေသတွေမှာဆောင်ရွက်မယ့်အစီအစဉ်တွေကို ပြောပြပေးပါရှင့်။

ဖြေ။ ။ ခရီးစဉ်ကို အဘူဒါဘီကနေ စတင်မှာဖြစ်ပြီး အိုမန်၊ အိန္ဒိယ၊ မြန်မာ၊ ပစိဖိတ်သမုဒ္ဒရာ၊ အတ္တလန္တိတ်သမုဒ္ဒတွေကိုဖြတ်ပြီး အဘူဒါဘီမှာ ခရီးစဉ်ပြီးဆုံးမှာဖြစ်ပါတယ်။ အရင်က အမေရိကနဲ့ မော်စကိုမှာ စမ်းသပ်ပျံသန်းခဲ့ဖူးပေမယ့် အခုကတော့ ကမ္ဘာတစ်ပတ်ကို ပထမဆုံး ပျံသန်းတာပါ။ လေယာဉ်မှူးနှစ်ယောက်က တစ်ယောက်စီ မောင်းနှင်မှာဖြစ်ပြီး လေးငါးရက်လောက် ဆက်တိုက်မောင်းနှင်နိုင်အောင် လေ့ကျင့်ထားရတာဖြစ်ပါတယ်။ နေ့ခင်းပိုင်းမှာ အမြင့်ပေ ၅၀၀၀ လောက်ကနေပျံသန်းပြီး သိုလှောင်ထားတဲ့ နေစွမ်းအင်နဲ့ ညပိုင်းမှာ မောင်းနှင်နေမှာပါ။ နောက်တစ်ရက် နေထွက်ရင် နေစွမ်းအင်ပြန်သွင်းရရှိပြီး ဆက်ပြီးပျံသန်းမှာဖြစ်ပါတယ်။

ခရီးစဉ်တစ်လျှောက် ရပ်နားတဲ့ ဒေသနဲ့မြို့တွေမှာ လေယာဉ်တီထွင်ဆန်းသစ်မှုနဲ့ပတ်သက်တဲ့ နည်းပညာတွေ၊ အတွေ့အကြုံတွေကို နည်းပညာလေ့လာနေတဲ့ လူငယ်တွေနဲ့ တွေ့ဆုံဆွေးနွေးသွားမယ့် အစီအစဉ်ပါဝင်ပါတယ်။ အဓိကတော့ မဖြစ်နိုင်ဆိုတဲ့အရာတွေဟာ ဖြစ်ချင်စိတ်ရှိရင် ဖြစ်တယ်ဆိုတဲ့ အဖိုးတန်သတင်းစကားကို အဓိကပေးလိုပါတယ်။ ဆွစ်လူမျိုးတွေအနေနဲ့ ဆန်းသစ်တီထွင်လိုစိတ်ပြင်းပြကြပြီး သဘာဝသယံဇာတ များများစားစား မရှိတာတောင် သဘာဝကိုအခြေခံပြီး ခေတ်အမီဆုံး၊ အတိုးတက်ဆုံးပစ္စည်းတွေ ထုတ်လုပ်နိုင်ဖို့ လိုလားကြပါတယ်။ ဆွစ်ဇာလန်နိုင်ငံရဲ့ ပညာရေးမြှင့်တင်မှုအစီအစဉ်တွေ၊ အလုပ်လုပ်ရင်း ပညာသင်လို့ရတဲ့ အခွင့်အရေးဖန်တီးပေးရင်း ပညာတတ်တဲ့ ပတ်ဝန်းကျင်ကနေ လူထုအကျိုးပြု တီထွင်ဆန်းသစ်မှုတွေ ဆောင်ရွက်နိုင်တယ်ဆိုတာကို ပြသပေးမယ့် ခရီးစဉ်လည်းဖြစ်ပါတယ်။

မေး။ ။ မြန်မာနိုင်ငံအလယ်ပိုင်းက မန္တလေးမြို့မှာ တစ်ထောက်နားပြီး ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်လည်း သိပါရစေရှင့်။

ဖြေ။ ။ လေယာဉ် စထွက်မယ့်အချိန်မှာ ရာသီဥတုနဲ့ ပျံသန်းမယ့်လေယာဉ်ရဲ့ကြံ့ခိုင်မှု အစီအစဉ်တွေ အဆင်သင့်ဖြစ်မယ်ဆိုရင် ၂၀၁၅ မတ်လ ပထမပတ်အတွင်းမှာ ခရီးစဉ်စတင်မှာဖြစ်ပြီး ပျံသန်းချိန်တစ်ပတ်အတွင်း မန္တလေးမြို့ကို ရောက်ရှိလာမှာ ဖြစ်ပါတယ်။ မန္တလေးမြို့တွင်ခရီးတစ်ထောက် ရပ်နားဆင်းသက်ပြီးရင် ခရီးစဉ်မှာလိုက်ပါလာမယ့် လေယာဉ်မှူး နှစ်ဦးကနေ နည်းပညာဆွေးနွေးပွဲတွေ လုပ်သွားမှာဖြစ်ပါတယ်။ ရှေးဟောင်းသမိုင်းဝင် ပုဂံမြို့ရဲ့ ဝေဟင်မှာ ရင်သပ်ရှုမောဖွယ်ကောင်းတဲ့ အလှပြပျံသန်းမှုနဲ့ ရှုခင်းရှုကွက်တွေကို ပြသသွားနိုင်မှာပါ။ ဒါဟာ ဘယ်လောက်ခမ်းနားမလဲ၊ အံ့သြဖွယ် ကောင်းမလဲဆိုတာ ခန့်မှန်းကြည့်နိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့အသည်းနှလုံးဖြစ်တဲ့ ပုဂံမြို့ရဲ့အလှကိုဆွစ်ဇာလန်နိုင်ငံရဲ့ပထမဆုံး ဆန်းသစ်တီထွင်မှုတွေနဲ့ ပေါင်းစပ်ပြီး ကမ္ဘာ့မီဒီယာတွေမှာ ဖော်ပြရင်းက မြန်မာနိုင်ငံရဲ့ သဘာဝအလှတရားတွေကို ကမ္ဘာက ပိုမိုသိရှိစေမယ့် အခွင့်အရေးလည်း ရရှိမှာဖြစ်ပါတယ်။ ဒါကလည်း သဘာဝ အခြေခံခရီးသွားလုပ်ငန်းနဲ့ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးရေးကို တစ်နည်းတစ်ဖုံ အထောက်အပံ့ ဖြစ်စေမှာပါ။

မေး။ ။ ဒီခရီးစဉ် အောင်မြင်ဖို့ကို ပူးပေါင်းဆောင်ရွက် ကူညီပံ့ပိုးကြတာနဲ့ပတ်သက်ပြီး ရှင်းပြပေးပါရှင့်။

ဖြေ။ ။ ဒီလို ဆောင်ရွက်နိုင်ဖို့ ဆွစ်အစိုးရနဲ့ မြန်မာအစိုးရအပြင် သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းတွေ၊ နိုင်ငံတော်သမ္မတရုံး၊ ပို့ဆောင်ရေးနဲ့ ပြန်ကြားရေး ဝန်ကြီးဌာနတွေက တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ခရီးစဉ်တစ်လျှောက်လုံးကို အေဘီဘီ၊ Schindler ၊ အိုမီဂါ စတဲ့ ဆွစ်ကုမ္ပဏီတွေနဲ့ မြန်မာနိုင်ငံက FMI ကုမ္ပဏီတို့က အဓိကကူညီပေးနေပါတယ်။ မန္တလေးကို ရောက်လာရင် အားလုံးကန္ဒွေးန္ဒွေးထွေးထွေးကြိုကြမယ်။ မန္တလေးမှာနှစ်ရက် သုံးရက်ရှိနေစဉ်မှာ နည်းပညာတက္ကသိုလ်ကကျောင်းသားတွေနဲ့ လေယာဉ်မှူးတွေက နေရောင်ခြည်စွမ်းအင်အသုံးချနည်းပညာဆိုင်ရာ ဆွေးနွေးပွဲတွေ၊ သန့်ရှင်းစွမ်းအင်ဆိုင်ရာ ဆွေးနွေးပွဲတွေနဲ့ ဓာတ်ပုံပြိုင်ပွဲတွေ ကျင်းပနိုင်အောင်လည်း ဒီအဖွဲ့အစည်းအားလုံးက ဆွစ်ဇာလန်သံရုံးနဲ့ ပူးပေါင်းဆောင်ရွက်နေကြပါတယ်။ ခရီးစဉ်အောင်မြင်ဖို့ ဆွစ်ဇာလန်နိုင်ငံကနေ လုပ်ဖော်ကိုင်ဖက် ၇၀၀ လောက်က ပူးပေါင်းဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုကနေ ဆွစ်ဇာလန်နိုင်ငံက ပထမဆုံး တီထွင်ထုတ်လုပ်ခဲ့တဲ့ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်နဲ့ ပထမဆုံးကမ္ဘာတစ်ပတ်ပျံသန်းမယ့် အစီအစဉ်မှာ တစ်စိတ်တစ်ပိုင်းပါဝင်နေတဲ့ မြန်မာပြည်သူတွေအတွက်လည်း ဂုဏ်ယူနိုင်မယ့်အစီအစဉ် ဖြစ်ပါတယ်။

မေး။ ။ဆွစ်ဇာလန်နဲ့ မြန်မာနိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ ဆွစ်ဇာလန်သံရုံးအနေနဲ့ မြန်မာနိုင်ငံမှာ ဆောင်ရွက်နေတာနဲ့ ဆက်လက်ဆောင်ရွက်ဖို့ အစီအစဉ်တွေရှိရင် ရှင်းပြပေးပါရှင့်။

ဖြေ။ ။ မြန်မာနဲ့ ဆွစ်ဇာလန်နိုင်ငံတို့ရဲ့ ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်လာပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်တွေ ချစ်ကြည်ရေးတရားဝင်ခရီးစဉ်တွေ ရှိနေပါတယ်။ ဆွစ်ဇာလန်သံရုံးအနေနဲ့ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးနဲ့ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ ဖွံ့ဖြိုးဖို့နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ အလုပ်လုပ်ရင်းပညာသင်လို့ ရမယ့်အခွင့်အလမ်းတွေ ပိုပြီးရရှိလာအောင် အကူအညီပေးနေပါတယ်။ ဆွစ်ဇာလန်နိုင်ငံက ပညာရေးအပေါ် အလေးထားဆောင်ရွက်လျက်ရှိပြီး ပညာတတ်တဲ့လုပ်သားထုကြီးက နိုင်ငံဖွံ့ဖြိုးတိုးတက်လာနိုင်တယ်ဆိုတာကို ယုံကြည်ပါတယ်။ ဒါကြောင့်လည်း အသက်မွေးဝမ်းကျောင်းပညာ သင်တန်းကျောင်း အစီအစဉ်တွေကို သံရုံးက ပူးပေါင်းဆောင်ရွက်နေပါတယ်။

မေး။ ။ သံအမတ်ကြီးအနေနဲ့ ဖြည့်စွက်ပြောကြားလိုတာများ ရှိရင် ပြောကြားပေးပါရှင့်။

ဖြေ။ ။ အဓိကက နေစွမ်းအင်လေယာဉ်သုံးလေယာဉ်နဲ့ ပထမဆုံးကမ္ဘာတစ်ပတ် ပတ်မောင်းကြမယ့် လေယာဉ်မှူးနှစ်ဦးအတွက် ဂုဏ်ယူကြောင်းပြောချင်ပါတယ်။ သူတို့ရဲ့ ဆန်းသစ်တီထွင်လိုစိတ်၊ စွန့်လွှတ်စွန့်စားလိုစိတ်နဲ့ ပြင်းပြတဲ့ဆန္ဒတွေကြောင့်သာ ဒီလို သမိုင်းဝင်ခရီးစဉ်ကြီးတစ်ခုကို ဆွစ်ဇာလန်နိုင်ငံအနေနဲ့ ဂုဏ်ယူဝမ်းမြောက်ခွင့် ရတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပုံစံခွက်ထဲကနေ ဖောက်ထွက်ပြီး တွေးတောဆင်ခြင်နိုင်မှု၊ မဖြစ်နိုင်တာကို ဖြစ်ချင်စိတ်နဲ့ ဖြစ်အောင်လုပ်လို့ရတာနဲ့ အတူတူပူးပေါင်းဆောင်ရွက်ရင် အောင်မြင်တယ်ဆိုတာတွေက ဒီခရီးစဉ်ကနေပေးလိုတဲ့ အဖိုးတန်သတင်းစကားတွေ ဖြစ်ပါတယ်။

လာမည့် မတ်လအတွင်း မန္တလေးမြို့၌ ရပ်နားရင်း နည်းပညာဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ကာ ပုဂံမြို့၏ ဝေဟင်ထက်တွင် ပျံသန်းနေမည့် ဆွစ်ဇာလန်နိုင်ငံ၏ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ကို စိတ်မှန်းဖြင့်ကြိုဆိုရင်း မြန်မာ-ဆွစ်ဇာလန် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အောင်မြင်ပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။



ရှေးဟောင်းသမိုင်းဝင် ပုဂံမြို့ရဲ့ ဝေဟင်မှာ ရင်သပ်ရှုမောဖွယ်ကောင်းတဲ့ အလှပြပျံသန်းမှုနဲ့ ရှုခင်းရှုကွက်တွေကို ပြသသွားနိုင်မှာပါ။

မြန်မာနိုင်ငံရဲ့အသည်းနှလုံးဖြစ်တဲ့ ပုဂံမြို့ရဲ့အလှကို ဆွစ်ဇာလန်နိုင်ငံရဲ့ ပထမဆုံး ဆန်းသစ်တီထွင်မှုတွေနဲ့ပေါင်းစပ်ပြီး ကမ္ဘာ့မီဒီယာတွေမှာဖော်ပြရင်းက မြန်မာနိုင်ငံရဲ့ သဘာဝ အလှတရားတွေကို ကမ္ဘာကပိုမိုသိရှိစေမယ့် အခွင့်အရေးလည်း ရရှိမှာဖြစ်။

ဥပဒေရေးရာ

National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

ရေရှည်တည်တံ့ခိုင်မြဲပြီး အကျိုးပြုတဲ့ ပညာရေးဥပဒေတစ်ရပ်ဖြစ်လာဖို့ ဝိုင်းဝန်းအကြံပြုပေးပါ

သက်နိုင်ညွန့်

> **ပြည်သူတွေရဲ့ အကြံပြုချက်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဉာဏ်အမြော်အမြင်ကြီးစွာနဲ့ ဆွေးနွေးမှုတွေကနေတစ်ဆင့် တစ်တိုင်းတစ်ပြည်လုံး လှည်းနေလှေအောင်းမြင်းဇောင်းမကျန် အားလုံးလက်ခံတဲ့၊ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးထားတဲ့၊ အနာဂတ်ကာလမှာ မှတ်ကျောက်အတင်ခံနိုင်တဲ့ ဥပဒေတစ်ရပ်ဖြစ်ပေါ်လာအောင် အားလုံးက ဝိုင်းဝန်းပါဝင်ဆွေးနွေးကြပြီး အကြံပြုပေးကြစေလို**

မြန်မာ့အနာဂတ်ပညာရေးကို ထုဆစ်ပုံဖော်မည့် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်ပေးဖို့ ကန့်ကွက်ဆန္ဒပြတာတွေ ဖြစ်ပေါ်ခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုတွေ အကြိမ်ကြိမ်ပြုလုပ်ပြီးတဲ့နောက် National Network for Education Reform (NNER)နဲ့ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် **"အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း"** ကို ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာ ပညာရေးဝန်ကြီးဌာနက လွှတ်တော်ကို တင်သွင်းနိုင်ခဲ့လို့ တည်ငြိမ်အေးချမ်းမှုပျက်ပြားမှာကို စိုးရိမ်သောကရောက်နေကြတဲ့ ပြည်သူတစ်ရပ်လုံးအနေနဲ့လည်း အထိုက်အလျောက် စိတ်သက်သာမှု ရရှိသွားခဲ့ပါတယ်။

ဖေဖော်ဝါရီလ ၁၈ ရက်နေ့ သတင်းစာတွေမှာ ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ ပူးပေါင်းရေးဆွဲထားတယ်ဆိုတဲ့ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းကို ကျွန်တော်နဲ့ မိတ်ဆွေတွေ စုဝေးဖတ်ရှုကြပြီး ဆွေးနွေးခဲ့ကြပါတယ်။ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ သတင်းစာတွေမှာလည်း အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်လိုတဲ့ဥပဒေ(မူကြမ်း)ပါ ပြင်ဆင်ဖြည့်စွက်တဲ့ ပြဋ္ဌာန်းချက်များနဲ့ တည်ဆဲ အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်တွေ နှိုင်းယှဉ်တဲ့ဇယား ပါရှိလာတဲ့အတွက် ကျွန်တော်နဲ့ မိတ်ဆွေတွေ ထပ်မံတွေ့ဆုံကြပြီး ဆွေးနွေးပွဲလေးတစ်ခု လုပ်ဖြစ်ခဲ့ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဘက်လိုက်ခြင်း၊ ဆန့်ကျင်ခြင်းမပြုဘဲ အနာဂတ်မြန်မာနိုင်ငံတော်ရဲ့ အမျိုးသားပညာရေးဥပဒေတစ်ခုကို ရေရှည်တည်တံ့ခိုင်မြဲစေလိုတဲ့စိတ်၊ သမိုင်းမှာ အမည်းစက်မကျန်စေလိုတဲ့စိတ်၊ နိုင်ငံရဲ့ အနာဂတ်မှာ ခေါင်းဆောင်ကောင်းတွေပေါ်ထွန်းလာဖို့ ဖော်ဆောင်ပေးမယ့် အမျိုးသားပညာရေးမူဝါဒတစ်ခုကို ခိုင်ခိုင်မာမာပေါ်ထွက်စေလိုတဲ့ စိတ်ကောင်းစေတနာနဲ့ ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန်ဆိုတဲ့ တရားဝင်ဖိတ်ခေါ်မှုကြောင့် အကြံပြုချင်တာလေးတွေ ရွေးနုတ်ရေးသားလိုက်ပါတယ်။

တည်ဆဲဥပဒေအခန်း (၁)အပိုဒ်(၁) အပိုဒ်ခွဲ(၁)မှာပါတဲ့ **ဤဥပဒေကို အမျိုးသားပညာရေးဥပဒေဟု ခေါ်တွင်စေရမည်**ဆိုတာကို အခုပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် (၁)အပိုဒ်ခွဲ(၁) (ခ)မှာ **ဤဥပဒေကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးသည့်နေ့တွင် အတည်ဖြစ်သည်** လို့ထပ်မံဖြည့်စွက်ထားတာ တွေ့ရပါတယ်။ ဒီဖော်ပြချက်က ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီဘူးဆိုတာ သတိပြုမိလိုက်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၅ မှာ **နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်၊ သတ်မှတ်ကာလအတွင်း ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းမပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်**ဟု ဖော်ပြထားပါတယ်။ ဒါကြောင့် ဒီအချက်ဟာ မလိုအပ်ဘဲနဲ့ ထည့်ထားတာသာဖြစ်ပါတယ်။ ဖြုတ်ပယ်ရမယ့် အချက်ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ အကြံပြုလိုတာက အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဇ)အား ပုဒ်မခွဲ (ဌ)အဖြစ် အစားထိုးတဲ့ကိစ္စ ဖြစ်ပါတယ်။ တည်ဆဲဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဇ)မှာ **သင်ယူလိုသူ၏ဆန္ဒကို အခြေခံပြီး သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များ၏ သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးစေရေး**ဆိုပြီး ပါရှိပါတယ်။ ဒါက နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့အတိုင်း ကျောင်းသားတွေက ရွေးချယ်ပိုင်ခွင့်ရှိကြသလို ကျောင်းကလည်းမိမိကျောင်းရဲ့ စံနှုန်းများအရရွေးချယ်လက်ခံခွင့်ကိုယ်စီရှိနေကြတာကို ဆိုလိုခြင်းဖြစ်ပါတယ်။ အောက်စဖို့ဒ်တက္ကသိုလ်တက်ချင်ရင် အောက်စဖို့ဒ်တက္ကသိုလ်က သတ်မှတ်တဲ့ စံကိုတော့ ပြည့်မီရမှာဖြစ်ပါတယ်။

အဲဒီအချက်ကို အခုပြင်ဆင်လိုတဲ့ ဥပဒေကြမ်းမှာ **တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခွင့်ရှိရန်/ တက္ကသိုလ်ဝင်ခွင့်သည် အခြေခံပညာအထက်တန်းစာမေးပွဲရမှတ်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ သင်ယူမည့် ဘာသာရပ်၏ လိုအပ်ချက်အရ ကျောင်းသားများ၏ လေ့လာသင်ယူထားရှိမှုအပေါ် အခြေခံရွေးချယ်ရန်၊ ကျောင်းသားများရဲ့ ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်များကို တက္ကသိုလ်က ဖြည့်ဆည်းပေးသည့် စနစ်ထားရှိရေး** ဆိုပြီး တွေ့ရပါတယ်။ ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခွင့်ရှိတာ မှန်ပေမယ့် ကျောင်းသားရဲ့ ပညာအရည်အချင်းနဲ့ ရမှတ်အဆင့်အတန်းမမီ၊ မညီရင် အခက်အခဲရှိမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ဆေးတက္ကသိုလ်ဝင်ခွင့်အမှတ် မရရှိတဲ့ ကျောင်းသားက ဆရာဝန်လိုင်းကို လိုက်ဖို့ဆုံးဖြတ်ခဲ့တယ် ဆိုပါစို့။ ရမှတ်နဲ့ အရည်အချင်းနည်းတာကြောင့် ရမှတ်မြင့်ပြီး အဆင့်မြင့်တဲ့ပညာရပ်ကိုသင်ယူဖို့အခက်အခဲဖြစ်နိုင်ပါတယ်ဆိုတာ လက်ရှိ ပညာသင်ယူနေတဲ့ ကျောင်းသား ကျောင်းသူတွေကိုယ်တိုင် သတိပြုနိုင်တဲ့ အချက်မျိုးပါ။ ပညာထူးချွန်တဲ့ ကျောင်းသားနဲ့ပညာရည်နိမ့်ပြီး စာကြိုးစားမှုမရှိတဲ့ ကျောင်းသားကို တန်းတူအခွင့်အရေးပေးလိုက်သလို ဖြစ်မှာကို စိုးရိမ်မိပါတယ်။ ကျောင်းသားက တက်ချင်တိုင်းသာ လက်ခံရမယ်ဆိုရင် ဆေးတက္ကသိုလ်မှာ လူတွေစုပုံနေတော့မှာပေါ့။

နိုင်ငံရပ်ခြားတိုင်းပြည်တွေမှာရှိတဲ့ တက္ကသိုလ်တွေမှာလည်း သူတို့ဆီကို ပညာသင်ကြားလိုသူတွေအနေနဲ့ အရင်ဆုံးဝင်ခွင့်စာမေးပွဲကို ဖြေဆိုကြရပါတယ်။ တက္ကသိုလ်ကသတ်မှတ်ထားတဲ့ စံချိန်စံညွှန်းပြည့်မီတဲ့သူတွေသာ ကျောင်းတက်ခွင့်ရကြပါတယ်။ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေကတော့ တက္ကသိုလ်တစ်ခုနဲ့တစ်ခုမတူကြပါဘူး၊ တချို့တက္ကသိုလ်က အင်္ဂလိပ်စာတတ်ကျွမ်းမှုအဆင့်ဖြစ်တဲ့ TOEFL ၊ IELTS တို့နဲ့သတ်မှတ်သလို တချို့လည်း GCE ၊ SATတို့နဲ့ သတ်မှတ်ကြပါတယ်။

ဒါကိုကြည့်ရင် ကျောင်းသားများအနေနဲ့ မိမိတက်ရောက်လိုတဲ့ တက္ကသိုလ်များကိုလျှောက်ထားခွင့်ရှိတယ်ဆိုတဲ့အခွင့်အရေး ကျင့်သုံးသလို တက္ကသိုလ်များကလည်း မိမိကျောင်းမှာ တက်ရောက်လိုတဲ့ ကျောင်းသားတွေထဲက သူတို့သတ်မှတ်ထားတဲ့ အရည်အချင်းများပြည့်မီသူကိုပဲ ရွေးချယ်စိစစ်ပြီး တက်ရောက်ခွင့်ကိုပြုပိုင်ခွင့်ဆိုတဲ့ အခွင့်အရေးကျင့်သုံးတာတွေ့ရတဲ့အတွက် ဒီမိုကရေစီစံနဲ့ပဲကြည့်ကြည့်၊ လူ့အခွင့်အရေးအနေနဲ့ပဲကြည့်ကြည့် မျှတတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ကျောင်းလျှောက်ထားလိုသူကလည်း လွတ်လပ်စွာ ကျောင်းကိုလျှောက်ထားနိုင်သလို၊ လက်ခံမယ့်ကျောင်းကလည်း ကိုယ့်ကျောင်းမှာလာတက်မယ့်သူတွေကို ကျောင်းရဲ့သတ်မှတ်ချက်နဲ့အညီ ဆန်ခါတင်ရွေးချယ်ကြတာပါ။

နောက်ထပ်အကြံပြုလိုတာတစ်ခုကတော့ ပြင်ဆင်တဲ့ ဥပဒေကြမ်း ပုဒ်မ ၂၂ မှာပါတဲ့ အမျိုးသားပညာရေးဥပဒေအခန်း (၄) အပိုဒ်(ခ) အပိုဒ်ခွဲ (ဇဇ)မှာ **(ဆရာ၊ ဆရာမများသည်) မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာ ရွေးချယ်လျှောက်ထားခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်** ဆိုတဲ့အချက်ဖြစ်ပါတယ်။ မိမိနှစ်သက်ရာကျောင်းကိုသာ ရွေးချယ်ခွင့်ပြုမယ်ဆိုရင် အကြိုက်ချင်းတူချိန်မှာ ဘယ်လိုခွဲခြားတာဝန်ပေးကြမလဲဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။ **ဥပမာအားဖြင့် ရန်ကုန်က နာမည်ကြီးကျောင်း ဒဂုံ (၁)မှာ အမှန်တကယ်ခန့်ထားရမည့် ဆရာ ဆရာမ ဦးရေ ၁၀၀ ရှိတယ်** ဆိုပါစို့။ လျှောက်ထားသူ ၁၀၀၀ ကျော်ရှိနေရင်၊ တစ်ကျောင်းထဲမှာ ဒီလိုသာ စုပုံနေရင် ဘယ်လိုစဉ်းစားဆောင်ရွက်ကြမှာလဲ။ ဟိုး . . စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှာ အထက်တန်းပြဆရာ၊ ဆရာမသုံးဦး လိုအပ်နေချိန်မှာ တစ်ဦးမှ လျှောက်ထားလာခြင်းမရှိရင် ဘယ်လိုဖြေရှင်းဆောင်ရွက်ကြမှာလဲ။ ပြောင်းရွှေ့ခွင့်နဲ့ ပတ်သက်လို့ နယ်စပ်ဒေသတွေကို လိုအပ်ချက်အရ ချက်ချင်းပြောင်းရွှေ့ရမယ်ဆိုရင် ဘယ်လိုစဉ်းစားကြမှာလဲ၊ မသွားချင်ဘူးဆိုတဲ့ ငြင်းဆိုချက်တစ်ခုတည်းနဲ့ ဒီလိုပဲ ဆရာ ဆရာမတွေရဲ့ ဆန္ဒကို ဦးစားပေးပြီး မိမိနိုင်ငံသား၊ တိုင်းရင်းသားကျောင်းသား၊ ကျောင်းသူတွေအပေါ် မျက်နှာလွှဲခဲပစ်လုပ်ရမှာလား၊ သူတို့ကို ပစ်ထားလိုက်တော့မှာလား ဆိုတာတွေထည့်သွင်းတွက်ချက်ရမှာ ဖြစ်ပါတယ်။

ပြီးတော့လည်း ပုဒ်မ ၂၂ အခန်း (၄) အပိုဒ်(င)အပိုဒ်ခွဲ (ကက) မှာ ပါတဲ့ **မိခင်ဘာသာစကားကို ရွေးချယ်အသုံးပြုနိုင်ရန်အတွက် ကျောင်းအလိုက် ကျောင်းအုပ်ချုပ်ရေးအဖွဲ့မှ ဆုံးဖြတ်ခွင့်ရှိသည်**ဆိုတဲ့အပိုဒ်၊ ပုဒ်မ ၂၂ အခန်း (၄) အပိုဒ် (င)အပိုဒ်ခွဲ(ခခ)မှာပါတဲ့ **မိခင်ဘာသာစကားတစ်ခုကို ရွေးချယ်ပြီးပါက မြန်မာစာနှင့် အင်္ဂလိပ်စာကို ဒုတိယဘာသာစကား လေ့လာနည်းများ အသုံးပြုပြီး ကျန်ဘာသာရပ်များကို မိခင်ဘာသာစကားအဖြစ် သင်ကြားသင်ယူခွင့်ရှိသည်**ဆိုတာ ရေးဆွဲတဲ့ပုဂ္ဂိုလ်တွေ သတိမမူမိဘဲ ပါသွားတာလား၊ ဆန္ဒစောတာလား၊ တမင်ပဲ မဖြစ်သင့်မှန်းသိလျက်နဲ့ ဘေးပယောဂကြောင့် ထည့်သွင်းလိုက်တာလားလို့ ကျွန်တော်တို့အားလုံး အထပ်ထပ်အခါခါ ဆွေးနွေးမိပါတယ်။

ဘာကြောင့်လဲဆိုရင် ဒီပြင်ဆင်ချက်ဟာ အမျိုးသားရေးအတွက် သတိပြုစရာဖြစ်နေပါတယ်။ ဘာသာရေးဆိုင်ရာ အယူသည်းမှု၊ လွှမ်းမိုးမှုတွေကို ဆွဲသွင်းနေတာမျိုး၊ ဝှက်ဖဲသဘောလုပ်ထည့်ထားတာကို မမြင်နိုင်တာမျိုး စတဲ့ နောက်ကွယ်ကအချက်တွေကိုလည်း မြင်အောင်၊ တွေ့အောင်ရှာကြဖို့လိုပါတယ်။ ဘာသာရေးကျောင်းတွေ တရားမဝင်မှုလိုပေါက်မှာလည်း တစ်ဖက်က စဉ်းစားစေချင်ပါတယ်။ ပြည်တွင်း၊ ပြည်ပက လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေရဲ့ ထောက်ပံ့မှုကို လွတ်လွတ်လပ်လပ် ယူသင့်၊ မသင့်စဉ်းစားချင့်ချိန်ရမှာ ဖြစ်ပါတယ်။ နောက်ဆက်တွဲအကျိုးအပြစ်တွေကို ရေးဆွဲခဲ့ချိန်မှာ သတိမမူမိလို့ထည့်သွင်းခဲ့တယ်လို့ပဲ ရိုးရိုးသားသားယူဆချင်ပါတယ်။ ဒေသခံဘာသာစကား သင်ယူခွင့်မှာလည်း မိခင်ဘာသာစကားဖြစ်တဲ့ မြန်မာစာ/ မြန်မာစကား ပျောက်မသွားဖို့ စဉ်းစားပေးဖို့လိုပါတယ်။

ယခင်တော်လှန်ရေးကောင်စီအစိုးရ တာဝန်ယူခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော် ၃၀ နီးပါးက မြန်မာစာကို ဦးစားပေးစေလိုတဲ့အတွက် သင်ကြားရေးမှာ မြန်မာမှုပြုခဲ့ကြပြီး အင်္ဂလိပ်စာကို ပဥ္စမတန်းကျမှသာသင်ကြားခဲ့ကြရတဲ့ ယနေ့အချိန်မှာအသက် ၃၀ ကျော်နဲ့ အသက် ၆၀ ဝန်းကျင်ရောက်ရှိနေကြတဲ့ စာရေးသူတို့ အရွယ်အတော်များများဟာ အင်္ဂလိပ်စာအားနည်းကြပါတယ်။ အင်္ဂလိပ်ဘာသာစကားကို ဝါသနာအလျောက် ဒါမှမဟုတ် လူကြီးမိဘများက အမြော်အမြင်နဲ့ စီမံပေးနိုင်ခဲ့ကြလို့သာ ယနေ့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ နိုင်ငံခြားသားတွေနဲ့ ကျွမ်းကျင်စွာ ပြောဆိုဆက်ဆံနိုင်သူတွေ ရှိနေကြတာဖြစ်ပါတယ်။

နောက်ထပ်စဉ်းစားရမှာကတော့ **မိခင်ဘာသာစကားကို** သတ်မှတ်ဖို့ကိစ္စပါ။ အခု NNER နဲ့ ကျောင်းသားများရေးထားတဲ့ ဥပဒေမှာ မိခင်စကားလို့ ပြောထားတဲ့အတွက် တရုတ်လူမျိုး၊ ဘင်္ဂလီလူမျိုးများက အဲ့ဒီဘာသာစကားနဲ့ပဲ စာသင်ခွင့်ရမှာဖြစ်ပါတယ်။ အဲဒီပြဋ္ဌာန်းချက်ဟာ ဘူးသီးတောင်/ မောင်တောလိုဒေသတွေ၊ ကိုးကန့်လိုဒေသတွေမှာ အလွန်အန္တရာယ်ကြီးတဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို ဖြစ်စေပါတယ်။ ဒါကြောင့် တိုင်းရင်းသားများ၏ မိခင်ဘာသာစကားကိုပဲ သတ်သတ်မှတ်မှတ်ခွင့်ပြုတာ ဖြစ်သင့်ပါတယ်။

နောက်ထပ်အကြံပြုလိုတဲ့အချက်က အခန်း(၆)ပုဒ်မ ၃၄ ဖြစ်တဲ့ **ကျောင်းအမျိုးအစားကို အောက်ပါအတိုင်းသတ်မှတ်သည်**ဆိုတဲ့အပိုဒ်မှာ အသစ်ဖြည့်စွက်ထားတဲ့ ပုဒ်မခွဲ (ည)အဖြစ် **အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ကျောင်းများ**ကို အမျိုးအစားအသစ် ထပ်ဖြည့်ထားပါတယ်။ ဒီဖြည့်စွက်ချက်ဟာ ဒီအတိုင်းဖတ်ရင် မသိသာပေမယ့် NNER နဲ့ ကျောင်းသားများက ပယ်ဖျက်လိုက်တဲ့ ပုဒ်မ ၆၈(ခ)နဲ့ ဆက်စပ်လိုက်ရင် အင်မတန်အန္တရာယ်ကြီးပါတယ်။ ပုဒ်မ ၆၈(ခ)က **ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များက ကျောင်းတွေဖွင့်ချင်ရင် ဝန်ကြီးဌာနများက ထုတ်ပြန်ထားတဲ့ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်များနဲ့အညီ ဖွင့်လှစ်ဖို့ သတ်မှတ်ထားတာဖြစ်**ပါတယ်။

ဒေါက်တာသိန်းလွင်တို့က ပုဒ်မ ၆၈(ခ)ကို ဖျက်ပြီး ပုဒ်မ ၃၄ မှာ **ဘာသာရေးကျောင်း**တွေကို ထပ်ဖြည့်လိုက်တဲ့အတွက် ဘာသာရေးအဖွဲ့အစည်းတွေက ဘယ်သူ့ကြီးကြပ်မှုမှမပါဘဲ ကျောင်းတွေကြိုက်သလို ဖွင့်ခွင့်ရတဲ့အပြင် အစိုးရကပါ ထောက်ပံ့ပေးရမယ့် အခြေအနေဖြစ်သွားပါပြီ။ ဘာသာရေးအဖွဲ့တွေကဖွင့်တဲ့ကျောင်းတွေကို အမျိုးသားပညာရေးကဏ္ဍမှာ ထည့်သွင်းခြင်းအားဖြင့် ကျောင်းသားထုအတွင်းကို ဘာသာရေးအစွန်းရောက် အယူအဆတွေ သွတ်သွင်းလာပြီး ပညာရေးကို အနှောင့်အယှက်ဖြစ်နိုင်ပါတယ်။ ဒါကို ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်း၊ အိမ်နီးချင်းနိုင်ငံများ အခြေအနေ၊ ရှေ့ဖြစ်ပေါ်လာနိုင်မယ့် အခြေအနေတွေကို တွက်ဆပြီး မြင်ရမှာဖြစ်ပါတယ်။ လူချင်းအတူတူ၊ သူလည်းလူ၊ ငါလည်းလူ၊ ဘာသာမတူ၊ လူမျိုးမခွဲဘဲ ဆက်ဆံမယ်၊ ကမ္ဘာ့ရွာဖြစ်နေပြီ စသည်ဖြင့် ခပ်မှိန်မှိန် တွေးခေါ်လို့မဖြစ်နိုင်ပါဘူး။ ကိုယ့်နိုင်ငံ၊ ကိုယ့်ရေမြေသဘာဝကို ထည့်သွင်းတွက်ချက်စဉ်းစားဖို့လိုပါတယ်။ ဘယ်သူမှ သမိုင်းတရားခံအဖြစ်ခံချင်မယ်လို့ မထင်ပါဘူး။ ဒါကြောင့် ဘက်စုံထောင့်စုံက စဉ်းစားစေချင်ပါတယ်။

ဒီဥပဒေနဲ့ ပတ်သက်ပြီး သက်ဆိုင်သူတွေ၊ ကျောင်းသားမိဘတွေ စတဲ့ ပြည်သူတစ်ရပ်လုံးက ဆွေးနွေးဖို့လိုပါတယ်။ လူမှုန်းမှာစိုးလို့ ပြောမနေချင်တော့ပါဘူး၊ နောင်မှပြင်လည်းရပါတယ်ဆိုပြီး တွေ့ရှိချက်တွေ၊ မဖြစ်သင့်တာတွေကို ရင်ထဲသိမ်းထားလိုက်လို့လည်း မဖြစ်ပြန်ပါဘူး။ ခုရှုပ်မှနောင်ရှင်းဆိုတာလို ပြည်သူတစ်ရပ်လုံး မဖြစ်သင့်တာ မဖြစ်ရအောင်၊ ဥပဒေတစ်ရပ်ဖြစ်တာမို့ သေချာကျေလည်မှ ပြဋ္ဌာန်းပြီး အရှည်တည်တံ့အောင် ဝိုင်းဝန်းလုပ်ကြစေလိုပါတယ်။ ဖေဖော်ဝါရီ ၁၈ ရက်ထုတ် သတင်းစာတွေမှာလည်း လွှတ်တော်အသီးသီးက ပြည်သူများအနေဖြင့် အကြံပြုချက်တွေ ပေးပို့ကြဖို့ ပေးပို့ရမယ့်လိပ်စာတွေအသေးစိတ်ဖော်ပြပြီး တောင်းခံထားတာကို တွေ့ရှိရပါတယ်။

ပြည်သူတွေရဲ့ အကြံပြုချက်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဉာဏ်အမြော်အမြင်ကြီးစွာနဲ့ ဆွေးနွေးမှုတွေကနေတစ်ဆင့် တစ်တိုင်းတစ်ပြည်လုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် အားလုံးလက်ခံတဲ့၊ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးထားတဲ့၊ အနာဂတ်ကာလမှာ မှတ်ကျောက်အတင်ခံနိုင်တဲ့ ဥပဒေတစ်ရပ်ဖြစ်ပေါ်လာအောင် အားလုံးက ဝိုင်းဝန်းပါဝင်ဆွေးနွေးကြပြီး အကြံပြုပေးကြစေလိုပါတယ်။ ဒီမိုကရေစီရဲ့ အနှစ်သာရဖြစ်တဲ့ အများရဲ့ဆန္ဒကိုလေးစားပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါတယ်။

ပြည်သူ့လွှတ်တော်သတင်း

လယ်သမားများအေးချမ်းစွာလုပ်ငန်းများဆောင်ရွက်နိုင်ရေး အနိုင်ကျင့်မှုများကာကွယ်နိုင်ရေးနှင့်စပ်လျဉ်း၍ ဥပဒေများဖြင့် ကာကွယ်ထားပြီးဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ **"လယ်သမားများအငြင်းပွားမှုကိစ္စတွင် အနိုင်ရရှိသူလယ်သမားများ အေးချမ်းစွာ ဆောင်ရွက်နိုင်ရေးနှင့် အုပ်စုဖွဲ့အနိုင်ကျင့်မှုများကို ကာကွယ်နိုင်ရန်ဥပဒေများ၊ နည်းဥပဒေများ အသစ်ပြဋ္ဌာန်းရန်နှင့် ပြင်ဆင်ရန်အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထိုသို့ဖြေကြားရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုများ ဖြစ်ပွားလာပါက လယ်ယာမြေဥပဒေပုဒ်မ ၂၂ အရ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မူလမှုခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်း၊ ဆုံးဖြတ်ခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ယင်းအဖွဲ့၏ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိပါက လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အဆင့်ဆင့်အယူခံဝင်ရောက်နိုင်ပါကြောင်း။

လယ်ယာမြေဥပဒေပုဒ်မ ၃၅ အရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုတွင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ချမှတ်သောအမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်ထိ ချမှတ်ရမည့်

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဖြေကြားစဉ်။ (သတင်းစဉ်)

အပြင် ငွေဒဏ်အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိလည်း ချမှတ်နိုင်ပါကြောင်း၊ ထို့အပြင် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုတွင် ရှုံးနိမ့်သူ လယ်သမားက အဆိုပါလယ်ယာမြေအတွင်း အဓမ္မ ဝင်ရောက်ထွန်ယက်ပါက သက်ဆိုင်ရာရဲစခန်းသို့ တိုင်ကြားနိုင်ပြီး ရဲစခန်းမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ (ရာဇဝတ်မကင်းသောကျော်နင်းမှု) အရ လည်းကောင်း၊ ထိုကဲ့သို့ ကျူးလွန်မှုသည် သီးနှံပျက်စီးဆုံးရှုံးမှုရှိပါက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ (အကျိုးဖျက်ဆီးမှု) အရ လည်းကောင်း တရားစွဲဆိုနိုင်ပါကြောင်း။

သို့ပါ၍ လယ်သမားများ အေးချမ်းစွာ လယ်ယာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ လူအုပ်စုဖွဲ့ အနိုင်ကျင့်မှုများ ကာကွယ်နိုင်ရေးများနှင့်စပ်လျဉ်း၍ လယ်ယာမြေ ကျူးကျော်မှုများအတွက် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လူကိုသော်လည်းကောင်း၊ ပစ္စည်းကိုသော်လည်းကောင်း ထိခိုက်နစ်နာစေသောပြစ်မှုများ ကျူးလွန်လာပါက ပြစ်မှုဆိုင်ရာဥပဒေ၊ အထူးနှင့် အထွေထွေဥပဒေများဖြင့် ကာကွယ်ထားပြီး ဖြစ်ပါသဖြင့် ဥပဒေ၊ နည်းဥပဒေအသစ်များ ပြဋ္ဌာန်းပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း **"မြို့နယ်များတွင် အရက်လိုင်စင်စီကို မည်ကဲ့သို့ခွင့်ပြုချထားပြီး အရက်ဆိုင်ဖွင့်လှစ်ရောင်းချရာ၌ ဥပဒေအရ မည်ကဲ့သို့ လိုက်နာဆောင်ရွက်မည်နှင့် အရည်အသွေးစံကို မည်သည့်အဖွဲ့အစည်းမှ မည်ကဲ့သို့စစ်ဆေးမည်ကို သိလိုခြင်း" မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက ရှင်းလင်းဖြေကြားရာတွင် ယစ်မျိုးလိုင်စင်လျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ထောက်ခံချက်များနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် (ရုံးချုပ်)သို့ အဆင့်ဆင့်တင်ပြဆောင်ရွက်ပြီး ခွင့်ပြုချက်ရရှိသော ယစ်မျိုးဆိုင်များအား သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးများက လိုင်စင်

ထန်းတပင် မဲဆန္ဒနယ်မှ ဦးသိန်းရီ မေးမြန်းစဉ်။ (သတင်းစဉ်)

ထုတ်ပေးလျက်ရှိပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ ယစ်မျိုးနည်းဥပဒေ (၄) တွင် လိုင်စင်အမျိုးအစားပေါင်း ၄၁ မျိုး ပြဋ္ဌာန်းထားသော်လည်း နှစ်စဉ် ယစ်မျိုးအစီအစဉ်အရ တစ်နှစ်ထက်တစ်နှစ် ယစ်မျိုးလိုင်စင်အရေအတွက်များကိုလျှော့ချ၍ ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ထုတ်လုပ်သောအရက်များကို ဖြန့်ဖြူးရောင်းချရာတွင် အရက်သောက်သုံးသူများအား ကျန်းမာရေးနှင့် ညီညွတ်သောအရက်များကိုသာ အန္တရာယ်ကင်းရှင်းစွာ သောက်သုံးနိုင်ရန်အတွက် ထုတ်လုပ်သည့် အရက်နမူနာများကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဓာတုဗေဒစစ်ဆေးရေးဌာန သို့မဟုတ် ကျန်းမာရေးဝန်ကြီးဌာန၊ ဗဟိုအစားအသောက်နှင့် ကွပ်ကဲရေးဦးစီးဌာနတို့တွင် သောက်သုံးရန် သင့်၊ မသင့် စစ်ဆေးခံရန်နှင့် သောက်သုံးရန်သင့်သော ထောက်ခံချက်ရရှိမှသာ အရက်များကို ဖြန့်ဖြူးရောင်းချစေလျက် ရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုထားရှိသည့် အရက်ချက်စက်ရုံလိုင်စင် D-1 (၇၃) ခု၊ ပေါင်းဖိုလိုင်စင် CS-2 (၁၈၉) ခုတို့ကို ဓာတုဗေဒစစ်ဆေးမှုခံယူစေခဲ့ပြီး စစ်ဆေးမှုခံယူခြင်းမရှိသော D-1 လိုင်စင်(၆) ခု၊ CS-2 လိုင်စင် (၂၁) ခုတို့အား အရက်ချက်လုပ်မှု ယာယီ ပိတ်သိမ်းခဲ့ပါကြောင်း။

ဓာတုဗေဒစစ်ဆေးမှုခံယူသည့် လိုင်စင်များအနက် စစ်ဆေးသည့်ဌာနမှသောက်သုံးရန် အရည်အသွေးမပြည့်မီကြောင်း စစ်ဆေးတွေ့ရှိရပါက ထုတ်လုပ်ဖြန့်ဖြူးမှုကို ယာယီပိတ်ပင်ကာ ပြန်လည်စစ်ဆေးမှုကို ခံယူစေပါကြောင်း၊ ထို့နောက် သောက်သုံးရန်သင့်လျော်သည့် အရည်အသွေးရှိကြောင်း ထောက်ခံချက် ပြန်လည်ရရှိမှသာ ထုတ်လုပ်ဖြန့်ဖြူးခြင်းကို ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ တရားမဝင် အရက်ပုန်းဆိုင်များ မရှိစေရေးနှင့် အရည်အချင်းပြည့်မီသောအရက်များကိုသာ ရောင်းနိုင်ရေးအတွက် ယစ်မျိုးလုပ်ငန်း စိစစ်ကြပ်မတ်ရေးအဖွဲ့ငယ်၊ သတင်းစုံစမ်းဖော်ထုတ်ရေးအဖွဲ့ငယ်၊ တားဆီးနှိမ်နင်းရေး အဖွဲ့ငယ်များဖွဲ့စည်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးတရားစွဲဆို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရက်ဆိုင်အရေအတွက် လျှော့ချရေး၊ အရက်ပုန်းဆိုင်များပပျောက်ရေး၊ လိုင်စင်ခွင့်ပြုချက်ရရှိထားသော ယစ်မျိုးဆိုင်များမှ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသော အရက်များကိုသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးများနှင့်စပ်လျဉ်း၍ ယစ်မျိုးအက်ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးက **" အဝေးပြေးလမ်းမကြီးများ ဖြစ်ကြသော AH-1, AH-2 လမ်းမများဘေးတွင် မူလကတည်းက မူလလမ်းမကြီး အကျယ်ပေ(၁၀၀) သတ်မှတ်ချက်ဘေးတွင် နေထိုင်ကြသော ပြည်သူများအား ယခုအခါ လမ်းမကြီးအကျယ်ပေ (၂၃၀) သတ်မှတ်သဖြင့် လမ်းမကြီး ဥပဒေသစ်အရ ကျူးကျော်ဟု သတ်မှတ်ပြီး တရားစွဲဆို အရေးယူအပြစ်ပေးခြင်းများရှိလာနိုင်သဖြင့် မူလကတည်းက တည်ရှိသော မြို့၊ ရွာ လမ်းမဘေးနေအိမ်ခြံဝင်းများအား တရားစွဲဆို အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးရန် နိုင်ငံတော် အစိုးရအားတိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်သတင်း

လူမှုဖူလုံရေးအိမ်ရာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆောင်ရွက်နိုင်မည့်အခြေအနေသို့ရောက်ရှိပါက စီစဉ်ဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး၏ **၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ လူမှုဖူလုံရေးအိမ်ရာများ ထူထောင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို စတင်အကောင်အထည်ဖော်သည့်အခါ ပုဒ်မ -၁၀၀ နှင့်အညီ အာမခံစနစ်များကို အဆင့်ဆင့်အကောင်အထည်ဖော်ရာတွင် အခြားလူမှုဖူလုံရေးစနစ် (အိမ်ရာစီမံကိန်း)ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဏ္ဍာရန်ပုံငွေဖူလုံမှုတို့အပေါ်တွင်မူတည်၍ လာမည့်ဘဏ္ဍာရေးနှစ်များတွင် အခြေအနေအရပ်ရပ်ကိုစဉ်းစားသုံးသပ်ပြီး အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ အိမ်ရာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ အာမခံလုပ်သားများက ၎င်းတို့ဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းကို အိမ်ရာစီမံကိန်းအတွက် ဆန္ဒအလျောက် ထည့်ဝင်ရမည်ဖြစ်ပါကြောင်း၊ နည်းဥပဒေ-၁၆၉ တွင် ဖော်ပြထားသည့် လူမှုရေးအိမ်ရာ စီမံကိန်းတွင် ထည့်ဝင်ကြေးပေးသွင်းသူ

ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ဖြေကြားစဉ်။ (သတင်းစဉ်)

များသည် အိမ်ရာတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ထည့်ဝင်ပြီးလျှင်သော်လည်းကောင်း၊ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေနှင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှစ်ရပ်ပေါင်းအရ ပေးသွင်းထားသည့် ထည့်ဝင်ကြေးကာလ လပေါင်း (၁၈၀) ရှိပြီး အိမ်ရာတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို တစ်လုံးတည်းပေးချေနိုင်လျှင်သော် လည်းကောင်း လူမှုဖူလုံရေးအိမ်ရာ ဝယ်ယူခွင့်ရှိမည်ဖြစ်ပါကြောင်း၊ နည်းဥပဒေ -၅၅ (ဃ) အရ အလုပ်သမားဘက်မှလည်း မိမိတို့ဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းကို လစဉ်ထည့်ဝင်နိုင်မည့်အခြေအနေရှိရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊

လက်ရှိအချိန်တွင် လူမှုဖူလုံရေးဥပဒေအသစ် အသက်ဝင်မှုအချိန်ကာလ မကြာမြင့်သေးသော်လည်း ပြဋ္ဌာန်းဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကျိုးသက်ရောက်မှုများစွာရှိနေပါကြောင်းနှင့် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် လူမှုဖူလုံရေးရန်ပုံငွေများ ဆုံးရှုံးမှုမရှိစေရန်အတွက် လူမှုဖူလုံရေးအိမ်ရာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြေအနေအရပ်ရပ်ကို စဉ်းစားသုံးသပ်ပြီး ဆောင်ရွက်နိုင်မည့် အခြေအနေသို့ ရောက်ရှိချိန်တွင် ဆက်လက်စီစဉ်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးစောမော်ထွန်း၏ **တိုင်းပြုပြည်ပြု လွှတ်တော်ညီလာခံကျင်းပရာ ရန်ကုန်မြို့အတွင်းဝန်ရုံးရှိ သမိုင်းဝင်ပါလီမန်အဆောက်အအုံကို အများပြည်သူ လေ့လာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) အဆောက်အအုံအား ရှေးမူမပျက် စနစ်တကျလေ့လာ မွမ်းမံပြင်ဆင်ထိန်းသိမ်းထားရှိနိုင်ရန်အတွက် ပြတိုက်အသွင်ဆောင်ရွက်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က တင်ဒါခေါ်ယူ၍ အနော်မာအနုပညာအဖွဲ့ ကုမ္ပဏီလီမိတက်ကို ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း၊ ကုမ္ပဏီသည်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး မေးမြန်းစဉ်။ (သတင်းစဉ်)

အဆိုပါဝန်ကြီးများရုံးတွင် သမိုင်းပြတိုက်အဖြစ် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသွားသည့်အခန်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနောက်ဆုံးရုံးထိုင်သွားသည့်အခန်းနှင့် တိုင်းပြုပြည်ပြုလွှတ်တော် ညီလာခံကျင်းပခဲ့ရာ သမိုင်းဝင်ပါလီမန်အဆောက်အအုံနေရာများတွင် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်၍ အများပြည်သူလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးမျိုးမြင့်၏ **မြန်မာနိုင်ငံ၏အနာဂတ် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှုတွင် မှုတခြေရှိ၍ အာမခံနိုင်သော စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်** စပ်လျဉ်း၍ ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၆) မှ ဒေါ်နန်းနီနီအေးက နိုင်ငံတော်၏ သဘာဝရေအရင်းအမြစ်၊ ရေသယံဇာတများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအတွက် ကုစားလုပ်ဆောင်နိုင်သည့်အစီအမံများမှ ထွက်ပေါ်လာမည့် အကျိုးအမြတ်များအား အပေါင်းဘက်တွင်ရှိနေမှသာ နေ့စဉ်ရင်ဆိုင်နေကြရသည့် လျှပ်စစ်လုံလောက်စွာမရရှိမှု အခက်အခဲများမှ လွတ်မြောက်နိုင်မည်ဟု သုံးသပ်လိုပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးစိုးမြင့်က ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နောင်အနာဂတ် လျှပ်စစ်လိုအပ်ချက်များကိုမျှော်မှန်း၍ စီမံချက်အမျိုးမျိုးဖြင့် ဓာတ်အားထုတ်ယူရရှိရေး၊ ဝယ်ယူသုံးစွဲနိုင်ရေးတို့ကို ရပ်တန့်ခြင်းမရှိဘဲ ဦးစားပေးလုပ်ဆောင်လျက်ရှိနေကြသည်ကို အထင်အရှားတွေ့မြင်နေရပါကြောင်း၊ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီမံဆောင်ရွက်လျက်ရှိသည့် အချိန်တိုအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးရရှိနိုင်မည့် ရေရှည်အာမခံနိုင်သည့် လျှပ်စစ်ဓာတ်အားရှိနိုင်မည့် လျှပ်စစ်စီမံကိန်းကြီးများကို လုံလောက်သည့် အချိန်ပေးပြီး ဘက်ပေါင်းစုံမှ ဖြစ်မြောက်နိုင်စွမ်းရှိမှုအပေါ် အခြေခံ၍ တာဝန်ယူသည့်အဖွဲ့အစည်းများက လုပ်သာကိုင်သာရှိအောင် ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင်က ၂၀၁၄ ခုနှစ်အတွင်း လျှပ်စစ်နှင့်ပတ်သက်၍ အနုတ်သဘောဆောင်သည့် ရှုထောင့်အမြင်များ၊ ဝေဖန်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက် အဟန့်အတားဖြစ်စေခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသည် လျှပ်စစ်မီး အမှန်တကယ်လိုအပ်လျက်ရှိနေပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ထိခိုက်မှုကင်းသည့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုများကို သားစဉ်မြေးဆက် အသုံးပြုနိုင်ရန် ထုတ်ယူဆောင်ရွက်ကြရမည်၊ အားပေးကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ရေးအတွက် အသိပညာပေးရေး လုပ်ငန်းများကိုလည်း ကျယ်ပြန့်စွာလုပ်ဆောင်ရန်လိုအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးပြီး အဆိုအား လွှတ်တော်က အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

■ ရှေ့ဖုံးမှ

ထို့ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားတိုးတက်ရေးတည်းဟူသော ပြည်သူတို့၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းရန်ဟူသည့် မျှော်မှန်းချက်ဖြင့် "အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်တည်ဆောက်ရန်"ဟူသည့် နိုင်ငံတော်၏ မျှော်မှန်းချက် (Vision) ကို ချမှတ်ထားပါကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်တာဝန် (Mission) မှာ ခရစ်နှစ် ၂၀၂၀ တွင် မြန်မာနိုင်ငံအား စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန်၊ အဆင်းရဲဆုံးနိုင်ငံ (LDC) အဖြစ်မှ လွတ်မြောက်အောင် ဆောင်ရွက်ရန်၊ အလယ်အလတ်အဆင့် ဝင်ငွေရရှိသောနိုင်ငံဖြစ်အောင် ဆောင်ရွက်ရန်စသည့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန်ဟူ၍ နိုင်ငံတော်သမ္မတကြီးက ချမှတ်ထားပါကြောင်း။

ယနေ့သင်တန်းဆင်းကြသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများသည် နိုင်ငံတော်သမ္မတ၏ သင်တန်းဖွင့်မိန့်ခွန်း၌ ပြောကြားခဲ့သကဲ့သို့ အစိုးရအုပ်ချုပ်ရေးယန္တရားကို ဦးဆောင်မောင်းနှင်ကြမည့်သူများဖြစ်ကြပြီး သင်တန်းတွင်ထိုက်သင့်သည့် အတွေ့အကြုံဗဟုသုတများရရှိပြီး ဖြစ်ပါကြောင်း၊ အရာရှိကြီးများအားလုံး၏ ပြုပြင်ပြောင်းလဲလိုစိတ်၊ သန္နိဋ္ဌာန်ခိုင်မာမှုရှိပြီးဖြစ်သည့်အတွက် နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ တတိယအဆင့် အရှိန်မြှင့်တင်မှုအတွက် မိမိတို့ဝန်ကြီးဌာနအလိုက် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသောဝန်ကြီးဌာနများဖြစ်စေရန် အရှိန်မြှင့်တင်ဆောင်ရွက်ပေးကြရန် အကြံပြုလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား ဗဟိုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦး၊ လွှတ်တော်များမှ ကိုယ်စားလှယ်တစ်ဦးနှင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်တစ်ဦးတို့အား ပေးအပ်ခဲ့သည်။

ယင်းနောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက သင်တန်းနှင့်ပတ်သက်သည့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နေ့လယ်စာအတူတကွ စားသုံးခဲ့ကြသည်။

အဆင့်မြင့်အရာရှိကြီးများအထူးမွမ်းမံသင်တန်းကို နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်ဖြင့် ဇန်နဝါရီ ၁၉ ရက်မှစတင်ပြီး လုပ်ငန်းခွင်မပျက် ညနေပိုင်းသင်တန်းကာလ တစ်လကြာဖွင့်လှစ်ခဲ့ပြီး (ယနေ့)ဖေဖော်ဝါရီ ၁၉ ရက်တွင် သင်တန်းဆင်းခဲ့ခြင်းဖြစ်သည်။

ယခုဖွင့်လှစ်ခဲ့သည့် သင်တန်းတွင် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး ၆၆ ဦးတက်ရောက်ခဲ့ပြီး နည်းပြအဖြစ် ပြည်ထောင်စုဝန်ကြီး ၁၂ ဦး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး နှစ်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြင်ပနည်းပြသုံးဦး၊ နိုင်ငံတော်သမ္မတအကြံပေးနှစ်ဦး၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ OECD နှင့် ကမ္ဘာ့ဘဏ်တို့မှ ကျွမ်းကျင်ပညာရှင် ခြောက်ဦးတို့က ဆွေးနွေးပို့ချခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သင်တန်းသားများကိုယ်စား ဗဟိုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်အတွက် အသက်စွန့်လှူသွားသော တပ်မတော်သားများ၏ သား၊ သမီးများပညာရေးအတွက် ထူးဖောင်ဒေးရှင်းက အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ရင်း အသက်စွန့်လှူသွားသော တပ်မတော်သားမိသားစုများ၏ သားသမီးများ ပညာရေးအတွက် ထူးဖောင်ဒေးရှင်း နာယကဦးတေဇ၏ စီစဉ်ညွှန်ကြားမှုဖြင့် ထူးဖောင်ဒေးရှင်း တာဝန်ရှိသူများက အလှူငွေကျပ်သိန်းတစ်ထောင်ကို ဖေဖော်ဝါရီ ၁၇ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထူးဖောင်ဒေးရှင်းနာယက လှူဒါန်းသောငွေကျပ်သိန်းတစ်ထောင်ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထူးဖောင်ဒေးရှင်း အနေဖြင့် တိုင်းပြည်၏ အချုပ်အခြာအာဏာကို ကာကွယ်ရင်း နိုင်ငံအတွက် အသက်ပေးလှူခဲ့သည့် တပ်မတော်သားများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် ကျန်ရစ်ခဲ့သည့် မိသားစုများ၏ သားသမီးများပညာရေးအတွက် ကူညီလှူဒါန်းနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားသည်။ **(မြန်မာ့အလင်း)**

ချီလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ချီလီသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ ဟာဗီယာ အန်ဒရက်စ် ဘက်ကာ-မာရှယ်လ်အား ခန့်အပ်ရန် ချီလီသမ္မတနိုင်ငံအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်ပါသည်။

မစ္စတာ ဟာဗီယာ အန်ဒရက်စ် ဘက်ကာ-မာရှယ်လ်သည် ၁၉၇၉ ခုနှစ်မှ စတင်၍ ချီလီနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ကင်ညာ၊ ဩစတြီးယား၊ ကိုလံဘီယာ၊ နော်ဝေ၊ အမေရိကန်ပြည်ထောင်စုနှင့် ဆွစ်ဇာလန်နိုင်ငံတို့ရှိ ချီလီသံရုံးများနှင့်အဖွဲ့ရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကနေဒါနိုင်ငံ ချီလီသံရုံး၌ သံမှူးကြီး/သံရုံး ဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်း ဆောင်ခဲ့ပါသည်။ ၎င်းသည် ၂၀၁၁ ခုနှစ်မှ ယနေ့အထိ ထိုင်းနိုင်ငံဆိုင်ရာ ချီလီနိုင်ငံသံအမတ်ကြီးအဖြစ် တာဝန် ထမ်းဆောင်လျက်ရှိပါသည်။

မစ္စတာ ဟာဗီယာ အန်ဒရက်စ် ဘက်ကာ-မာရှယ်လ်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ချီလီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းရွက်ကြသော တပ်မတော်သားများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အလှူငွေများပေးအပ်

မန္တလေး ဖေဖော်ဝါရီ ၁၉

လောက်ကိုင်ဒေသတွင် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို သက်စွန့် ကြိုးပမ်းထမ်းရွက်နေကြသော တပ်မတော်သားများနှင့် မှီခိုသူမိသားစုများ၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအတွက် အလှူငွေများ လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အဖွဲ့အစည်းဝင်များ၊ ဒုတိယတိုင်းမှူးနှင့် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ဆက်လက်၍ အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်းဒေသကြီးအတွင်းမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့ ၃၄ ဦးတို့က လှူဒါန်းငွေကျပ် ၁၈၀၅ သိန်းလေးသောင်းနှင့် အလှူရှင်များ လှူဒါန်းသည့် စားသောက်ဖွယ်ရာများကို တာဝန်ရှိသူတို့က လက်ခံယူခဲ့ကြပြီး အလှူရှင်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကြောင်း သိရသည်။

ထို့အပြင် နေရပ်ပြန်ပြည်သူများကို သွားလာမှုအဆင်ပြေစေရေးအတွက် ကျွဲဆည်ကန်ကားကြီးဝင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့် လူမှုရေးအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းအထိ လူဦးရေ ၄၄၅၉ ဦးတို့ကို မော်တော်ယာဉ် ၁၇၉ စီးဖြင့် ပို့ဆောင်ပေးလျက်ရှိသည့်အပြင် ထမင်းထုပ်များ၊ ရေသန့်ဘူးများကို ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း သိရသည်။

တင်မောင် (မန္တလေး)

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေ လောက်ကိုင်ဒေသတွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရင်း တိုက်ပွဲကျ၊ ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်မိသားစုများအတွက် သီရိမင်္ဂလာအုပ်စု ကုမ္ပဏီလီမိတက်မှ ဦးအောင်မြတ်ခိုင် (အုပ်ချုပ်မှုဒါရိုက်တာ)၊ ဦးတိုးကြိုင်(ဒါရိုက်တာ) တို့က အလှူငွေကျပ်သိန်း ၅၀ ကို ရန်ကုန်တိုင်းဒေသကြီးစစ်ဌာနချုပ် တိုင်းမှူးထံသို့ ဖေဖော်ဝါရီ ၁၇ ရက်က သွားရောက်လှူဒါန်းစဉ်။
(မြန်မာ့အလင်း)

ဒုတိယအကြိမ် အမျိုးသမီးလမ်းလျှောက်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

"အမျိုးသမီးများကျန်းမာဖို့ စုပေါင်းပါဝင်လမ်းလျှောက်စို့" ဆောင်ပုဒ်နှင့်အညီ ကျင်းပမည့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် အမျိုးသမီးလမ်းလျှောက်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်(တနင်္ဂနွေနေ့)နံနက် ၅နာရီခွဲတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ သုဝဏ္ဏမိုးလုံလေလုံ အားကစားကွင်းရှေ့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်**

ပြည်တွင်းသတင်း

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီးတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဦးဆောင်ကျင်းပမည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို မတ် ၄ ရက်(မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် တပေါင်းလပြည့်နေ့)တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဘွဲ့ခံဆရာတော် ၁၅၃ ပါး၊ ဘွဲ့ခံသီလရှင် ၁၃ပါး၊ ဘွဲ့ခံလူပုဂ္ဂိုလ် ၄၁ ဦးအား ဘွဲ့တံဆိပ်တော်များကပ်လှူပူဇော်မည်ဖြစ်သည်။

ထို့အတူ နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်ကြီး၌ ရွှေကြာသင်္ကန်းတော်ကပ်လှူခြင်း၊ ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ညနေပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပေါင်းကူးဆက်သွယ်ပေးမည့် အုပ်ချုပ်ရေးယန္တရား

လာမည့်နှစ်ကုန်တွင် အထွေထွေရွေးကောက်ပွဲကျင်းပကာ အစိုးရတစ်ရပ်ကို ပြန်လည်ဖွဲ့စည်းတော့မည်ဖြစ်သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စတင်သည်နှင့် စိတ်သစ်လူသစ်၊ ဖွဲ့စည်းပုံအသစ်နှင့် ပြည်သူများလိုလားသည့် အုပ်ချုပ်မှုယန္တရားဖြစ်စေရန် ပြောင်းလဲတော့မည်။ ထိုသို့ အစိုးရတစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား၊ ဒီမိုကရေစီအစိုးရ သက်တမ်းတစ်ခုနှင့် တစ်ခုအကြား အကူးအပြောင်းကာလ၌ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကဏ္ဍအလိုက် မဟာဗျူဟာလုပ်ငန်းစဉ်များ၊ နည်းဗျူဟာများအကောင်ထည်ဖော်ရာတွင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီလုပ်ဆောင်နိုင်ရန် ယခင်တစ်ခေတ်တစ်ခါ ပါလီမန်ဒီမိုကရေစီခေတ်ကရှိခဲ့သည့် အတွင်းဝန်များရုံးကို ပြန်လည်ဖွဲ့စည်းတော့မည် ဖြစ်သည်။

ဝန်ထမ်းအဖွဲ့အစည်းများမှ အကြီးအမှူးများသည် အစိုးရအုပ်ချုပ်ရေးယန္တရားကို ဦးဆောင်မောင်းနှင်မည့် Key Driver များဖြစ်ရာ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး ၆၆ ဦး ပါဝင်သည့် အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်းကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့်နေပြည်တော်၌ တစ်လကြာဖွင့်လှစ်ခဲ့သည်။ ယင်းသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် သင်တန်းသား အဆင့်မြင့်အရာရှိကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းခဲ့သည်။

“လုပ်ငန်းတွေကို တာဝန်ခံပြီး ဘယ်လို စီမံခန့်ခွဲရမလဲ၊ ကျန်တဲ့ဝန်ကြီးဌာနတွေနဲ့ ဘယ်လို ပူးပေါင်းဆောင်ရွက်ရမလဲဆိုတာတွေကို ဒီသင်တန်း ပြီးတဲ့အခါမှာ သိမြင်နားလည်သွားလိမ့်မယ်”

ဒေါက်တာစန်းလွင် (ဒုတိယဝန်ကြီး)
သမ္မတရုံးဝန်ကြီးဌာန

ဝန်ကြီး၊ ဒုတိယဝန်ကြီးဆိုတာက အစိုးရသက်တမ်းတစ်ခုပြီးသွားတဲ့အခါမှာ အပြောင်းအလဲရှိနိုင်ပါတယ်။ အဲဒီတော့ နောင်ဆက်ခံမယ့် ဝန်ကြီး၊ ဒုတိယဝန်ကြီးတွေဟာ သက်ဆိုင်ရာသူတို့ဝန်ကြီးဌာနရဲ့ မူဝါဒတွေကို နားလည်သဘောပေါက်ဖို့အတွက် လိုအပ်ပါတယ်။ ဒါတွေကိုရှင်းလင်းတင်ပြပေးနိုင်ဖို့အတွက် အခုလက်ရှိ အတွင်းဝန်ကိုဆက်ခံမယ့် အရာရှိကြီးတွေမှာ တာဝန်ရှိပါတယ်။ ဝန်ကြီးအလွှဲအပြောင်းမှာ ဝန်ကြီးဌာနကို တာဝန်ခံပြီး စီမံခန့်ခွဲဖို့အတွက်လည်း တာဝန်ရှိသူတွေ ဖြစ်ပါတယ်။

ဒီသင်တန်းမှာအကြောင်းအရာခေါင်းစဉ် ၂၀ ကျော် ပို့ချပေးပါတယ်။ အဓိက သင်ကြားပို့ချပေးခဲ့တဲ့ အကြောင်းအရာတွေကတော့ Public Policy (ပြည်သူ့ရေးရာ မူဝါဒ)၊ Public Administration (ပြည်သူ့ရေးရာစီမံခန့်ခွဲမှု)၊ Management and Leadership (စီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှု)၊ Clean Government and Good Governance (သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေး)၊ Decentralization (ဗဟိုချုပ်ကိုင်မှု လျှော့ချရေး) စတဲ့ ခေါင်းစဉ်အမျိုးမည် ၂၀ကျော် ပါတယ်။ ဒီခေါင်းစဉ်တွေကို နားလည်သဘောပေါက်ခြင်းအားဖြင့် နောင်တစ်ချိန်ကျရင် အမြဲတမ်းအတွင်းဝန်ရာထူးကို တာဝန်လွှဲပြောင်းယူကြမယ့် သက်ဆိုင်ရာအဆင့်မြင့် အရာရှိကြီးများအနေနဲ့ မိမိတို့လုပ်ငန်းတာဝန်တွေကို လွှဲပြောင်းယူတဲ့အခါမှာ ဘယ်လိုစီမံခန့်ခွဲပြီးတော့ လွှဲပြောင်းပေးမယ်၊ အမြဲတမ်းအတွင်းဝန်အနေနဲ့ တာဝန်ခံပြီး ဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေရဲ့အောက်မှာ လုပ်ငန်းတွေကို တာဝန်ခံပြီး ဘယ်လိုစီမံခန့်ခွဲရမလဲ၊ ကျန်တဲ့ဝန်ကြီးဌာနတွေနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်ရမလဲဆိုတာတွေကို ဒီသင်တန်းပြီးတဲ့အခါမှာသိမြင်နားလည်သွားလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဦးစံရွှေအောင်၊ ညွှန်ကြားရေးမှူးချုပ်
နယ်စပ်ရေးရာဝန်ကြီးဌာန

ဒီသင်တန်းမှာ အဓိကကတော့ ဒီမိုကရေစီစနစ်ကိုသွားတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံအတွက် မရှိမဖြစ်လိုအပ်တဲ့ စနစ်တစ်ခုနဲ့တစ်ခု၊ အစိုးရတစ်ခုနဲ့တစ်ခု အပြောင်းအလဲမှာ အပြည်ပြည်ဆိုင်ရာကအတိုင်း အစိုးရယန္တရားကြီးတစ်ခုကို ထိန်းသိမ်းဖို့ ဝန်ကြီးဌာနတွေမှာ အတွင်းဝန်စနစ်တွေ၊ အတွင်းဝန်ရာထူးတွေကို ခန့်ဖို့အတွက် စနစ်တကျလိုအပ်တဲ့ အချက်တွေကိုလေ့ကျင့်ပေးတဲ့ သင်တန်းဖြစ်ပါတယ်။

ဒီသင်တန်းမှာ ဝန်ကြီးဌာနတစ်ခုမှာ အရေးတကြီးလိုအပ်တဲ့

ဦးစံရွှေအောင်

ဦးထွန်းထွန်းနိုင်

ဦးကျော်ဆန်း

ဝန်ထမ်းများကို စီမံခန့်ခွဲမှုအပိုင်း၊ ဦးဆောင်မှုအပိုင်း၊ နိုင်ငံတော်အစိုးရက မူဝါဒချမှတ်ချက်တွေကို အကောင်ထည်ဖော်ရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုစတဲ့ အပိုင်းတွေကို ဝန်ကြီးတွေက စနစ်တကျနဲ့ သင်ပေးပြီးတော့ အတွင်းဝန်ရုံးဖွဲ့စည်းတဲ့အခါမှာ စနစ်တကျဆောင်ရွက်နိုင်ဖို့ကိစ္စတွေကို အသေးစိတ်သင်ပေးပါတယ်။

ချမှတ်ထားတဲ့ မူဝါဒတွေအတိုင်း ဝန်ထမ်းအဖွဲ့အစည်းကို အရှိန်အဟုန်နဲ့ ဆက်လက်သွားနိုင်ဖို့ ဖြစ်ပါတယ်။ အခု ဒီကိစ္စတွေကိုစနစ်တကျ စီစဉ်နေပါတယ်။ ဒီသင်တန်းမှာ သင်ကြားခဲ့တဲ့ ပညာရပ်တွေကို နိုင်ငံတော်အစိုးရအဖွဲ့က ညွှန်ကြားတဲ့အခါမှာ စတင်ပြီးအသုံးပြုပါမယ်။

ဦးကျော်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

အထူးအားဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအပါအဝင် ဝန်ကြီးဌာန အသီးသီးရဲ့လုပ်ငန်းတာဝန်တွေနဲ့ လုပ်ပိုင်ခွင့်တွေကို သင်ကြားတယ်။ ဖွဲ့စည်းမှုနဲ့ စီမံခန့်ခွဲမှုတွေ၊ အုပ်ချုပ်ရေးပိုင်းမှာကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်၊ သန့်ရှင်းတဲ့အစိုးရ ဖြစ်ပေါ်လာရေး အရေးကြီးပုံ၊ တာဝန်ရှိမှု၊ တာဝန်ခံမှုတွေ၊ ဒီအဖွဲ့အစည်းတွေရဲ့ အကြီးအမှူးအဖြစ် တာဝန်ယူပြီး မိမိလုပ်ငန်းတာဝန်တွေကို ဆောင်ရွက်တဲ့နေရာမှာ ပြည်သူကို အခြေပြုပြီး ပြည်သူအကျိုးရှိမယ့် ရလဒ်ကောင်းတွေ ပေါ်ထွက်လာအောင်ဘယ်လိုဆောင်ရွက်ကြမလဲဆိုတဲ့ အုပ်ချုပ်ရေးနည်းနာ၊ နိဿယတွေကို ဆွေးနွေးကြတာ ဖြစ်ပါတယ်။ အတွင်းဝန်ရုံးတွေ ဖွဲ့စည်းပြီးတဲ့အခါ နောက်ဖြစ်ပေါ် လာမယ့်အစိုးရအဖွဲ့ဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေနဲ့ အတွင်းဝန်ရုံးတွေအကြားမှာ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေ သတ်မှတ်ပေးဖို့ဆိုတဲ့ ကဏ္ဍတွေပါတယ်။

မြန်မာနိုင်ငံမှာ အရင်က ပါလီမန်ဒီမိုကရေစီခေတ်မှာ အတွင်းဝန်ဆိုတာရှိခဲ့ပါတယ်။ ဒီအတွင်းဝန်ဆိုတာက ပြည်သူ့ဝန်ထမ်းတွေကနေ လေ့ကျင့်၊ တဖြည်းဖြည်းတက်လာပြီး စီမံခန့်ခွဲတဲ့ အုပ်ချုပ်ရေးအရာရှိတွေဖြစ်ပါတယ်။ ဝန်ကြီးဌာန နယ်ပယ်အသီးသီးမှာ အကုန်လုံး အုပ်ချုပ်နိုင်စွမ်းရှိအောင် သူတို့ကို လေ့ကျင့်သင်ကြားပေးထားတယ်။ ဒါတွေက ရှိခဲ့တယ်။ အဲဒီကနေပြီး အုပ်ချုပ်ရေးခေတ်စနစ်တွေ ပြောင်းလာတဲ့ အခု ဒီအချိန် ပါလီမန်ဒီမိုကရေစီစနစ်ကို ပြန်ထူထောင်တဲ့အချိန်မှာ အတွင်းဝန်တွေရဲ့ ကဏ္ဍကလိုအပ်လာပြီလို့ နိုင်ငံတော်ကသုံးသပ်လာတယ်။ ဒါကြောင့် နိုင်ငံရေးအရ တာဝန်ယူဆောင်ရွက်ကြမယ့် ဝန်ကြီး၊ ဒုတိယဝန်ကြီးတွေ၊ အမြဲတမ်းဆောင်ရွက်နေကြတဲ့ ပြည်သူ့ဝန်ထမ်းတွေကြားထဲမှာ အတွင်းဝန်ရုံးကို ဖွဲ့စည်းပေးလိုက်တာဟာ ပေါင်းစပ်ပေးတဲ့ပေါင်းကူးသဖွယ်ဖြစ်လာမှာဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်မှုတွေ ပိုပြီးလွယ်ကူလာမယ်။ နောင်ပေါ်လာမယ့် အစိုးရရဲ့ယန္တရားထဲမှာသူတို့ကတင်ပြနိုင်မယ်။ ကြားထဲမှာလည်း လွှတ်တော်ကိုလည်း အစီရင်ခံတင်ပြတာတွေ ဆောင်ရွက်လာနိုင်မယ်လို့ ရည်ရွယ်ပြီး အတွင်းဝန်ရုံးကို ဖွဲ့စည်းတာဖြစ်ပါတယ်။ အုပ်ချုပ်ရေးစနစ်ရဲ့ အကောင်အထည်ဖော်မှုဟာ လက်ရှိရှိနေတဲ့ နိုင်ငံရေးပုံသဏ္ဌာန် ယန္တရားပြောင်းလဲလာတာနဲ့အညီ ချောမွေ့တဲ့ ယန္တရားဖြစ်အောင် ပေါင်းစပ်ညှိနှိုင်းပေးမှာ ဖြစ်ပါတယ်။ အောက်ခြေမှာလည်းဒီလိုပါပဲ။ တိုင်းဒေသကြီးနဲ့ ခရိုင်အဆင့်မှာဗဟိုထားပြီး ပြည်သူကိုဗဟိုပြုတဲ့စနစ်နဲ့ အုပ်ချုပ်သွားဖို့အတွက် စီမံဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီအတွက် ရည်ရွယ်ပြီးသင်တန်းတွေပို့ချနေတယ်။ ယန္တရားတွေကိုပြောင်းဖို့အတွက် ခြေလှမ်းအသစ်တွေကိုစပြီး ပြင်ဆင်နေတာဖြစ်ပါတယ်။ အခုကတော့ စတင်ဆောင်ရွက်နေပြီ ဖြစ်တဲ့အတွက် အကောင်းဆုံးရလဒ်တွေ ထွက်ပေါ်လာအောင် နိုင်ငံတော်သမ္မတရဲ့ မူဝါဒတွေနဲ့အညီ အားလုံးဝိုင်းပြီး ကြိုးစားဆောင်ရွက်ကြတာဖြစ်ပါတယ်။

ဦးထွန်းထွန်းနိုင်၊ ညွှန်ကြားရေးမှူးချုပ်
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ဒီသင်တန်းက ဗဟုသုတအသိပညာတွေ အများကြီးရပြီး ကောင်းမွန်တဲ့ သင်တန်းဖြစ်ပါတယ်။ ဖွင့်ဖို့လည်း ကောင်းတဲ့ သင်တန်းဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနတွေကနေ တာဝန်အသီးသီးယူ ဆောင်ရွက်လာတာ ကြာပါပြီ။ ဒီလိုသင်တန်းမျိုးကို တက်ရောက်တဲ့အတွက်တစ်နေရာတည်းမှာ တစ်ချိန်တည်းမှာ သက်ဆိုင်ရာဌာန အသီးသီးရဲ့ ဆွေးနွေးပို့ချချက်တွေက အားလုံးတန်းတူရရှိတာ ဖြစ်ပါတယ်။ ဒီသင်တန်းက အမြဲတမ်းအတွင်းဝန် (Permanent Secretary)ကိုရွေးချယ်တာ ရှိပါမယ်။ လိုအပ်တဲ့ အသိပညာ၊ ဗဟုသုတတွေကိုရရှိတာဖြစ်ပါတယ်။ သင်တန်းမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ပြည်ထောင်စုဝန်ကြီးတွေ၊ ဥက္ကဋ္ဌတွေနဲ့ ဒုတိယဝန်ကြီးများကိုယ်တိုင် ပို့ချပေးသလို နိုင်ငံတကာဘက်ကလည်း Open Government Partnership နဲ့ ပတ်သက်လို့ ဆွေးနွေးတာမျိုး၊ UNDP နဲ့ World Bank က လာရောက် ပို့ချပေးတာမျိုး တွေလည်းရှိတော့ နိုင်ငံတကာအတွေ့အကြုံ၊ ဗဟုသုတလည်းရရှိပါတယ်။

အမြဲတမ်းအတွင်းဝန်ဆိုတာ သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှာ ကိုယ်စားပြုပြီး ရွေးချယ်တင်မြှောက်လို့ ရောက်ရှိလာရတဲ့ ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေနဲ့ နိုင်ငံအတွက် လုပ်ကိုင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ Middle Man တွေလည်း ဖြစ်ပါတယ်။ ရောက်ရှိလာတဲ့ ဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေနဲ့ အမြဲတမ်းတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေကြားမှာ လုပ်ငန်းကဏ္ဍတွေ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ဖို့အတွက် အမြဲတမ်းအတွင်းဝန်ကဆောင်ရွက်ရမှာပါ။ အတွင်းဝန်တွေဟာ ဝန်ကြီးဌာနရဲ့ လုပ်ငန်းတွေကို ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်ရမှာ ဖြစ်ပါတယ်။

ဒီသင်တန်းကနေဆက်စပ်လုပ်ကိုင်နေရတဲ့ အခြားဝန်ကြီးဌာနတွေရဲ့ လုပ်ငန်းကဏ္ဍတွေကိုလည်း သိရှိခဲ့ရပါတယ်။ နိုင်ငံတော်က ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေလည်း လေ့လာသိရှိရပါတယ်။ အတွင်းဝန်ရဲ့ ကဏ္ဍဟာဘယ်အပိုင်း၊ ဘယ်ကဏ္ဍတွေကို ဆောင်ရွက်ရမယ်ဆိုတဲ့ Practice and Procedure ဟာ အရေးကြီးပါတယ်။ ဒီအတွက်လည်း ရေးဆွဲဆောင်ရွက်နေကြပါပြီ။ ဒီလို Practice and Procedure ရှိမှလည်း ဆောင်ရွက်ရမယ့်အခြေအနေတွေကို နည်းစနစ်ကျကျ ဆောင်ရွက်နိုင်မှာပါ။ ချက်ချင်းအဖွဲ့ဖွဲ့ပြီးဆောင်ရွက်နေတာဖြစ်တဲ့အတွက် မကြာမီမှာလည်း လုပ်ထုံးလုပ်နည်းတွေဟာ ထွက်ပေါ်လာမှာဖြစ်ပါတယ်။ ဒီလုပ်ထုံးလုပ်နည်းတွေနဲ့အတူ အတွင်းဝန်တွေဟာလည်း ထိန်းကျောင်းလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

တကယ်တော့ နိုင်ငံ့ဝန်ထမ်းဆိုတာ နိုင်ငံ့တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာကလည်း ပြည်သူပါပဲ။ ပြည်သူ့အကျိုးဆိုတာကလည်း နိုင်ငံ့ဝန်ထမ်းတွေရဲ့ အကျိုးပါပဲ။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းတွေကလိုအပ်တဲ့အသိပညာ၊ အတတ်ပညာတွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ဆည်းပူးလေ့လာပြီး ကျရာတာဝန်ကို ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။

မြန်မာ့သတင်းစဉ် (သတင်းအဖွဲ့)

မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅။)
၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မျိုးစေ့ဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ(င)၏ နောက်၌ ပုဒ်မခွဲ(င-၁)နှင့် (င-၂) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(င-၁) **မိဘမျိုးလိုင်း** ဆိုသည်မှာ အပင်မျိုးမွေးမြူထုတ်လုပ်ရန် မိဘအဖြစ် အသုံးပြုသော မျိုးလိုင်းကို ဆိုသည်။

(င-၂) **နှစ်ရှည်သီးနှံ** ဆိုသည်မှာ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားပြီး အပင်အမျိုးအစားအလိုက် နှစ်ကာလ တစ်ခုအထိ အကျိုးအမြတ်ရရှိနိုင်မည့်သီးနှံကိုဆိုသည်။”

(ခ) ပုဒ်မခွဲ(ဈ)၌ ပါရှိသော “စီးပွားရေးအလို့ငှာ ဖြန့်ဖြူးခြင်း” ဆိုသည့် စကားရပ်ကို “ပြည်ပသို့ တင်ပို့၍ဖြစ်စေ စီးပွားရေးအလို့ငှာ ဖြန့်ဖြူးခြင်း” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(ည)၌ ပါရှိသော “သတ်မှတ်သော အလေးချိန်” ဆိုသည့် စကားရပ်ကို “သီးနှံအမျိုးအစားအလိုက် သတ်မှတ်ထားသော အလေးချိန်”ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မျိုးစေ့ဥပဒေတွင်ပါရှိသော “အမျိုးသားမျိုးစေ့ကော်မတီ” ဆိုသည့် စကားရပ်ကို “မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မျိုးစေ့ဥပဒေတွင်ပါရှိသော “မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း” ဆိုသည့် စကားရပ်ကို “စိုက်ပျိုးရေးဦးစီးဌာန” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ “ဦးဆောင်ညွှန်ကြားရေးမှူး”ဆိုသည့်စကားရပ်ကို “ညွှန်ကြားရေးမှူးချုပ်” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၅။ မျိုးစေ့ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဆ)၏နောက်၌ ပုဒ်မခွဲ(ဇ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်၍ မူလဥပဒေပါပုဒ်မခွဲ(ဇ)ကို ပုဒ်မခွဲ(ဈ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်-

“(ဇ) မှတ်ပုံတင်လက်မှတ်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေတို့ကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊”

၆။ မျိုးစေ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)တွင်ပါရှိသော “စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်”ဆိုသည့်စကားရပ်ကို “စိုက်ပျိုးရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မျိုးစေ့ဌာနခွဲ)” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မျိုးစေ့ဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်းအစားထိုးရမည် -

“၈။ (က) အသိအမှတ်ပြုလက်မှတ်ရရှိရန် အပင်မျိုးသစ်ကို စမ်းသပ်စိုက်ပျိုးရန် ပြည်တွင်းသို့ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် အပင်မျိုးသစ်တင်သွင်းခွင့်အတွက် ထောက်ခံချက်ရရှိရန် မျိုးစေ့နမူနာနှင့်တကွ အချက်အလက်အပြည့်အစုံကို သတ်မှတ်ချက်များနှင့်အညီ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသို့ လျှောက်ထားရမည်။

(ခ) မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီအား သတ်မှတ်ချက်များနှင့်အညီ စိစစ်စေပြီး အပင်မျိုးသစ်ကို ပြည်တွင်းသို့တင်သွင်းခွင့်ရရှိရေးအတွက် ထောက်ခံချက် ထုတ်ပေးနိုင်သည်။”

၈။ မျိုးစေ့ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၉။ (က) အပင်မျိုးသစ်ကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းပြုလုပ်လိုသူသည် မိမိထုတ်လုပ်လိုသည့် သို့မဟုတ် ပြည်တွင်းသို့တင်သွင်းလိုသည့် အပင်မျိုးသစ်အတွက် အသိအမှတ်ပြုလက်မှတ်ရရှိရန် အပင်မျိုးသစ်၏ မျိုးစေ့နမူနာနှင့်တကွ အချက်အလက်အပြည့်အစုံကို သတ်မှတ်ချက်များနှင့်အညီ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသို့ တင်ပြ၍ လျှောက်ထားရမည်။

(ခ) မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စမ်းသပ်စိုက်ပျိုးပြီး စိစစ်တင်ပြရန် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီသို့ တာဝန်ပေးအပ်ရမည်။ ယင်းသို့တာဝန်ပေးအပ်ရာတွင် စပ်မျိုးမိဘမျိုးလိုင်းနှင့် နှစ်ရှည်သီးနှံမျိုးသစ်များကို စမ်းသပ်စိုက်ပျိုးခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။”

၉။ မျိုးစေ့ဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၁၀။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် -

(က) အပင်မျိုးသစ်ကို အပင်မျိုးနှင့်သင့်လျော်ပြီး ရာသီဥတုကွဲပြားခြားနားသည့်ဒေသသုံးခု၌ အနည်းဆုံးတစ်ရာသီစမ်းသပ်စိုက်ပျိုး၍ အောက်ပါအချက်များပေါ်တွင်အခြေခံပြီး အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သင့်မသင့်စိစစ်ရမည်-

(၁) ပြည်တွင်း၌ စိုက်ပျိုးပါက ကောင်းမွန်စွာ ဖြစ်ထွန်းနိုင်ခြင်းရှိမရှိ၊

(၂) စမ်းသပ်စိုက်ပျိုးသော အပင်မျိုးသစ်သည် လက်ရှိအပင်မျိုးထက် သာလွန်ကောင်းမွန်သောအချက်များရှိမရှိနှင့်ထူးခြားသည့် အရည်အသွေးရှိမရှိ၊

(၃) အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်နိုင်ခြင်းရှိမရှိ။

(ခ) ပုဒ်မခွဲ(က)အရ စိစစ်တွေ့ရှိသည့် အပင်မျိုးသစ်ကိုလည်းကောင်း၊ မိဘမျိုးလိုင်းနှင့် နှစ်ရှည်သီးနှံများအတွက် အပင်မျိုးနှင့်သက်ဆိုင်သည့် အရည်အသွေးလက္ခဏာများ၊ သတင်းအချက်အလက်များကို ပြည့်စုံစွာပြုစုထားသည့် မှတ်တမ်းများကိုလည်းကောင်း စိစစ်၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် သင့်မသင့် သဘောထားမှတ်ချက်နှင့်အတူ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသို့ တင်ပြရမည်။”

၁၀။ မျိုးစေ့ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)တွင် ပါရှိသော “ထောက်ခံ” ဆိုသည့် စကားရပ်ကို “သဘောထားမှတ်ချက်နှင့်အတူ” ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး “ထုတ်လုပ်ရန် သို့မဟုတ် ပြည်တွင်းသို့တင်သွင်းရန် လျှောက်ထားသော” ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၁။ မျိုးစေ့ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)တွင်ပါရှိသော “မျိုးစေ့အမျိုးအစား” ဆိုသည့်စကားရပ်ကို “သီးနှံအမျိုးအစား”ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ မျိုးစေ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ် (၈)၏နောက်တွင် ပုဒ်မခွဲငယ် (၈-က) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ရမည်-

“(၈-က) မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်ရရှိထားသော မျိုးစေ့အရည်အသွေး စစ်ဆေးခန်း၏ ထောက်ခံချက်၊”

၁၃။ မျိုးစေ့ဥပဒေပုဒ်မ ၂၈ တွင် ပါရှိသော “ကျပ်နှစ်သိန်း” ဆိုသည့် စကားရပ်ကို “ကျပ်တစ်ဆယ်သိန်း”ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ မျိုးစေ့ဥပဒေပုဒ်မ ၂၉ တွင်ပါရှိသော “ကျပ်တစ်သိန်း” ဆိုသည့် စကားရပ်ကို “ကျပ်တစ်ဆယ်သိန်း”ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၁၅။ မျိုးစေ့ဥပဒေပုဒ်မ ၃၁ တွင် -

(က) ပုဒ်မခွဲ(က)၌ပါရှိသော “ဖြန့်ဖြူးရောင်းချခြင်း” ဆိုသည့်စကားရပ်ကို “စီးပွားရေးအလို့ငှာမဟုတ်သော ဖြန့်ဖြူးရောင်းချခြင်း” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)၌ပါရှိသော “မျိုးပွားခြင်းမဟုတ်ဘဲ”ဆိုသည့်စကားရပ်ကို “မျိုးပွားခြင်းမဟုတ်ဘဲ သီးနှံစေ့” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ မျိုးစေ့ဥပဒေပုဒ်မ ၃၂ တွင်ပါရှိသော “မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးသော တောင်သူလယ်သမားနှင့် မျိုးစေ့သုတေသနပြုလုပ်သူ” ဆိုသည့်စကားရပ်ကို “စီးပွားရေးအလို့ငှာမဟုတ်သည့် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးသော တောင်သူလယ်သမားနှင့် မျိုးစေ့သုတေသနပြုလုပ်သူ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ မျိုးစေ့ဥပဒေ ပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၃၃။ စိုက်ပျိုးရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်နှင့် အခြားထိခိုက်ပျက်စီးမှုများကြောင့်သီးနှံပြန်လည်စိုက်ပျိုးရန် အပင်မျိုးလိုအပ်ချက်ဖြစ်ပေါ်လာပါက အပင်မျိုးအဖြစ်အသုံးပြုသင့်သည့် သီးနှံစေ့များကို စိုက်ပျိုးခွင့်ပြုနိုင်သည်။”

၁၈။ မျိုးစေ့ဥပဒေပုဒ်မ ၃၄ တွင် ပါရှိသော “အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခု” ဆိုသည့်စကားရပ်ကို “အစိုးရဌာနများ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ မျိုးစေ့ဥပဒေပုဒ်မ ၃၇ တွင် ပါရှိသော “ပြည်တွင်းသို့တင်သွင်းလိုသူ” ဆိုသည့်စကားရပ်၏နောက်တွင် “သို့မဟုတ် ပြည်ပသို့ တင်ပို့လိုသူ”ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၂၀။ မျိုးစေ့ဥပဒေပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၃၉။ (က) မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ရုံးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၇ အရ ဖွဲ့စည်းထားသော ကော်မတီခွဲများ၏ ရုံးလုပ်ငန်းများကို ဝန်ကြီးဌာန လက်အောက်ရှိသက်ဆိုင်ရာဌာနက ဆောင်ရွက်ရမည်။”

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများခြေချုပ်နှင့်
ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆။)
၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (၂) ကို ပယ်ဖျက်ရမည်။

၃။ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော “၁၅ ရက်ထက် မပိုစေသော” ဆိုသည့် စကားရပ်ကို “စုစုပေါင်း ၁၅ ရက်ထက်မပိုစေသော” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော “ရာဇဝတ်တရားသူကြီးသည် မိမိက သတ်မှတ်သင့်တော်သည်ဟု ထင်မြင်သည့် သုံးနှစ်ထက်မပိုသော ကာလ အတွင်း ထိုသူကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်သူနှင့်ခံဝန်ချုပ်ကိုချုပ်စေ” ဆိုသည့် စကားရပ်ကို “ရာဇဝတ်တရားသူကြီးသည် မိမိက သတ်မှတ်သင့်တော်သည်ဟု ထင်မြင်သည့် တစ်နှစ်ထက်မပိုသော ကာလ အတွင်း ထိုသူကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်သူနှင့် ခံဝန်ချုပ်ကို ချုပ်စေ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၂)တွင်ပါရှိသော “နှစ်နှစ်”ဆိုသည့် စကားရပ်ကို “တစ်နှစ်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (၃) ၏ခြွင်းချက်တွင်ပါရှိသော “သုံးနှစ်” ဆိုသည့်စကားရပ်ကို “တစ်နှစ်” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း

လယ်ယာထွက်ကုန်ဈေးကွက်များ
အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇။)
၁၃၇၆ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေ (၁၉၄၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်တွင်းသတင်း

ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့တွင် မတ်လ ၁၉ ရက်တွင်ဖြေဆိုမည့် စာမေးပွဲများအတွက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိပြီး ယနေ့နံနက်ပိုင်းမှစတင်က ရန်ကုန်တက္ကသိုလ်တွင် တက္ကသိုလ် ပညာသင်နှစ်ပြီးဆုံး၍ ဘွဲ့ယူရန်ရောက်ရှိနေသည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှငွေးက "ကျောင်းသားတွေ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နဲ့ ပညာသင်ကြားနေကြပါတယ်။ ကျွန်တော့်ကျောင်းမှာဆိုရင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်အားလုံးပေါင်းရင် ကျောင်းသား ကျောင်းသူပေါင်း နှစ်သောင်းငါးထောင်လောက်ရှိပါတယ်။ စာမေးပွဲကလည်း နီးလာတော့ လက်တွေ့သင်ခန်းစာတွေနဲ့ အပတ်စဉ်စာမေးပွဲတွေကိုလည်း အားကြိုးမာန်တက်ဖြေဆို ကျက်မှတ်လေ့လာနေကြပါတယ်" ဟု ပြောသည်။

ဒဂုံတက္ကသိုလ် ဥပဒေဒုတိယနှစ် ကျောင်းသူ မဖြိုးသဥ္ဇာထက်က "ကျွန်မတို့ကျောင်းမှာတော့ အားလုံးအေးအေးချမ်းချမ်းပါပဲ။ စာမေးပွဲကလည်း နီးလာတော့ စာမေးပွဲအောင်ဖို့အတွက် ကျောင်းစာပေါ်မှာပဲ အာရုံစိုက်နေရတယ်"ဟု ပြောသည်။

ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့တွင် ကျောင်းသားကျောင်းသူများ စာပေသင်ကြားခြင်းအပြင် အပတ်စဉ် ဘာသာရပ်အလိုက် အားကစားပြိုင်ပွဲများ၊ ဘာသာရေးဆိုင်ရာပွဲတော်များ၊ သွေးလှူဒါန်းပွဲများလည်း ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

သတင်း-မင်းသစ်
ဓာတ်ပုံ-ဇော်မင်းလတ်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိ

ဖျာပုံ ဖေဖော်ဝါရီ ၁၉

ယခုအချိန်၌ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကို ပုံမှန်ဖွင့်လှစ်ထားရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားလျက်ရှိပြီး စာမေးပွဲများဖြေဆိုနိုင်ရန် အစွမ်းကုန်ကြိုးစားပြင်ဆင်နေကြကြောင်း သိရသည်။

အမျိုးသားပညာရေးဥပဒေကိုအကြောင်းပြုပြီး သပိတ်စစ်ကြောင်းတွေပေါ်လာကြောင်း၊ ယင်းနောက် တက္ကသိုလ်များကိုမဖွင့်ရဲသဖြင့် ပိတ်ထားလျက်ရှိသည်ဟု ကောလာဟလများထွက်ပေါ်လျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ဒေသခံတစ်ဦးက ပြောပြသည်။

အဆိုပါသတင်းများနှင့်ပတ်သက်၍ တက္ကသိုလ်များတည်ရှိရာ ပုသိမ်မြို့ရှိ ဒေသခံ ဦးဇော်လွင်က "ကျွန်တော်တို့ ပုသိမ်မှာအခြေခံပညာကျောင်းတွေရော တက္ကသိုလ်တွေပါ ပုံမှန်ဖွင့်ထားတာတွေ့ရပါတယ်။ ပုသိမ်တက္ကသိုလ်တွင်လည်း ဘာသာရပ်အလိုက် အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲများ ကျင်းပနေလျက်ရှိကြောင်း၊ ယနေ့ညနေတွင် အမျိုးသားဓာတုဗေဒအသင်းနှင့် အဏ္ဏဝါဗေဒအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်မြို့၊ ဟင်္သာတမြို့နှင့် မအူပင်မြို့ကြီးများတွင် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့တည်ရှိပြီး မတ်လတွင်ကျင်းပမည့် စာမေးပွဲများဖြေဆိုရန် ပြင်ဆင်နေကြကြောင်းနှင့် စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲများလည်း ကျင်းပနေကြကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

စတုတ္ထတန်းနှင့် အဋ္ဌမတန်းကျောင်းသား ကျောင်းသူများ အတန်းတင်စာမေးပွဲကြီးဖြေဆို

မြောင်းမြ ဖေဖော်ဝါရီ ၁၉

၂၀၁၄-၂၀၁၅ ပညာသင်နှစ် စတုတ္ထတန်းနှင့် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများကို ၂၀၁၅ ခုနှစ်မှစ၍ အစိုးရစစ်အဖြစ် တစ်နိုင်ငံလုံးသတ်မှတ် ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၉ ရက်က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အထက၊ အလကကျောင်းများတွင် ကျောင်းသား ကျောင်းသူလေးများ အေးချမ်းစွာ အတန်းတင်စာမေးပွဲ ဖြေဆိုလျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရသည်။

"သမီးက အထက(၁) အဋ္ဌမတန်း (D) အခန်းကပါ။ ဒီကနေ့ မြန်မာစာ ၂ နာရီ မေးခွန်းဖြေဆိုရပါတယ်။ တစ်နှစ်စာ သင်ခန်းစာများ မှန်မှန်လေ့လာဆည်းပူးထားလို့ ကောင်းကောင်း ဖြေဆိုနိုင်ပါတယ်။ ကျန်ဘာသာတွေလည်း လေ့လာကျက်မှတ်ထားပြီးသားမို့ သိပ်စိုးရိမ်စရာ မရှိပါဘူး"ဟု စာမေးပွဲအခန်းမှ ဖြေဆိုပြီး ထွက်လာသူ အဋ္ဌမတန်းကျောင်းသူ မခင်ငြိမ်းငြိမ်းစံက ပြောကြားသည်။

အောင်မင်း(iprd)

မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အဆိုပြိုင်ပွဲကျင်းပ

မိတ္ထီလာ ဖေဖော်ဝါရီ ၁၉

မိတ္ထီလာတက္ကသိုလ် အနုပညာအသင်းမှ ကြီးမှူးကျင်းပသော ဘာသာရပ်ပေါင်းစုံ အဆိုပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီက ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပြိုင်ပွဲဖွင့်ပွဲတွင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ကိုကိုကျော်စိုးက အမှာစကားပြောကြားပြီး ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက မြကျွန်းညိုညို တေးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ဆက်လက်၍ မြန်မာသံစဉ် တေးသီချင်းများ၊ စတီရီယိုတေးသီချင်းများဖြင့် ကျောင်းသားကျောင်းသူများက သီဆိုယှဉ်ပြိုင်ကြသည်။ အဆိုပြိုင်ပွဲတွင် ထာဝရသစ္စာ၊ ဦးရွှေရိုးဒေါ်မိုး၊ ရှမ်း၊ကချင်တိုင်းရင်းသားအကစသည်တို့ဖြင့် ကျောင်းသား ကျောင်းသူများက သီဆိုကပြဖျော်ဖြေကြသည်။ ၎င်းနောက် ပြိုင်ပွဲတွင် ဆုရရှိသူများအား တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ကိုကိုကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များဖြစ်သည့် ဒေါက်တာခင်မောင်ငွေး၊ ဒေါက်တာခင်ဖြူဖြူအေး၊ အနုပညာအသင်းဥက္ကဋ္ဌ ဒေါက်တာလှလှတင်၊ ပါမောက္ခဌာနမှူး သင်္ချာဌာနတို့က ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး) ပန်းချီ၊ ဓာတ်ပုံနှင့် Debate ပြိုင်ပွဲများကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၉

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး) အနုပညာအသင်းက ကြီးမှူးကျင်းပသည့် ပန်းချီ၊ ဓာတ်ပုံနှင့် Debate ပြိုင်ပွဲ၊ ပြပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီက မြတ်ရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် ပန်းချီကဏ္ဍ၌ "ရှုထောင့်အသွယ်သွယ် UMT မြင်ကွင်းကျယ် "ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဓာတ်ပုံကဏ္ဍ၌ "Unity in Diversity" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Debate ပြိုင်ပွဲ၌ "ကျောင်းနေပျော်၍ စာတော်ရမည်" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပရာ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုပေးပွဲကျင်းပရာ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ သိင်္ဂီလှိုင်နှင့် ဆရာ ဆရာမများက ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

စာမေးပွဲ အေးအေးချမ်းချမ်း ဖြေဆိုနိုင်ရေး လိုလား ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကျောင်းသားများ ဆန္ဒပြုဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

စာမေးပွဲများ အေးချမ်းအောင်မြင်စွာ ကျင်းပဖြေဆိုနိုင်ရေးနှင့် ပညာရပ်ဝန်းကျင်ကောင်းများ စဉ်ဆက်မပြတ် ဖြစ်ထွန်းပေါ်ပေါက်ရေး ရည်ရွယ်ကာ ဆန္ဒပြုဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် လေးထပ် ပင်မဆောင်ခန်းမကြီး၌ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူ ၆၀၀ ခန့် တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ဆန္ဒပြုဆွေးနွေးပွဲတွင် သမိုင်းဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာငွေးမြင့်က ပညာရပ်ဝန်းကျင်ကောင်းများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ အခန်းကဏ္ဍကိုလည်းကောင်း၊ ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာမေထားက အမျိုးသားပညာရေး ဥပဒေကို ပိုမိုကောင်းမွန်စေရန်အတွက် လေးပွင့်ဆိုင်ဆွေးနွေးပွဲရလဒ်နှင့်ပတ်သက်သော ဗဟုသုတများကိုလည်းကောင်း၊ ဓာတုဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ ခင်ချိုတင်က နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများနှင့် ကျောင်းသား ကျောင်းသူများ တစ်ကိုယ်ရည်စွမ်းဆောင်မှု တိုးတက်မြင့်မားရေးအတွက် လေ့ကျင့်ပျိုးထောင်မှုများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ မောင်ရန်နိုင်မိုး (တတိယနှစ်ဥပဒေပညာ) က မိမိတို့ကျောင်းသားများအနေဖြင့် စာမေးပွဲကို အေးချမ်းစွာဖြေဆိုနိုင်ရန် လိုလားပါကြောင်း၊ နိုင်ငံတော်ပြုပြင်ပြောင်းလဲနေသည့် အချိန်ကာလတွင် "အခုရေတွင်းတူး အခုရေကြည်သောက်၍ မရ" ဆိုသောစကားပုံကဲ့သို့ မိမိတို့ကျောင်းသားများအနေဖြင့် စိတ်ရှည်သည်းခံရန်လိုအပ်ကြောင်း၊ မိမိတို့၏ Emotion ကို ရှေ့တန်းမတင်ဘဲ မိမိတို့ အနာဂတ်ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် ကြိုးစားသင့်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် မောင်ထက်လင်းထွန်း (တတိယနှစ်ပထဝီဝင်)က ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် ပညာသင်ကြားနေရသည်ကို အလွန်ပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ တက္ကသိုလ်များ၏ အစဉ်အလာများအတိုင်း Activities များတွင် ပါဝင်ဆင်နွှဲရသည်ကို ကျေနပ်အားရပါကြောင်း၊ တက္ကသိုလ်ကျောင်းသားဘဝတွင် မိမိအထူးပြုဘာသာရပ်ပညာ တစ်ခုတည်းသာမက အနုပညာ၊ အားကစားအစရှိသော Activities များကို ကျင်းပပေးသည့်အတွက် ကျောင်းသားများအနေဖြင့် ကျေနပ်ပျော်ရွှင်မိပါကြောင်း၊ ဆက်လက်၍လည်း အေးချမ်းစွာဖြင့် ပညာသင်ကြားကာ စာမေးပွဲများအောင်မြင်စွာ ပြီးမြောက်စေရန်လည်း မျှော်လင့်မိပါကြောင်း၊ မိမိတို့ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်စေရန် စာများကိုလည်း ကြိုးစားသင်ယူသင့်ပါကြောင်း ဆွေးနွေးသွားရာ ဆန္ဒပြုဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအားလုံးက တစ်ခဲနက်ဝမ်းမြောက်ဝမ်းသာ ကြိုဆိုထောက်ခံခဲ့ကြကြောင်း သိရသည်။

သတင်း-ခင်ချိုဝင်း

ပြည်တွင်းနှင့် နိုင်ငံတကာ သတင်း

ကမ္ဘာအေးဂမုန်းပွင့် မီးလောင်မှု နိုင်ငံခြားသားများအပါအဝင် လူ ၃၀ ကို ခက်ခဲစွာကယ်ခဲ့ရ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဖေဖော်ဝါရီ ၁၈ ရက် ည ၁၀ နာရီခန့်က မရမ်းကုန်းမြို့နယ် အမှတ် ၉ ရပ်ကွက် ကမ္ဘာအေးဘုရားလမ်း အမှတ် (၃၀၀) ရှိ ဂမုန်းပွင့်ကုန်တိုက်၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရသည့်အကြောင်းမှာ ယင်းတိုက်လေးလွှာ (4-I) တွင် ငှားရမ်းနေထိုင်သူ နိုင်ငံခြားသား မိသားစုမှ တရုတ်နှစ်သစ်ကူး ဗျောက်အိုးဖောက်ရာတွင် အသံကျယ်စေရန်အတွက် PVC ရေဆင်းပိုက်အတွင်း ထည့်ဖောက်ရာမှ PVC ရေဆင်းပိုက်ပေါက်ကွဲပြီး ဂမုန်းပွင့်ရှိ အထည်ဆိုင်အတွင်း မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အရာရှိတစ်ဦးထံမှ သိရသည်။

အဆိုပါတိုက်မှာ အထပ် (၁၁) ထပ်ရှိပြီး ပထမထပ်နှင့် ဒုတိယအထပ်တွင် ဂမုန်းပွင့်မှ အရောင်းဆိုင်များ ဖွင့်ထားခြင်းဖြစ်သည်။ တတိယထပ်မှအစပြု၍ လူနေခန်းများဖြစ်သည်ဟုသိရပြီး အခန်းပေါင်း ၉၀ ရှိသည်။

နိုင်ငံခြားသူ အမျိုးသမီးတစ်ဦးအား လှေကားဖြင့် ခက်ခက်ခဲခဲ ကယ်ယူနေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ- ဝင်းထွဋ်

လောင်သည့်မီးမှာ မီးအားထက်လောင်စာများကြောင့် မီးခိုးများ များပြားစွာ ထွက်ရှိနေခဲ့သည်။ ထို့အတွက် တိုက်အထပ်များတွင် နေသူများအား မီးသတ်တပ်ဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ခက်ခဲစွာ ကယ်ဆယ်ခဲ့ရသည်ဟု ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။ မီးလောင်နေစဉ် လေးလွှာရှိ ဓာတ်လှေကားအတွင်း နိုင်ငံခြားသား ဇနီးမောင်နှံနှစ်ဦး အခန်းတွင်း၌ ပိတ်မိနေသည်။ ရင်ခွင်ပိုက် ကလေးငယ်တစ်ဦးအပါအဝင် နိုင်ငံခြားသား မိသားစုဝင်သုံးဦး အခန်းအတွင်း ပိတ်မိနေသည်။ နိုင်ငံခြားသား ဇနီးမောင်နှံနှစ်ဦးနှင့် အခြားမိသားစုဝင် ၂၃ ဦး စုစုပေါင်း လူ ၃၀ အား ကယ်ထုတ်ပေးခဲ့ရသည်။ မီးခိုးများအကြားမှ ဝင်ရောက်ကယ်ဆယ်ခဲ့ရသည့်အတွက် သန္တေမီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးတို့ မီးခိုးများ မွန်ကာ အသက်ရှူကျပ်လာခြင်းကြောင့် သဃ်န်းကျွန်းဆေးရုံနှင့် မြောက်ဥက္ကလာပဆေးရုံသို့ တင်ပို့ဆေးကုသမှု ခံယူခဲ့ရသည်။

လသားအရွယ်ကလေးနှင့် မိခင်အား ကယ်ထုတ်လာစဉ်။
ဓာတ်ပုံ- ဝင်းထွဋ်

မီးလောင်ရာသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်သူ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးသော်ဒါတို့၏ ကြီးကြပ်မှု၊ မြို့နယ်မှ မီးသတ်ရေယာဉ် ၄၆ စီး တို့မှ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၂၉၀ ကျော်၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ ကျော်တို့၏ ကြိုးပမ်းမှုကြောင့် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၀၀ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် နိုင်ငံခြားသား မစ္စတာဝမ်ဇိုင်းဟူ (၃၃ နှစ်)နှင့် မစ္စတာဝမ်ဖယောင်း အသက် (၄၀ နှစ်) တို့အား မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့က အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

သတင်း- ကိုကြီးတင်

ဝက်သက်ဂျိုက်သိုး ကာကွယ်ဆေးထိုးမှုများဆောင်ရွက်

ပျဉ်းမနား ဖေဖော်ဝါရီ ၁၉

နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက် ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ ဆောင်ရွက်မှုအနေဖြင့် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက်ရှိ ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင်မူကြိုကျောင်း၌ ယနေ့ နံနက် ၉နာရီခွဲက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများဆောင်ရွက်သည်။

ကာကွယ်ဆေးထိုးမှုအနေဖြင့် အသက် ကိုးလမှ ၁၅ နှစ်အတွင်း ရပ်ကွက်အတွင်းရှိ ကလေးငယ်များနှင့် မူကြိုကျောင်းရှိ ကလေးငယ်များအား ကာကွယ်ဆေးထိုးမှုများ ပြုလုပ်ဆောင်ရွက်ရာ ရွှေချီရပ်ကွက်အတွင်းရှိ ကလေးငယ် ၂၀၂ ဦး၊ ရွှေချီမူကြိုကျောင်းရှိ ကလေးငယ် ၃၅ ဦး စုစုပေါင်း ၂၃၇ ဦး ကာကွယ်ဆေးထိုးဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ ကာကွယ်ဆေးထိုး လုပ်ငန်းသို့ ပျဉ်းမနား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးနှင့် အဖွဲ့ဝင်များက လာရောက်ဝိုင်းဝန်း ကူညီဆောင်ရွက်ပေး၍ ကာကွယ်ဆေးထိုးရက်ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ ရင်သွေးငယ်များအား ကာကွယ်ဆေးထိုးပေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

ပုသိမ်ကြီးမြို့နယ် ကော်စေ့စက်ရုံ၌ မီးလောင်မှုဖြစ်ပွား

မန္တလေး ဖေဖော်ဝါရီ ၁၉

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာရှိ အောင်မိုးသူ ကော်စေ့စက်ရုံ၌ ယနေ့ညနေ ၆ နာရီခွဲခန့်တွင် ပလတ်စတစ် ကော်စေ့သံဆန်ခါမီးရှို့ရာမှ အနီးရှိ ပီနံအိတ်အတွင်းရှိ ကုန်ကြမ်းများပေါ်သို့ မီးပွားများကျကာ မီးကူးစက်လောင်ကျွမ်းမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ပေ (၂၀× ၅၀) သွပ်မိုးသံဖရိန် မြေစိုက်အဆောက်အအုံတစ်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ မီးသတ်ယာဉ် ၂၀၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ နှင့် ဒေသခံပြည်သူများ ပူးပေါင်းငြိမ်းသတ်ခဲ့ရာမှ ညနေ ၆ နာရီ ၃၅ မိနစ်ကျော်ခန့်တွင် မီးငြိမ်းသွားကြောင်းနှင့် အဆိုပါမီးလောင်မှုကြောင့် အုန်းချောရဲစခန်းတွင် ဦးဇော်နိုင်အား အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

တပ်မတော်သားများအတွက် အလှူငွေနှင့်ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် လောက်ကိုင်ဒေသတိုက်ပွဲများ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ စစ်သည်များအတွက် အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

ဒုတိယဗိုလ်မှူးကြီးသန့်ဇော် ဖုန်း ၀၉-၇၃၂၀၆၆၉၉၊ ၀၃၁-၂၅၉၂၆ (ရန်ကုန်)
ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်ထွေး ဖုန်း ၀၉-၅၂၅၀၉၉၅၊ ၀၃၃-၃၆၀၃၃ (လားရှိုး)

နိုင်ငံတကာသတင်း

အာဂျင်တီးနားအစိုးရရှေ့နေ နှစ်မန်းသေဆုံးမှု လူထောင်သောင်းများစွာ ဆန္ဒပြ

ဘူနိုအေရီးစ် ဖေဖော်ဝါရီ ၁၉

အစိုးရရှေ့နေ အယ်လ်ဆာတို နှစ်မန်း သေဆုံးမှုတစ်လပြည့် အထိမ်းအမှတ်အဖြစ် အာဂျင်တီးနား နိုင်ငံမြို့တော် ဘူနိုအေရီးစ်တွင် လူထောင်သောင်းများစွာတို့က ပါဝင်လမ်းလျှောက်ဆန္ဒပြခဲ့ကြသည်။

အဆိုပါ ဆန္ဒပြပွဲတွင် မစ္စတာနှစ်မန်း၏ မိသားစုဝင်များနှင့် အတိုက်အခံ နိုင်ငံရေးသမားများ ပါဝင်ကြသည်။

ဆန္ဒပြသူများသည် အစိုးရကို စုံစမ်းစစ်ဆေးနေသော မစ္စတာနှစ်မန်း သေဆုံးမှုတွင် တရားမျှတမှုရှိရေးကို တောင်းဆိုခဲ့ကြသည်။

အဆိုပါ အစိုးရရှေ့နေကို ၄င်း၏ တိုက်ခန်းထဲတွင် ဇန်နဝါရီ ၁၈ ရက်က သေဆုံးလျက်တွေ့ခဲ့သည်။

၄င်းကိုယ်တိုင် သတ်သေသွားခြင်းလော၊ အသတ်ခံရခြင်းလော ဆိုသည်မှာ ယခုထက်ထိ ရှင်းရှင်းလင်းလင်းမသိရသေးပေ။

မစ္စတာနှစ်မန်းသည် အာဂျင်တီးနား၏ သေစေနိုင်လောက်သည့် အကြမ်းဖက်တိုက်ခိုက်မှုကို စုံစမ်းနေစဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။

မစ္စတာနှစ်မန်း၏ ဇနီးဟောင်းနှင့်သမီးနှစ်ယောက်လည်း နှစ်နာရီနီးပါးကြာသော ဆန္ဒပြပွဲတွင် ပါဝင်ခဲ့ကြသည်။

အလားတူ ဆန္ဒပြမှုများသည် နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သည်။ ထို့ပြင် စပိန်၊ ပြင်သစ်၊ အစ္စရေးနှင့် အခြားနိုင်ငံများတွင် နေထိုင်သော အာဂျင်တီးနားလူမျိုးများသည်လည်း စုဝေး၍ မစ္စတာနှစ်မန်း၏ ဖြစ်ရပ်အပေါ် တရားမျှတမှုရှိရေး တောင်းဆိုခဲ့ကြသည်။ တာဝန်ရှိသူများက အဆိုပါလမ်းလျှောက် ဆန္ဒပြမှုများသည် နိုင်ငံရေးလှုပ်ရှားမှု တစ်ခုဖြစ်ကာ အစိုးရယန္တရားကို အားနည်းစေကြောင်း ပြောကြားခဲ့သည်။

အစောပိုင်းနေ့များက မစ္စတာနှစ်မန်းသည် စာမျက်နှာ ၃၀၀ ရှိသော ၄င်း၏ တင်ပြချက်တွင် သမ္မတခရစ်စတီးနား ဖာနန်ဒက်ဇ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဟက်တာ တီမာမန်တို့ကို အီရန်၏ ၁၉၉၄ အေမီယာဂျူးစင်တာတွင် ဗုံးဖောက်ခဲ့မှုကို ဖုံးကွယ်ထားမှုနှင့် ပတ်သက်ပြီး စွပ်စွဲထားသည်။ **(ဘီဘီစီ)**

အမှတ်(၂) အထည်စက်ရုံ (ပလိပ်)ပန်ဒါကုမ္ပဏီမှ သပိတ်မှောက်ဝန်ထမ်းများ ပလိပ်မြို့တွင်း လမ်းလျှောက်ဆန္ဒထုတ်ဖော်

စဥ့်ကိုင် ဖေဖော်ဝါရီ ၁၉

အမှတ်(၂) အထည်စက်ရုံ(ပလိပ်) ပန်ဒါကုမ္ပဏီမှ သပိတ်မှောက်ဝန်ထမ်း ၅၀၀ ခန့်သည် ယနေ့ နံနက် ၉ နာရီကျော်တွင် ပလိပ်မြို့တွင်းသို့ ခွင့်ပြုချက်ရယူကာ လမ်းလျှောက်ဆန္ဒ ထုတ်ဖော်ခဲ့ကြောင်း သိရှိရသည်။

သပိတ်မှောက်ဝန်ထမ်းများသည် စက်ရုံဂိတ်ပေါက်နှင့် စီမံရုံးဝင်းရှေ့ လမ်းပေါ်၌ ဖွင့်လှစ်ထားသည့် သပိတ်စခန်းမှ နံနက် ၉ နာရီ ၁၀ မိနစ်တွင် စတင်ထွက်ခွာလာပြီး ပလိပ်-တံတားဦး လမ်းအတိုင်း ရန်ကုန်-မန္တလေး လမ်းဟောင်းရှိ ပလိပ်မြို့အဝင်အဝိုင်းထိ ချီတက်ခဲ့ပြီး ထိုမှတစ်ဆင့် ပလိပ်အုပ်စုအတွင်းသို့ လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း၊ လမ်းလျှောက် ဆန္ဒထုတ်ဖော်ရာတွင် နိုင်ငံတော်သမ္မတ၏ အလုပ်လက်မဲ့ပပျောက်ရေးကို အလေးထားပါ။ လွှဲပြောင်းခံ နိုင်ငံ့ဝန်ထမ်းများဘဝကိုစာနာပါ။ အလုပ်သမားဒုတိယဝန်ကြီး၊ စက်မှုဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး အလုပ်သမားရေးရာဝန်ကြီးတို့ ဆုံးဖြတ်ပေးခဲ့သည့် သဘောတူညီချက်ဖြင့် လုပ်ငန်းဝင်ရန် စောင့်ဆိုင်းနေသော ဝန်ထမ်းလုပ်အားခ ထုတ်ပေးရန် အမှတ်(၂) အထည်စက်ရုံ (ပလိပ်)ပန်ဒါကုမ္ပဏီက လိုက်နာဆောင်ရွက်ရေး၊ စက်မှုဒုတိယဝန်ကြီး၏ လွှတ်တော်တွင် ပြောကြားသော ကတိစကားများ အကောင်အထည်ဖော်ပေးပါသည့် ပိုစတာများ ကိုင်ဆောင်ပြီး ကြွေးကြော်သံများ ကြွေးကြော်ကာ လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရှိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ပြည်တွင်းသတင်း

ထူးခြားသည့် ညအပူချိန်

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၃ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် မြိတ်မြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

ABU Radio Song Festival ၂၀၁၅တွင် အသုံးပြုမည့် Logo ရေးဆွဲရေးအတွက် ပြိုင်ပွဲဖိတ်ခေါ်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာအဖွဲ့အစည်း (Asia-Pacific Broad-casting Union-ABU) တို့ ပူးပေါင်း၍ ၂၀၁၅ ခုနှစ် မေလအတွင်း Radio Song Festival 2015 အား အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတော်နှင့် အခမ်းအနားများတွင် Banner များ၊ လက်ကမ်းစာစောင်များနှင့် Backdrop များတွင် အသုံးပြုမည့် Logo အား ပြိုင်ပွဲပြုလုပ်ရွေးချယ်၍ဆုချီးမြှင့်ရန်ရှိသဖြင့် စိတ်ပါဝင်စားသည့် ယှဉ်ပြိုင်လိုသော ဒီဇိုင်းပညာရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

စည်းကမ်းချက်များနှင့်အညီ ပေးပို့ယှဉ်ပြိုင်လာသော Logo လက်ရာများအနက်မှ အကောင်းဆုံးလက်ရာတစ်ခုအားရွေးချယ်၍ ၂၀၁၅ ခုနှစ် မတ်လ ဒုတိယပတ်အတွင်း ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

ယင်းစည်းကမ်းချက်များမှာ ပြိုင်ပွဲဝင်ခေါင်းစဉ် ABU Radio Song Festival 2015၊ ပြိုင်ပွဲဝင်မည့် Logo လက်ရာများအားပေးပို့ရမည့် ရက်စွဲနှင့်နေရာ (၂၀-၂-၂၀၁၅)ရက်နေ့မှ (၁၀-၃-၂၀၁၅)ရက်နေ့အထိ၊ ဒေါ်စိုးယဉ်ပြုံး (ဦးစီးအရာရှိ-စာတည်း)မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ် ၀၁-၅၂၇၁၂၂ Ext-၁၁၅၊ ၀၉-၄၄၈၅၄၂၅၉၅၊ e-mail၊irmrtv@gmail.com ၊ရွေးချယ်ခံရသူအား ထုတ်ပြန်ကြေညာမည့်ရက်(၁၅-၃-၂၀၁၅)ရက်ဖြစ်ပြီး ပြိုင်ပွဲဆိုင်ရာသတ်မှတ်ချက်များမှာ ပြိုင်ပွဲဝင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပြိုင်ပွဲဝင်လက်ရာအများဆုံးနှစ်ခုကိုသာ တင်သွင်းနိုင်သည်။ ပါဝင်ယှဉ်ပြိုင်သည့် Logo သည် မည်သည့်အဖွဲ့အစည်းနှင့် မည်သည့်အခမ်းအနားများတွင် အသုံးပြုခဲ့ဖူးခြင်း မရှိစေရ။ ယှဉ်ပြိုင်မှုသည် ကိုယ်ပိုင်တီထွင်ဖန်တီးမှုသာဖြစ်ရမည်။ ယခင်ရှိပြီးသား Logo၊ ဒီဇိုင်းများနှင့် တူညီမှုမရှိစေရ။

ခရမ်းရောင်ကို အခြေခံရမည်။ ခရမ်းရောင်နှင့် လိုက်ဖက်သည့် အခြားအရောင်များကိုလည်း ထည့်သွင်းအသုံးပြုနိုင်သည်။ ရေဒီယို၊ဂီတသင်္ကေတတို့နှင့်လည်းကောင်း၊ ပြိုင်ပွဲဝင်ခေါင်းစဉ်နှင့်လည်းကောင်း၊ ABU နှင့်လည်းကောင်း ဆက်စပ်သည့်ဖန်တီးထားမှုများ ပါဝင်ရမည်။

ပြိုင်ပွဲဝင်မည့်သူများသည် အမည်၊ လက်ရှိအလုပ်အကိုင်နှင့်ဌာန၊ ဆက်သွယ်ရမည့်လိပ်စာနှင့် လိုင်စင်ဓာတ်ပုံနှင့်အတူ Logo ၏ Hardcopy, softcopy (illustrator format)သို့မဟုတ် မူရင်းဖိုင်အပြည့်အစုံ ဖော်ပြလျက်ပေးပို့ရမည်။

ဆုအမျိုးအစားအနေဖြင့် ယှဉ်ပြိုင်မည့် Logo များထဲမှ အကောင်းဆုံးတစ်ခုအား ဒိုင်အဖွဲ့မှ ရွေးချယ်သွားမည်ဖြစ်ပြီး ဆုချီးမြှင့် ငွေကျပ် ၅၀၀၀၀၀ ချီးမြှင့်သွားမည် ဖြစ်သည်။ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)၊ ဖုန်းနံပါတ် ၀၆၇-၇၉၃၇၄၊ ၀၉-၅၁၈၈၅၀၄၊ e-mail ၊ irmrtv@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများမှ ဂီတဝါသနာရှင်များ ပါဝင်ဖျော်ဖြေတင်ဆက်မည့် ABU Radio Song Festival (2015)အားနိုင်ငံတကာအဆင့်မီ ဂီတဖျော်ဖြေပွဲတစ်ခုအဖြစ် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပသွားရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသဖြင့် ဂီတပွဲတော်၏ ကဏ္ဍအသီးသီးတွင် Main Sponsor, Co-Sponsor များအဖြစ် ပါဝင်ဆောင်ရွက်လိုသူများအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း) ဖုန်းနံပါတ် ၀၆၇-၇၉၂၁၂၊ ၀၆၇-၇၉၃၇၄၊ Fax၀၆၇ -၇၉၂၀၅ နှင့် e-mail၊ irmrtv@gmail.comသို့ဆက်သွယ်စုံစမ်း၍ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

[illegible]

(၁)နှစ်ပြည့် မင်္ဂလာဆုတောင်း

မောင်သန့်ဇော်ဆွေနဲ့ ဒေါက်တာမေမီသက်တို့ရဲ့ ၂၀-၂-၂၀၁၅ရက်တွင် ကျရောက်သော မင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် သာယာပျော်ရွှင်သော မိသားစုဖြစ်ပါစေ။ **ဦးကြည်ဝင်း-မမအိအိသင်း**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/ 6569၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/ 9977၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အမှတ်(၁/၂/၃)အခြေခံပညာဦးစီးဌာန

ကိုယ်ပိုင်ကျောင်းဆရာလျှောက်လွှာခေါ်ယူခြင်း

ပညာရေးဝန်ကြီးဌာနမှခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်းများတွင် တာဝန်ထမ်းဆောင်ရန် ကိုယ်ပိုင်ကျောင်းဆရာ ဥပဒေပုဒ်မ(၁၇) ပြဋ္ဌာန်းချက်ပါ အောက်ပါအချက်များနှင့်ကိုက်ညီသူများသည် ၃၁-၃-၂၀၁၅ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများသို့ လျှောက်ထားကြရမည်။

(၁) ပြည်တွင်း(သို့မဟုတ်)ပြည်ပတက္ကသိုလ်တစ်ခုခုမှ ပါရဂူဘွဲ့(သို့မဟုတ်) ပညာရေးဘွဲ့ရထားသူ
(၂) ပြည်တွင်း(သို့မဟုတ်)ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဆရာအတတ်ပညာဆိုင်ရာ ဒီပလိုမာ(သို့မဟုတ်)လက်မှတ်ရရှိသူ
(၃) ပြည်တွင်း(သို့မဟုတ်)ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်သော ဆရာအတတ်ပညာ ရက်တိုသင်တန်းဆင်းလက်မှတ်ရရှိသူ
(၄) ပြည်တွင်း(သို့မဟုတ်)ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး တက္ကသိုလ် ကောလိပ်(သို့မဟုတ်)အခြေခံပညာကျောင်းတွင်ဖြစ်စေ၊ နိုင်ငံတော်မှ ခွင့်ပြုထားသည့် ဘာသာရပ်ဆရာအဖြစ် အနည်းဆုံး ငါးနှစ်ရှိသူ
(၅) လျှောက်လွှာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံးများမှ ရယူ၍ လျှောက်ထားနိုင်ပါသည်။

အမှတ်(၁/၂/၃)အခြေခံပညာဦးစီးဌာန

အမည်ပြောင်း

ဦးစစ်ဟိန်း၏သား မော်လမြိုင်ကျွန်းမြို့နယ်၊ အောက်မအူတုံးကျေးရွာ အထက်တန်းကျောင်း အဋ္ဌမတန်း(က)မှ မောင်ရဲလွင်ကိုအား မောင်ဝဋ္ဌာစစ်ဦးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝဋ္ဌာစစ်ဦး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နိုင်ငံတကာ ကျောင်းများနှင့် နိုင်ငံတကာသင်ရိုးဖြင့် သင်ကြားသော ပြည်တွင်းပုဂ္ဂလိက ကျောင်းများမှ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများနှင့် ဝန်ကြီးဌာနမှ ခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်းများတွင် ပြောင်းရွှေ့ပညာသင်ကြားလိုသူများအတွက်

Placement Test ဖြေဆိုရန်လျှောက်လွှာခေါ်ယူခြင်း

Placement Test ဖြေဆိုရန် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရပါမည်-

(၁) လျှောက်ထားသူသည် မိမိတက်ရောက်ခဲ့သည့် ကျောင်းမှဖြေဆိုအောင်မြင်ခဲ့သည့် Level ကို ကျောင်း၏ ထောက်ခံချက်မူရင်း (သို့မဟုတ်) အောင်လက်မှတ်မူရင်းဖြင့် တင်ပြလျှောက်ထားရမည်။
(၂) မွေးသက္ကရာဇ်အတွက် မူရင်းမွေးစာရင်း(သို့မဟုတ်) အသက်အတွက် ထောက်ခံချက်တစ်ခုခုဖြင့် တင်ပြလျှောက်ထားရမည်။
(၃) လျှောက်ထားသူသည် မိမိသင်ကြားပြီးမြောက်ခဲ့သော Level အရ တက်ရောက်သင်ကြားလိုသော အတန်း၏ တစ်ဆင့်နိမ့်အတန်းကို Placement Test ဖြေဆိုရမည်။
(၄) ပညာရေးဝန်ကြီးဌာန၏ အတန်းအလိုက်သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းအတိုင်း ဘာသာရပ်များကို ဖြေဆိုရမည်။
(၅) ဖြေဆိုလိုသော အတန်းနှင့် ကျောင်းမွေးသက္ကရာဇ်အရ အသက်ကိုက်ညီမှုရှိရမည်။
(၆) Placement Test ဖြေဆိုခွင့် လျှောက်လွှာများကို အမှတ်(၁)/(၂)/(၃) အခြေခံပညာဦးစီးဌာနများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံးများတွင် ၂၀-၂-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း အခမဲ့ထုတ်ယူပြီး ၂၀၁၅ ခုနှစ် ဧပြီ ၃၀ ရက်တွင် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။
(၇) အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-
(က) အမှတ်(၁) အခြေခံပညာဦးစီးဌာန၊ ဖုန်း-၀၁-၅၄၈၈၂၃
(ခ) အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ ဖုန်း-၀၂-၆၄၆၁၄
(ဂ) အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ဖုန်း-၀၁-၂၁၀၀၂၆

ပညာရေးဝန်ကြီးဌာန

ပြည်တွင်းသတင်း

❒ ကျောဖုံးမှ

ဖီဂျီအသင်းမှာ အရန်ကစားသမားအများစုဖြင့် ယှဉ်ပြိုင်ခဲ့သောကြောင့် ဒုတိယပိုင်းတွင်လည်း မြန်မာအသင်း၏ ဖိအားပေးခြင်းကိုခံခဲ့ရသည်။ ၈၂ မိနစ်တွင် မြန်မာယူ-၂၂ အသင်း ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးရခဲ့သော်လည်း နေလင်းထွန်း၏ အနီးကပ်ကန်သွင်းချက် တိုင်ထိထွက်ခဲ့၍ အနိုင်နှင့်လွဲခဲ့ရခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်းမှာ ပြင်ဆင်ချိန်ကာလတိုအတွင်း ခြေစွမ်းပိုင်းအရ ကောင်းမွန်အောင် ကစားနိုင်ခဲ့သော်လည်း တိုက်စစ်ပိုင်းကို များစွာပြုပြင်ရမည်ဖြစ်သည်။

ခြေစမ်းပွဲတတိယပွဲအဖြစ် မြန်မာယူ-၂၀ အသင်းနှင့်ဖီဂျီယူ-၂၀ အသင်းတို့သည် ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

(မြန်မာ့အလင်း)



၂၀၁၅ ခုနှစ် မတ်လ ပထမပတ်တွင် စတင်ပျံသန်းမည့် Solar Impulse-2 ၏ ခရီးစဉ်လမ်းကြောင်းပြပုံ။

အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်

◆ ကျောဖုံးမှ

လည်းကောင်း၊ မသန်စွမ်းစားပွဲတင်တင်းနစ်ပြိုင်ပွဲကို Cluster-3၌ ကျင်းပသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲကို နံနက် ၈နာရီတွင် ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၌ ကျင်းပရာ အမျိုးသားသုံးယောက်တွဲ အသင်းလိုက်အုပ်စုပွဲစဉ်တွင် ကချင်က ရှမ်းကိုလည်းကောင်း၊ ကယားက နေပြည်တော်ကိုလည်းကောင်း၊ ရန်ကုန်က တနင်္သာရီကိုလည်းကောင်း၊ စစ်ကိုင်းက ဧရာဝတီကိုလည်းကောင်း၊ အမျိုးသမီးသုံးယောက်တွဲအသင်းလိုက် အုပ်စုပွဲစဉ်တွင် ပဲခူးက ရန်ကုန်ကိုလည်းကောင်း၊ ဧရာဝတီက စစ်ကိုင်းကိုလည်းကောင်း အသီးသီးအနိုင်ရကြသည်။

ဖူဆယ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသမီးအုပ်စုပွဲစဉ်တွင် ပဲခူးက ကယားကို (၁၉-၁)ဂိုး ဖြင့်လည်းကောင်း၊ ဧရာဝတီက ရှမ်းကို (၄-၁)ဂိုးဖြင့်လည်းကောင်း၊ အမျိုးသားအုပ်စုပွဲစဉ်တွင် ရန်ကုန်က မန္တလေးကို (၈-၅)ဂိုးဖြင့်လည်းကောင်း၊ မွန်က ရခိုင်ကို (၆-၄)ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရကြသည်။

တင်းနစ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိတင်းနစ်ကွင်း၌ ကျင်းပရာ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲ၌ အောင်ကျော်နိုင်(ပဲခူး)က ဇော်ဆန်းဦး(ရခိုင်)ကို (၆-၃၊၇-၆)ဖြင့်လည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲ၌ နီလာဝင်း(ရခိုင်)က သန္တာအောင်(ရခိုင်)ကို (၇-၆၊၆-၄)ဖြင့်လည်းကောင်း အသီးသီးအနိုင်ရဗိုလ်စွဲကြသည်။

မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို မွန်းလွဲ ၂နာရီတွင် ဝဏ္ဏသိဒ္ဓိလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ အမျိုးသား ၅၄ ကီလိုတန်း အကြိုဗိုလ်လုပွဲတွင် နာဂစ်မောင်မောင်(စစ်ကိုင်း)က ကိုယ်အလေးချိန်ပိုနေသဖြင့် ရွှေချစ်သွေး(ကရင်)ကလည်းကောင်း၊ အောင်မြင့်(မွန်)က မိုက်မိုက်(ရန်ကုန်)ကို ဒုတိယအချီ ၁၇စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ အမျိုးသား ၅၇ ကီလိုတန်း အကြိုဗိုလ်လုပွဲတွင် ခွန်ညဏ်လင်းအောင်(ကရင်)က စိုးမိုးအောင်(တနင်္သာရီ)ကို ပထမအချီ ၁ မိနစ် ၃၀ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ဂျစ်တူး(ရှမ်း)က ကိုယ်အလေးချိန်ပိုနေသဖြင့် စောမင်းဇော် (စစ်ကိုင်း)ကလည်းကောင်း၊ အမျိုးသား ၆၇ ကီလိုတန်း အကြိုဗိုလ်လုပွဲတွင် စောဆာဝါး(ကရင်)က မိုက်တိုင်စံ(ပဲခူး)ကို တတိယအချီ ၂ မိနစ် ၈ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ အားမာန်(ရန်ကုန်)က မိုးဒေဝါ(မန္တလေး)ကို ပထမအချီ ၃၂စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရကြသည်။

အမျိုးသားဘောလုံးအုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း (၃/၄) ကျင်းပရာ နံနက်ပိုင်းပွဲစဉ်များတွင် ရန်ကုန်က ရခိုင်ကို (၃-၀)ဂိုးဖြင့်လည်းကောင်း၊ ကချင်က ဧရာဝတီကို (၂-၀)ဂိုးဖြင့်လည်းကောင်း၊ ညနေပိုင်းပွဲစဉ်များတွင် မွန်က တနင်္သာရီကို (၁-၀)ဂိုးဖြင့်လည်းကောင်း၊ ပဲခူးက ကယားကို (၈-၂)ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ခရစ်ကက်ပြိုင်ပွဲကို နံနက် ၈ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်းများ၌ကျင်းပရာ အမျိုးသား ဗိုလ်လုပွဲစဉ်တွင် ရန်ကုန်က ပဲခူးကို ၃၇ မှတ်အသာဖြင့် လည်းကောင်း၊ တတိယနေရာလုပွဲတွင် မန္တလေးက ရှမ်းကို ၄၁ မှတ် အသာဖြင့်လည်းကောင်း အနိုင်ရကာ ရန်ကုန်က ပထမ၊ ပဲခူးက ဒုတိယ၊ မန္တလေးက တတိယရရှိကြပြီး အမျိုးသားဘက်စုံ အကောင်းဆုံးဆုကို ကျော်လင်းအောင်(ပဲခူး)ကလည်းကောင်း၊ အမျိုးသမီးဘက်စုံ အကောင်းဆုံးဆုကို လင်းလင်းထွန်း(ရန်ကုန်)က လည်းကောင်း ရရှိသည်။

တိုက်ကွမ်ဒိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ C ၌ ကျင်းပရာ အမျိုးသား/အမျိုးသမီး တစ်ဦးချင်း ကကွက်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အတွဲလိုက်ကကွက်ပြိုင်ပွဲ၊ အမျိုးသားအသင်းလိုက် ကကွက်ပြိုင်ပွဲနှင့် အတိုက်ပြိုင်ပွဲ ၂၃ ပွဲတို့ ယှဉ်ပြိုင်ကြသည်။ ဂျူဒိုပြိုင်ပွဲကို နံနက်၉နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ A ၌ကျင်းပရာ ပွဲစဉ်ပေါင်း ၅၆ ပွဲ ယှဉ်ပြိုင်ကြသည်။

ပြင်ဆင်ဖတ်ရှုပါရန်

၆-၂-၂၀၁၅ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၁၂)၊ ကော်လံ (၁၊၂၊၃၊၄) ပါ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ကြော်ငြာစာအမှတ် (၁/၂၀၁၅) လျှောက်လွှာခေါ်ယူခြင်းတွင် အပိုဒ် (၂)(ဂ)ပါ ၂၃-၂-၂၀၁၅ရက်တွင် (၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်(အစား) ၁-၁- ၂၀၁၅ ရက်တွင် (၂၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။





ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုစန်းလင်းမောင် ၇/အဖန(နိုင်)၀၇၉၀၃၇၏ ပတ်စ်ပို့ (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၃၆၇၉၃၀၄

ပြည်တွင်းသတင်း

မြင်းမူမြို့ ရေလယ်ကျောက်ဆောင်သို့ ရေကူးသွားစရာမလိုတော့

မြင်းမူ ဖေဖော်ဝါရီ ၁၉

ဧရာဝတီမြစ်ရေ နည်းပါးချိန် မြင်းမူမြို့ ဘုရင့်နောင်ရပ်ကွက်အတွင်းရှိ ရေလယ် ကျောက်ဆောင်သို့ ကျောက်တုံး၊ ကျောက်ခဲများတန်းစီချထားသည့်အပေါ်မှ ခြေကျင်လျှောက်၍ သောက်ရေခပ်၊ ရေချိုး၊ အဝတ်လျှော်သွားလာနေကြသည်ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက မြင်တွေ့ခဲ့ရသည်။

ယခုအခါ ရေကျချိန်ကမ်းစပ်၌ ဆိုက်ကပ်ထားသော မော်တော်များပေါ်မှ ရေထဲစွန့်ပစ်သော စားကြွင်းစားကျန်များ၊ နေအိမ်များမှ လာပစ်သော အမှိုက်သရိုက်များကို လည်းကောင်း စနစ်တကျ မဆောင်ရွက်သည့်အတွက် ရေထဲ မျောပါခြင်းကြောင့် ရေခပ်၊ ရေချိုး၊ အဝတ်လျှော်သူများ စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း သိရသည်။

"ကျွန်တော်တို့ငယ်ငယ်က မြစ်ရေကျဆင်းချိန် ရေလယ်ကျောက်ဆောင်သွားရင်ကို ရင်စို့၊ ခါးလယ်လောက် ရေထဲဖြတ်လျှောက်ရတယ်။ အခုကြည့်ပါဦး ရေထိစရာမလိုဘဲ ရေလယ်ကျောက်ဆောင်ကို သွားလို့ရနေတယ်" ဟု ဒေသခံတစ်ဦးက သူ၏အမြင်ကိုပြောပြသည်။ **(ဝ၇၉)**

ထိုင်းရှိ မြန်မာအလုပ်သမားများကို (ယာယီသက်သေခံလက်မှတ်) လုပ်ဆောင်ပေးမည်

ဗန်ကောက် ဖေဖော်ဝါရီ ၁၉

ထိုင်းနိုင်ငံအတွင်းရှိ အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများအတွက် မည်သူမည်ဝါ ဖြစ်ကြောင်း၊ပန်းရောင်ဘတ်ကတ် (ယာယီသက်သေခံလက်မှတ်) CERTIFICATE OF IDENTITY (C of I ,CI) ထိုင်းနိုင်ငံအခေါ်အဝေါ်အရ (ဘိုင်လပ်ပလောင်းခိုင်ပင်ခိုင်) ကို နိုင်ငံတော်အစိုးရက ပြုလုပ်ပေးရန်အတွက် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာသံရုံး အလုပ်သမား ကူညီစောင့်ရှောက်ရေး ကော်မတီအဖွဲ့ဝင်ဖြစ်သည့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ Myanmar Association in Thailandမှ ဆက်သွယ်ပြောချက်အရ သိရသည်။

လာမည့် မတ်လဆန်း၌ ထိုင်းနိုင်ငံအတွင်း ပန်းရောင်ဘတ်ကတ်ကိုင်ဆောင်ထားကြသည့် မြန်မာအလုပ်သမား ခြောက်သိန်းကျော်ကို နိုင်ငံတော်အစိုးရမှ သက်သေခံလက်မှတ်စာအုပ်ဖြစ်သည့် စာအုပ်အစိမ်းရောင်ကို ထုတ်ပေးတော့မည်ဖြစ်ကြောင်း MAT အဖွဲ့မှ ဒါရိုက်တာ ဦးကျော်သောင်းက ပြောကြားသည်။

"ရှေ့လဆို ပတ်စပို့မရှိတဲ့ မြန်မာအလုပ်သမားတွေအတွက် ထုတ်ပေးထားတဲ့ အလုပ်လုပ်ခွင့် ပန်းရောင်ဘတ်ကတ် သက်တမ်းကုန်ဆုံးကြတော့မယ်၊ တချို့ အလုပ်သမားတွေမှာ မှတ်ပုံတင်၊ အိမ်ထောင်စုဇယား ရှိတဲ့သူတွေကတော့ ယာယီနိုင်ငံကူးလက်မှတ် လျှောက်ကြတော့ပေါ့၊ မရှိကြသူတွေက ယာယီနိုင်ငံကူးလက်မှတ်လျှောက်ဖို့ကို အခက်အခဲတွေလည်းရှိနေကြတော့ သူတို့အတွက် လတ်တလော ဒီမှာနေထိုင်အလုပ်လုပ်ကိုင်နိုင်ဖို့နဲ့ ယာယီနိုင်ငံကူးလက်မှတ် လျှောက်ထားရာမှာ လိုအပ်တဲ့ အိမ်ထောင်စုဇယား၊ မှတ်ပုံတင်တွေ မြန်မာနိုင်ငံမှာ ပြန်ယူနိုင်ဖို့အတွက်ကို ထုတ်ပေးတဲ့စာအုပ်ပါ။ ကျွန်တော့်အမြင်တော့ ပန်းရောင်ဘတ်ကတ်သဘောပေါ့ဗျာ" ဟု MAT အဖွဲ့မှ ပြန်ကြားရေးတာဝန်ခံကိုစောမောင်က ရှင်းပြသည်။

လက်ရှိ မလေးရှားနိုင်ငံ ပတ်စပို့ သက်တမ်းကုန်ဆုံးသော မြန်မာအလုပ်သမားများအတွက် ယာယီသက်သေခံလက်မှတ်ကို သက်တမ်းကာလ နှစ်လတာပေးထားကြောင်း သိရပြီး ထိုင်းနိုင်ငံအတွက် ထုတ်ပေးမည့် CERTIFICATE of IDENTITY (C of I, CI)ပန်းရောင်ဘတ်ကတ်အတွက်ကိုမူ သက်တမ်းကာလ မည်မျှပေးမည်ဖြစ်ကြောင်းကို ထုတ်ပြန်ပေးခြင်း မရှိသောကြောင့် မသိရသေးကြောင်း၊ မြို့တော်ဗန်ကောက် အပါအဝင် မြဝတီ၊ မယ်ဆိုင်၊ ကော့သောင်းနှင့် မဟာချိုင်မြို့များ၌ ပတ်စပို့စာအုပ်ထုတ်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရကြောင်း၊ မြန်မာအလုပ်သမားများအတွက် မည်သူ မည်ဝါဖြစ်ကြောင်း ယာယီသက်သေခံ လက်မှတ်နှုန်းထားကို သက်သာနိုင်ပါစေဟု မျှော်လင့်ကြောင်းဖြင့် MAT အဖွဲ့မှ မျှော်လင့်နေကြကြောင်း သိရသည်။

စိုးဝင်း (SP)

ဆောက်လုပ်ရေးသဲတင်ကားကြောင့် တံတားကျိုးကျ၍ အများပြည်သူအခက်တွေ့

ကော့ကရိတ် ဖေဖော်ဝါရီ ၁၉

ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းက ကော့ကရိတ်မြို့မှ မွေးမြူရေးဇုန်သို့ ဆက်သွယ်သည့်တစ်ခုတည်းသောဝင်ပေါက်ဖြစ်သည့် ကုန်၊ ယာဉ် နှစ်တန်သာခွင့်ပြုထားသော တံတားပေါ်သို့ မြို့နယ်ဆောက်လုပ်ရေးမှ သဲတင်ကားကြီးတစ်စီး စည်းကမ်းမဲ့ဖြတ်သန်းရာ တံတားကျိုးကျပျက်စီးမှုကြောင့် မွေးမြူရေးဇုန်၌ နေထိုင်သူများနှင့် ယာဉ်များသွားလာမှု ပြတ်တောက်သွားကြောင်း ဖေဖော်ဝါရီ ၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၅ တွင် ဖော်ပြပြီးဖြစ်သည်။

မွေးမြူရေးဇုန်၌ နေထိုင်သူပြည်သူများအပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့နှစ်ရှည်စက်မှုကုန်ကြမ်းသီးနှံဖွံ့ဖြိုးရေးခရိုင်ရုံးနှင့် မိုးလေဝသဌာနများပါ သွားလာရေးအခက်အခဲရှိနေကြသည်။

အဆိုပါတံတားကို ယနေ့အထိ ၁၃ ရက်ကြာသည့်တိုင် အရေးပေါ်သွားလာ၍ရရန် ပြုပြင်ခြင်းမရှိသေးသဖြင့် ပွင့်လင်းရာသီ မီးဘေးအန္တရာယ်နှင့် နာမကျန်း မှုများဖြစ်ပွားပါက အရေးပေါ်ယာဉ်များ သွားလာရေးအခက်အခဲနှင့်ကြုံနေရ၍ အမြန်ဆုံးဆောင်ရွက်ပေးစေလိုကြောင်း ပြည်သူများက တင်ပြတောင်းဆိုလျက် ရှိသည်။

တင်ဝင်းလှိုင်(ကော့ကရိတ်)

သတင်းအမှားပေး၍ မီးသတ်ရဲဘော်များ သောကဝေ

မကွေး ဖေဖော်ဝါရီ ၁၉

မီးလောင်မှုဖြစ်ပွားသည်ဟု သတင်းပေးချက်အရ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ဥပကရဏာ (ဥသြဆွဲသံ)များနှင့်အတူ မီးကိုအလျင်အမြန်ငြိမ်းသတ်နိုင်ရေးအတွက် မီးလောင်မှုဖြစ်ပွားရာနေရာသို့ မောင်းနှင်ခဲ့ကြရာ ပြည်သူများကလည်းနောက်မှ ဆိုင်ကယ်၊ ကားများကိုယ်စီဖြင့် လိုက်ပါလာခဲ့ကြသည်။ သတင်းပေးသည့်နေရာသို့ မီးသတ်ယာဉ်များ ဆိုက်ရောက်ရာတွင် အမှန်တကယ်မီးလောင်မှုမတွေ့ရဘဲ ဟိုနေရာနိုးနိုး၊ ဒီနေရာနိုးနိုးဖြင့် မီးသတ်ယာဉ်များမှာတဝဲလည်လည် အဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက မကွေးမြို့ ကန်သာ (၁၄) လမ်းနှင့် ဇမ္ဗူရစ်ရွှေခန်းမထောင့်၌ မီးလောင်မှုဖြစ်ပွားသည်ဟု မီးသတ်တပ်ဖွဲ့သို့ ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားလာခဲ့သဖြင့် မီးသတ်ယာဉ်လေးစီး၊ မီးငြိမ်းသတ်စက်တစ်စီးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ ဦးတည်ရာဆုံမှတ်သို့အရောက်သွားခဲ့ကြောင်း၊ ၎င်းတို့ရောက်ရှိချိန်တွင် မီးလောင်မှုဖြစ်ပွားခြင်းမရှိကြောင်း တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင် ဒုဦးစီးမှူးထံမှ သိရသည်။

ယခုကဲ့သို့ သတင်းမှားပေးပို့ခြင်းသည် သက်ဆိုင်ရာဌာနများနှင့် ပြည်သူတို့အတွက် အထိတ်တလန့်ဖြစ်စေပြီး အများပြည်သူ လုံခြုံရေးအတွက်လည်း အန္တရာယ်ဖြစ်စေနိုင်သည်။ ပြည်သူများ၏လိုအပ်ချက်ကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသော ဌာနဆိုင်ရာများအနေဖြင့် ပြည်သူများနှင့်အတူ ပူးပေါင်းလုပ်ဆောင်လျက်ရှိရာ ယခုကဲ့သို့ ဖြစ်ရပ်မျိုးသည် အချင်းချင်း နားလည်မှုလွဲမှားသွားစေနိုင်မည်ဖြစ်သည်။

သို့ပါ၍ အဆိုပါသတင်းအမှားပေးမှုနှင့်ပတ်သက်ပြီး လုပ်ငန်းနှောင့်ယှက်မှုပြုခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် အမှုဖွင့်ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

သတင်း-ဇူလိုင်မိုး
ဓာတ်ပုံ-ချစ်သမီး

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဟောပြော

သဲကုန်း ဖေဖော်ဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ညောင်ကုန်းကြီးကျေးရွာအုပ်စု စံပြမွှာရုံ၌ ဖေဖော်ဝါရီ ၁၇ ရက်က သဲကုန်းမြို့နယ်လျှပ်စစ်မှူး ဦးခင်မောင်စိုးဦးဆောင်သည့် လျှပ်စစ်ဝန်ထမ်းများသည် ပြည်သူများ လျှပ်စစ် အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ညောင်ကုန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရောင်းမည်။
(၁) ... (Rose Garden Drive No-214) ...
(၂) ရောင်းမည်။
... Orange Market ...
(၃) ငှားမည်။
...
(၄) ဆက်သွယ်ရန် - ...

ပြည်တွင်းသတင်း

ရာသီဥတုပြောင်းလဲခြင်းအပေါ် လိုက်လျောညီထွေဆောင်ရွက်ရေးစီမံကိန်း စတင်

မန္တလေး ဖေဖော်ဝါရီ ၁၉

"အပူပိုင်းဒေသ ရေအရင်းအမြစ်နှင့် အစားအစာဖူလုံမှုအပေါ် ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်နိုင်ခြေများအား စီမံဖြေရှင်းရေး စီမံကိန်း" ကို အမေရိကန်ဒေါ်လာ ၇ ဒသမ ၉ သန်းဖြင့် လေးနှစ်တာ အကောင်အထည်ဖော်မည် ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် United Nations Development Programme (UNDP) ဒုတိယလက်ထောက်အကြီးအကဲနှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး ဖြစ်သူ Mr.Nicholas Rosellini တို့က မန္တလေးမြို့

ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါ စီမံကိန်းကို မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဇုန်တွင် အကောင်အထည်ဖော်မည်ဖြစ်သည်။ အပူပိုင်းဒေသတွင် မြန်မာနိုင်ငံလူဦးရေစုစုပေါင်း၏ ၃၄ ရာခိုင်နှုန်းခန့် မှီတင်းနေထိုင်လျက်ရှိသဖြင့် ပူပြင်းခြောက်သွေ့မှုကာလ ပိုမိုရှည်ကြာလာခြင်းနှင့် ပိုမိုပြင်းထန်လာခြင်းတို့ကြောင့် ရေရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရသည်။

အဆိုပါ စီမံကိန်းအကောင်အထည်ဖော်ခြင်းဖြင့် ကျေးရွာပေါင်း ၂၈၀ တွင် ရေဖမ်းယူသိုလှောင်နိုင်သည့် ရေမြောင်း၊ ရေကန်၊ ရေတင်စက်၊ အဝီစိတွင်းများ တူးဖော်ပေးခြင်း၊ မြေဆီလွှာတိုက်စားမှုများအား လျှော့ချနိုင်ရန်အတွက် ရေဝေရေလဲဧရိယာများ ငါးထောင်ဟက်တာကျော်အား ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။

ထို့အပြင် ပူပြင်းခြောက်သွေ့ရာသီတွင် သီးနှံစိုက်ပျိုးမှုအတွက် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များ အချိန်မီ မှန်ကန်စွာရရှိအသုံးချနိုင်ရေး ပံ့ပိုးပေးမည်ဖြစ်သည်။ အဆိုပါစီမံကိန်းသည် Adaptation fund ဖြင့် ပထမဦးဆုံး အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းဖြစ်၍ UNDP၏ ထည့်ဝင်ငွေလည်းပါဝင်မည်ဖြစ်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က စီမံကိန်းအနေဖြင့် အပူပိုင်းဒေသ ကျေးလက်နေပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေရန် မျှော်လင့်ကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက Adaptation Fund၊ UNDP မြန်မာ၊ မန္တလေး၊ စစ်ကိုင်း၊ မကွေးနဲ့ တိုင်းဒေသကြီးများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် အစိုးရဌာနအဖွဲ့အစည်းများ ပူးပေါင်း၍ ဒေသတွင်းနေပြည်သူများအတွက် ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရေး၊ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် စားနပ်ရိက္ခာဖူလုံရေးတို့အတွက် အကျိုးပြုမည်ဖြစ်ကြောင်း ပြောသည်။

ဆက်လက်၍ Mr. Nicholas Rosellini က ဤစီမံကိန်းသည် Green Climate Fund ကဲ့သို့သော ရာသီဥတုပြောင်းလဲမှုမှ လျှော့ချရေးဆိုင်ရာ ရန်ပုံငွေများရရှိနိုင်ရေးအတွက် မဟာဗျူဟာကျသော အစပျိုး လုပ်ငန်းဖြစ်ကြောင်း ပြောကြားသည်။ **တင်မောင်(မန္တလေး)**

သတင်းတိုများ

မိဘဆရာကျောင်းသားတွေ့ဆုံပွဲ ကျင်းပ

မိုးညှင်း ဖေဖော်ဝါရီ ၁၉

ကချင်ပြည်နယ် မိုးညှင်းဒီဂရီကောလိပ်၏ မိဘဆရာ ကျောင်းသားတွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဒေါက်တာ အောင်မင်းဝင်းက အမှာစကားပြောပြီး မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများနှင့် ဆောင်ရွက်ချက်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတို့က အုပ်ချုပ်မှုနှင့် တရားဥပဒေစိုးမိုးမှုဆိုင်ရာများ၊ သင်္ချာပါမောက္ခက အေးချမ်းစွာပညာသင်ကြားရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများကိုယ်စား ပထဝီဝင် အထူးပြုတတိယနှစ်ကျောင်းသား မောင်ဝင်းထွန်းဦးက ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို လိုလားကြောင်း ဆွေးနွေးတင်ပြကြောင်း သိရသည်။ **ကေဆိုင်းနော်(ဖားကန့်)**

အား/ကာ သိပ္ပံသင်တန်းသားရွေးချယ်

ကသာ ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် မီတာ ၄၀၀ အားကစားကွင်းတွင် ဖေဖော်ဝါရီ ၁၅ ရက်က အား/ကာ သိပ္ပံသင်တန်းသား ရွေးချယ်ပွဲကျင်းပရာ ကသာခရိုင်အတွင်း မြို့နယ်များမှ ကျောင်းသားအားကစားသမား ၃၄၃ ဦး လာရောက်ရွေးချယ်ခံကြပြီး ပဏာမ ၁၀၂ ဦး ရွေးချယ်ခံရသည်။ ၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်ကြားပေးမည့် အားကစားနှင့် ကာယ ပညာသိပ္ပံ(မန္တလေး)သို့ တက်ရောက်ရေး ဆန်ခါတင် ရွေးချယ်သွားမည်ဖြစ်သည်။ ရွေးချယ်ပွဲသို့လာရောက်ကြသော အားကစားဝါသနာရှင်များကို မန္တလေး အား/ကာ သိပ္ပံကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်က နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ရည်ရွယ်၍ အား/ကာ သိပ္ပံဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

လူအောင် (ကသာ)

ဖမ်းဆီးရမိသည့် အရက်နှင့်ဘီယာ တန်ဖိုးငွေကျပ် သိန်း ၂၇၀ ကျော် ဖျက်ဆီး

စစ်တွေ ဖေဖော်ဝါရီ ၁၉

စစ်တွေမြို့တွင် ဖမ်းဆီးရမိသည့် အရက်နှင့်ဘီယာပုလင်းများ၊ ဘီယာစည်များကို ဖျက်ဆီးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီခွဲက ဝေသာလီကစားကွင်းအနီးရှိ သတ်မှတ်ထားသောနေရာ၌ ကျင်းပသည်။ ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်က အရက်နှင့်ပတ်သက်သော ဥပဒေပြဋ္ဌာန်းချက်ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် စစ်တွေမြို့နယ်တရားသူကြီး ဒေါ်မေထွန်းထွန်းအေးက စစ်တွေမြို့နယ် တရားရုံးသို့ တရားစွဲတင်ပို့လာသည့် တရားမဝင် အရက်နှင့်ဘီယာများ ဖျက်ဆီးမှုအခြေအနေနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဖျက်ဆီးမည့် အရက်နှင့် ဘီယာပုလင်းများ၊ ဘီယာစည်များကို ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် အရက်နှင့်ဘီယာပုလင်းများ၊ ဘီယာဘူးများကို လမ်းကြိတ်စက် (Roller) ဖြင့် ကြိတ်၍လည်းကောင်း၊ ဘီယာစည်များကို သွန်ပစ်ခြင်းဖြင့် လည်းကောင်း ဖျက်ဆီးပစ်ကြသည်။

အဆိုပါ အခမ်းအနားသို့ စစ်တွေမြို့ပေါ်ရှိ သံဃာတော်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် နှင့် တရားသူကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ မြို့နယ်၊ ခရိုင်အဆင့်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ တရားမဝင် လိုင်စင်မဲ့ အကောက်ခွန်မဲ့ ဖမ်းဆီးရမိပြီး ဖျက်ဆီးပစ်သည့် အရက်နှင့်ဘီယာများတွင် မြန်မာဘီယာစည် ၁၄၇ စည်၊ မြန်မာဘီယာ ၅၉၆၄ လုံး၊ ANDAMAN ဘီယာ ၃၁၁၂၈ ဘူး ပါဝင်ပြီး ကာလတန်ဖိုး ငွေကျပ် ၂၇၈၄၉၀၀၀ ဖြစ်ကြောင်း၊ ယင်းအရက်နှင့်ဘီယာများသည် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၇ ရက်က စစ်တွေမြို့ ဆတ်ရိုးကျဆိပ်ကမ်းတွင် MV တော်ဝင်သီရိသဘော်နှင့် ကျော်သန်းစိုး စက်လှေပေါ်မှ ဖမ်းဆီးရမိခြင်းဖြစ်ပြီး သက်ဆိုင်ရာက တရားစွဲဆိုကာ ပြစ်မှုကျူးလွန်သူအား အမိန့်ချမှတ်ပြီး ပစ္စည်းများကို ယခုကဲ့သို့ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ဘီယာစည်ခွံများကို ရောင်းချကာ ရရှိငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် ပေးသွင်းသွားမည်ဖြစ်ကြောင်း၊ စစ်တွေမြို့နယ် တရားသူကြီး ဒေါ်မေထွန်းထွန်းအေးက ပြောကြားသည်။

သတင်း-လေးဝတီထွန်းစောခိုင်
ဓာတ်ပုံ-ညီစော

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၂၃၀၃၀၊ Luojia 110 ယာဉ်လက်ဝယ်ရှိသူ Shwe Hlaing Htoo Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံး(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၄၄၄၉၅၊ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ Pho La Min Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံး(ပုသိမ်မြို့)

01 291317, 202921, 09-8627489

POSITION OPENING: IT ASSISTANT TO SUPPORT A WELL-ESTABLISHED INTERNATIONAL OIL & GAS COMPANY IN MYANMAR (1 POSITION)

A. EXPERIENCE & SKILLS

- IT and engineering background, 3 to 5 years experience in IT assistance, support and helpdesk services to international organizations, versed in knowledge of hardware / software / networking and interest in learning, cooperative among the colleagues and responsive to the end users.
- Main responsibility involves in three main areas: helpdesk support, hardware and application support and project-based support.

B. QUALIFICATION/LANGUAGE PROFICIENCY

- Bachelor degree in computer science / engineering, electrical / electronic engineering or other relevant field
- Good command of English (4 skills) is required

C. LOCATION OF WORK & DURATION OF POSITION

Based in Yangon. Contract basis yearly renewed.

APPLICATION

Interested applicants should send a resume/CV with cover letter in English by March 5, 2015 to hr@hqsco.com or hqsco.myanmar@gmail.com. To call 09-5112413/01-507050

ဆေးပညာ နှီးနှောဖလှယ်ပွဲ ဖိတ်ကြားခြင်း

ဆေးတက္ကသိုလ် (၁) ကျောင်းသူ ကျောင်းသားဟောင်းများအသင်း (University of Medicine (1) Alumni Association) မှ ဦးစီးကျင်းပမည့် [illegible]

ဟောပြောမည့်ပုဂ္ဂိုလ်	အကြောင်းအရာ
Prof S. Kyaw Hla (Emeritus Professor, Child Health, University of Medicine 2, Chairman of the Myanmar Medical Council)	- Opportunities for Myanmar Medical doctors in the ASEAN region
Prof. Than Than Tin (Honorary Professor, Prof & Head (Retired), Obstetrics & Gynaecology Department, UM-1)	- Obstetric Pearls for daily Practice

နေ့ရက် : ၂၂.၂.၂၀၁၅ (တနင်္ဂနွေနေ့)
အချိန် : [illegible]
နေရာ : [illegible]

တောင်တွင်းကြီးမြို့နယ်၌ စံပြလယ်ယာမြေဧက ၂၀၀ ဖော်ထုတ်

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအုပ်စု ကွင်းအမှတ် ၂၀၉၈(က)နှင့် (ခ)တို့၌ ဒေသခံတောင်သူများ၏ ပုံသဏ္ဌာန်မမှန်သော လယ်ကွက်များနှင့် ရေသွင်းရေထုတ်ရန်မလွယ်ကူသော လယ်မြေဧက ၂၀၀ ကို စံပြလယ်ယာမြေအဖြစ် စက်မှုလယ်ယာဦးစီးဌာနက ဖော်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

တောင်သူလယ်သမားအကျိုးပြု စံပြလယ်ယာမြေများဖြစ်စေရန် ဖော်ထုတ်ပေးခြင်းဖြစ်ပြီး တောင်သူများက ကုန်ကျစရိတ်စိုက်ထုတ်ရန်မလိုဘဲ အခမဲ့ဖော်ထုတ်ပေးခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများကို ဇန်နဝါရီလအတွင်းက စတင်ဆောင်ရွက်နေခြင်းဖြစ်ပြီး နောက်နှစ်များတွင်လည်း စံပြလယ်ယာမြေများကို အခမဲ့ဆက်လက်ဖော်ထုတ်ပေးသွားမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသိန်းဇော်က ပြောသည်။

စက်မှုလယ်ယာဖော်ထုတ်မှု လုပ်ငန်းအခြေအနေကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၇ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် တောင်သူများကလည်း ဝိုင်းဝန်းကူညီပေးကြရေး ဆွေးနွေးမှာကြားခဲ့ပြီး တောင်သူများ၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်ဝင်း

တက္ကသိုလ်ပါမောက္ခချုပ်တံခွန်စိုက်ဒိုင်း ဘာသာရပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ကျင်းပ

ပခုက္ကူ ဖေဖော်ဝါရီ ၁၉

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပခုက္ကူတက္ကသိုလ် ပါမောက္ခချုပ်တံခွန်စိုက်ဒိုင်း အထူးပြုဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ပခုက္ကူတက္ကသိုလ်ဘောလုံးကွင်း၌ ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းက စတင်ကျင်းပသည်။

ဖွင့်ပွဲတွင် ခေတ္တပါမောက္ခချုပ်ဒေါက်တာဘိုးထိုက်(ဒဿနိကဗေဒဌာနမှူး)က အမှာစကားပြောကြားပြီး ပြိုင်ပွဲသို့ အထူးပြုဘာသာရပ်အသီးသီးမှ ပါမောက္ခဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးခဲ့ကြသည်။ ပထမနေ့ပွဲစဉ်အဖြစ် ဓာတုဗေဒအသင်းနှင့် ပထဝီဝင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဓာတုဗေဒအသင်းက ပထဝီဝင်အသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲကို ပခုက္ကူတက္ကသိုလ် အားကစားနှင့်ကာယပညာကော်မတီကကြီးမှူးကျင်းပပြီး အထူးပြုဘာသာရပ်ပေါင်းစုံမှ အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

နွေစပါးနှင့် အခြားသီးနှံများစိုက်ပျိုးနိုင်ရန် မြောက်ယမားဆည်ရေ စလွှတ်ပြီ

ပုလဲ ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်ရှိ မြောက်ယမားဆည်ရေသောက်ဧရိယာအတွင်းမှ တောင်သူများ စိုက်ပျိုးရေလုံလောက်စွာဖြင့် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ ဆည်ရေလွှတ်ပေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် ဆည်မြောင်းဦးစီးဌာနဦးစီးအရာရှိ ဦးဌေးညွှန့်က "ကျွန်တော်တို့ ပုလဲမြို့နယ်ဟာ မိုးခေါင်ရေရှားဒေသဖြစ်ပေမယ့် တောင်သူများရဲ့ အကျိုးစီးပွားဖြစ်ထွန်းစေရေးကိုရည်ရွယ်ပြီး နိုင်ငံတော်အစိုးရက တည်ဆောက်ပေးခဲ့တဲ့ မြောက်ယမားဆည်ကြောင့် ရာသီမရွေး စိုက်ပျိုးရေလုံလောက်စွာနဲ့ စိုက်ပျိုးလျက်ရှိပါတယ်။ ဒီမြောက်ယမားဆည်အနေနဲ့ ရေပေးဝေနိုင်တဲ့ စိစစ်ဧရိယာဧက ၁၁၃၂၀ ရှိရာမှာ အမှန်ရေပေးနိုင်တဲ့ဧက ၅၉၆၂ ဧကရှိပါတယ်။ တောင်သူများအနေနဲ့ ယာမှလယ်ပြောင်းစနစ်ဖြစ်တဲ့ ဆည်ရေသောက်စနစ်ကို ပြုပြင်နိုင်မယ်ဆိုရင် ၄၁၂၀ ဧကအထိ တိုးချဲ့ပြီး ရေပေးနိုင်မှာဖြစ်ပါတယ်။ ကျန်တဲ့ ၁၂၃၈ ဧကကတော့ ကုန်းမြေမြင့်မှာတည်ရှိတဲ့အတွက် ရေပေးဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် တောင်သူတွေသာ အမှန်တကယ်စိုက်ပျိုးကြမယ်ဆိုရင် ပုံတောင်ခြေက ဖလံပင်ကျေးရွာအနီးမှာတည်ရှိတဲ့ ဧကပေ တစ်သိန်းကျော် ရေလှောင်နိုင်တဲ့ ရေကူတမံလည်းရှိတာကြောင့် မြောက်ယမားဆည်ကနေ စိုက်ဧက ၁၀၀၈၂ ဧကအထိ စိုက်ပျိုးရေကို လုံလုံလောက်လောက်နဲ့ပေးနိုင်ပါတယ်။ ဒီနှစ်နွေရာသီမှာ တောင်သူများအနေနဲ့ နွေစပါးနဲ့ အခြားသီးနှံများကို စိုက်ပျိုးရေလုံလုံလောက်လောက်နဲ့ စိုက်ပျိုးနိုင်အောင် ဖေဖော်ဝါရီ ၁၅ ရက်က စတင်ပြီး ဆည်ရေကို လွှတ်ပေးထားပြီဖြစ်ပါတယ်"ဟု ပြောသည်။

ပုလဲမြို့နယ် မင်းမအရှေ့ကျေးရွာနေတောင်သူတစ်ဦးကလည်း "ကျွန်တော်တို့နေရာက မိုးခေါင်ရေရှားဒေသဆိုတော့ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်အထိ သီးနှံဖြစ်ထွန်းအောင်မြင်မှု နည်းခဲ့ပါတယ်။ ဒါပေမယ့် မြောက်ယမားဆည်ကြီး တည်ဆောက်ပေးခဲ့ပြီးနောက်မှာ ဒီဒေသက တောင်သူတွေ မြေကြီးက ရွှေသီးခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့နွေရာသီတုန်းက နွေစပါး ၅ ဧကနဲ့ နွေနှမ်း ၁၂ ဧကစိုက်ပျိုးခဲ့ပြီး ဆည်ရေလုံလုံလောက်လောက်ရရှိတာကြောင့် နွေစပါးတင်း ၄၀၀ ကျော်နဲ့ နွေနှမ်းတင်း ၁၂၀ ကျော် ထွက်ခဲ့ပါတယ်"ဟု ပြောသည်။

မြောက်ယမားဆည်သည် ပုလဲမြို့နယ်အတွင်းရှိ တောင်သူများသာမက ယင်းမာပင်မြို့နယ်အတွင်းရှိ တောင်သူများအတွက်ပါ အကျိုးပြုလျက်ရှိကြောင်း သိရသည်။ ယခင်နှစ်နွေရာသီတွင် ပုလဲမြို့နယ်အတွင်းမှ နွေစပါးစိုက်ဧက ၁၂၀၀ နှင့် အခြားသီးနှံစိုက်ဧက ၁၃၀၀၊ ယင်းမာပင်မြို့နယ်မှ နွေစပါးစိုက်ဧက ၂၀၀ နှင့် အခြားသီးနှံစိုက်ဧက ၅၀၀ စုစုပေါင်း စိုက်ဧက ၃၂၀၀ လျာထားခဲ့သည့်အနက် တောင်သူများအနေနဲ့ နွေစပါးနဲ့ အခြားသီးနှံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးခဲ့ရာ စုစုပေါင်း ၃၇၁၀ ဧက စိုက်ပျိုးခဲ့ကြကြောင်းနှင့် စိုက်ဧကများကို လုံလောက်စွာ ရေးပေးဝေနိုင်ခဲ့ကြောင်း ပုလဲမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ၏ ပြောကြားချက်အရ သိရသည်။

မင်းခန့်စိုး(ဖေယျာမြေ)

သောက်သုံးရေကန် တူးဖော်မှု ကွင်းဆင်းကြည့်ရှု

နွားထိုးကြီး ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်ကျေးရွာတွင် စိုက်ပျိုးရေနှင့် နွေရာသီအချိန်၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်အတွက် ကျောင်းဘုံရေကန်ကြီးကို ပြန်လည်တူးဖော်ပြုပြင်လျက်ရှိကြောင်း သိရသည်။

ရေကန်ကြီးပြန်လည်တူးဖော်ပြုပြင်ရန် မြေကြီးကျင်းပေါင်း ၁၁၂၂၀ ခန့် တူးဖော်ရမည်ဖြစ်ပြီး နွားထိုးကြီးမြို့နယ် ဆည်မြောင်းဦးစီးဌာနရန်ပုံငွေကျပ် ၈၂ ဒသမ ၈၃ သန်းဖြင့် တူးဖော်လျက်ရှိကြောင်း သိရသည်။ သတ်မှတ်ကာလအတွင်းလုပ်ငန်းများပြီးစီးရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် ဆည်မြောင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်လွင်တို့က ဖေဖော်ဝါရီ ၁၆ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရှိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၆၁၃၃၉ HO -NDA Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုး ၉/မထလ(နိုင်)၂၀၃၅၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/5972၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်း

လယ်ယာသုံးစက်ကိရိယာထိန်းသိမ်းမောင်းနှင်မှု အခြေခံသင်တန်းဖွင့်

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၉

ကျေးလက်နေတောင်သူလယ်သမားများအား လယ်ယာသုံးစက်ကိရိယာ အစိတ်အပိုင်းများ တပ်ဆင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် စနစ်တကျကိုင်တွယ်မောင်းနှင်ခြင်းများ ဆောင်ရွက်နိုင်စေရန်အတွက် တောင်သူပညာပေး လယ်ယာသုံးစက်ကိရိယာထိန်းသိမ်းမောင်းနှင်မှု အခြေခံသင်တန်းကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၈၂)စက်မှုလယ်ယာစခန်း၌ ဖေဖော်ဝါရီ ၁၇ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးစောထွန်းဝင်းနှင့် ညောင်ဦးခရိုင် စက်မှုလယ်ယာဦးစီးမှူးဦးမျိုးသန့်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်စက်မှုလယ်ယာဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သင်တန်းသားများက လယ်ယာသုံးစက်ပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

သင်တန်းတွင် ထွန်ယက်ကိရိယာများ၏ အခြေခံသဘောတရားများနှင့် ထွန်ယက်မှုဘာသာရပ်၊ လက်ကိုင်ရှည် လက်တွန်းထွန်စက်များ၏ စက်မှုပိုင်းဆိုင်ရာအချက်အလက်များ၊ ထွန်စက်မောင်းခြင်း လက်တွေ့လေ့ကျင့်မှု ပုံစံအဆင့်ဆင့်နှင့် ရည်ရွယ်ချက်များ၊ စပါးခြွေလှေ့စက်အသုံးပြုနည်းနှင့် အသုံးပြုစဉ် ကြုံတွေ့နိုင်သည့်အခက်အခဲများ၊ ဖြေရှင်းရမည့် နည်းလမ်းများကို လက်တွေ့နှင့်စာတွေ့ ပေါင်းစပ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၂ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ ကိုင်း၊ သရက်တော၊ ဈေးကုန်း၊ ညောင်တို၊ တခါးမ၊ လယ်ယားမြောက်ကျေးရွာများမှ သင်တန်းသားတောင်သူ ၃၀ တက်ရောက်ကြပြီး သင်တန်းဖွင့်ပွဲသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များနှင့် ဌာနဆိုင်ရာများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

နေအောင်(iprd)

ဂန့်ဂေါမြို့နယ် ရှုံးရှီကျေးရွာတွင် ရာဇမုနိဓာတ်တော်ရှင် စေတီတော်ကြီးကို ရွာလုံးကျွတ်လုပ်အားဒါနဖြင့် တည်ထား

ဂန့်ဂေါ ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ရှုံးရှီကျေးရွာအနီးရှိ အဘယာဂီရိကုန်းတော်ပေါ်တွင် တည်ရှိတော်မူသော ရာဇမုနိဓာတ်တော်ရှင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသည် ရှုံးရှီကျေးရွာနေ ရွာသူ ရွာသားများ၏ ရွာလုံးကျွတ် စုပေါင်းလုပ်အားဒါနဖြင့် တည်ဆောက်ကိုးကွယ်ထားသော စေတီတော်ဖြစ်ကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ် ရှုံးရှီကျေးရွာကို စတင်တည်ထောင်ချိန်မှစ၍ စေတီတည်ပြီးသည့်အချိန်အထိ နှစ်ပေါင်း ၁၀၀ ကျော်တိုင်အောင် အထွတ်အမြတ်ထား၍ ကိုးကွယ်ရာစေတီတော်တစ်ဆူမျှ မရှိခဲ့၍ ရွာလုံးကျွတ်ဆိုင်ရာ စေတီတော်တစ်ဆူကို တည်ထားကိုးကွယ်ရန် စည်းဝေးဆွေးနွေးဆုံးဖြတ်၍ ရာဇမုနိဓာတ်တော်ရှင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခြင်းဖြစ်ကြောင်း စေတီတော်သမိုင်းကမ္ပည်းကျောက်စာတွင် ရေးထိုးဖော်ပြထားသည်။ စေတီတော်မြတ်ကြီးကို ၃ ဒသမ ၂၄ ဧက ကျယ်ဝန်းသော သာသနာ့မြေပေါ်တွင် တည်ထားပြီး ဉာဏ်တော်အမြင့်မှာ ၃၅ တောင်နှင့် ၁၆ လက်မအမြင့်ဖြစ်ကြောင်း သိရသည်။

စေတီတော်တည်ထားမည့် မြေနေရာတွင် ချုံနွယ်ပိတ်ပေါင်းရှင်းလင်းခြင်း၊ မြေညှိခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ကောဇာသက္ကရာဇ် ၁၃၅၅ ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက်မှစတင်ပြီး ရွာလုံးကျွတ်လုပ်အားဖြင့် ဆောင်ရွက်ခဲ့သည်။ ယင်းနောက် ကုန်းတော်မြေသန့်စင်ခြင်း မင်္ဂလာအခမ်းအနားကို ကောဇာသက္ကရာဇ် ၁၃၅၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် နံနက် ၇ နာရီတွင်လည်းကောင်း၊ ပန္တက်တင်မင်္ဂလာအခမ်းအနားကို ၁၃၅၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် နံနက် ၈ နာရီ ၂၅ မိနစ် ၄၀ စက္ကန့်တွင်လည်းကောင်း၊ အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ၁၃၅၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁ ရက် နံနက် ၁၀ နာရီ ၃၀ မိနစ် ၄၅ စက္ကန့်တွင်လည်းကောင်း ကျင်းပခဲ့ပြီး ၁၃၆၀ ပြည့်နှစ် နယုန်လဆန်း ၁၀ ရက်မှစ၍ ရွာလုံးကျွတ်လုပ်အားဒါနဖြင့် စေတီတော်တည်ထားရေးလုပ်ငန်းများကို နေ့ရောညပါ ဆောင်ရွက်ခဲ့ကြရာ ၁၃၆၁ ခုနှစ် တပို့တွဲလဆန်း ၃ ရက်တွင် စေတီတော်တည်ဆောက်ရေးလုပ်ငန်းများ ပြီးမြောက်ခဲ့သည်။ ၁၃၆၁ ခုနှစ် တပေါင်းလဆန်း ၁၁ ရက် နံနက် ၉ နာရီတွင် ရွှေထီးတော်တင်လှူခြင်းနှင့် အနေကဇာတင်မင်္ဂလာသဘင်အခမ်းအနား ကျင်းပနိုင်ခဲ့သည်။

စေတီတော်တည်ထားရေးလုပ်ငန်းများ ဆောင်ရွက်သောကာလမှာ ခြောက်နှစ်ကျော်ကြာမြင့်ခဲ့ပြီး အုတ်ချပ်ရေ ၃၁၅၈၄၆ ချပ်၊ ကျောက်ကြီးကျင်းပေါင်း ၁၄၅ ကျင်း၊ အာလူးကျောက်ကျင်းပေါင်း ၁၆၇ ကျင်း၊ သဲကျင်းပေါင်း ၃၄၈ ကျင်း၊ ထုံးတင်းပေါင်း ၅၅၆၉ တင်းနှင့် ဘိလပ်မြေအိတ်ပေါင်း ၂၁၇ အိတ်နှင့် အလှူငွေ ၄၁၄၀၅၂၅ ကျပ် ကုန်ကျခဲ့ကြောင်း သိရသည်။

ရာဇမုနိဓာတ်တော်ရှင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးတည်ရှိတော်မူရာ အဘယာဂီရိကုန်းတော်၏ အနီးဝန်းကျင်တွင် နိုင်ငံကျော်မုံလယ်တောရကျောင်းတိုက်နှင့် အခြားဘုန်းတော်ကြီးကျောင်းတိုက်များ တည်ရှိနေကြပြီး သဘာဝသစ်တောများလည်းတည်ရှိနေသေးကာ ဆိတ်ငြိမ်သာယာလှပသော သဘာဝပတ်ဝန်းကျင်ကြောင့် ဂန့်ဂေါမြို့က စစ်ကိုင်းချောင် ဟု တင်စားခေါ်ဝေါ်ကြလျက် ဘုရားဖူးဧည့်ပရိသတ်များ လာရောက်လျက်ရှိကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

ဖလမ်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

ဖလမ်း ဖေဖော်ဝါရီ ၁၉

ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူအောင်နှင့်အဖွဲ့က ဖလမ်းမြို့နယ် ဦးစီးမှူးနှင့်အတူ ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဖလမ်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)၏ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သော လမ်းဖောက်လုပ်ခြင်း၊ ရေပေးဝေရေးလုပ်ငန်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်းစသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်မြေသားလမ်းကိုးခု၊ အရှည် ၇၉ မိုင်ကျော်အတွက် ငွေကျပ် ၇၅၇ ဒသမ ၈၆၅ သန်း၊ ကျေးလက်ကျောက်ချောလမ်း အရှည် ၄ မိုင်ကျော်အတွက် ငွေကျပ် ၂၆၄ ဒသမ ၆ သန်း၊ ရေပြွန် ၄၈ စင်းအတွက် ငွေကျပ် ၉၃ ဒသမ ၇၅ သန်း၊ ကျေးရွာသုံးရွာတွင် ရေပေးဝေရေးလုပ်ငန်းအတွက် ကျပ် ၇၅ သန်း၊ ကျေးရွာငါးရွာတွင် မီးလင်းရေးလုပ်ငန်းအတွက် ငွေကျပ် ၁၈ သန်း စုစုပေါင်းခွင့်ပြုငွေကျပ် ၁၂၆၀ ဒသမ ၆၂ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးနှင့် ဖလမ်းမြို့နယ်ဦးစီးမှူး ဦးလာလ်ဟုပ်ထန်းတို့က ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

နေစု(ချင်းရိုးမ)

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီး ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ဖိတ်ကြားလွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရား တပေါင်းပွဲတော်ကို ၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများ လာရောက်လည်ပတ်နိုင်ပါရန်နှင့် ဈေးဆိုင်ခန်းများနှင့် ပျော်ပွဲရှင်ပွဲများအတွက် ဆက်သွယ်လိုပါက ဖုန်း-၀၉-၅၀၆၄၇၆၄၊ ၀၉-၈၅၃၄၆၀၇၊ ၀၉-၈၅၈၁၈၅၃၊ ၀၉-၈၅၈၁၀၄၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

တပေါင်းပွဲတော်ကျင်းပရေးကော်မတီ၊ ဇလွန်မြို့

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

အဒေါ်-ဒေါ်ဆိုက်တီအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် ပေးအပ်ချီးမြှင့်သည့် **သုခမ္မသိင်္ဂီဘွဲ့**ကို ထိုက်ထိုက်တန်တန်ရရှိသည့်အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ကျန်းမာချမ်းသာစွာဖြင့် သာသနာ့အကျိုးကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးသိန်းဌေး-ဒေါ်လှဲ့လှဲ့ဝင်း

မိသားစု

မြန်မာ့မီးရထားအငြိမ်းစားများအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာ့မီးရထား အငြိမ်းစားများအသင်း၏ ၂၀၁၃-၂၀၁၄ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်တိုင်း အသင်းဝင်ကတ်ပြားနှင့်တကွ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် (စနေနေ့)

ကျင်းပမည့်အချိန် - မွန်းတည့် ၁၂း၀၀ နာရီတိတိ

ကျင်းပမည့်နေရာ - မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ၊ အင်းစိန်

အလုပ်အမှုဆောင်အဖွဲ့

လှည်းကူးမြို့နယ်၊ အရှေ့ကြာအင်းကျေးရွာအုပ်စု၊ သရက်သုံးပင်ရွာနေ ဦးမွန်ကြီး(ခ)အုန်းမှုတ်စိန်၊ ဦးသိန်းဇော်နှင့်အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် (၁၂၀၉) နေ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

သရက်သုံးပင်ရွာနေ ဦးမွန်ကြီး(ခ)အုန်းမှုတ်စိန်နှင့် ဦးသိန်းဇော်တို့ ခိုင်းစေချက်အရ ၁၂-၂-၂၀၁၅ရက်က အလုပ်သမားများမှ ခြံမြေအတွင်းမီးရှို့ခဲ့သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေပိုင်ကွင်းအမှတ်(၂၄)၊ အကွက်ကြီးအမှတ်(၂)၊ ခြံကွက်အမှတ်(၅/၆)တို့တွင် စိုက်ပျိုးထားသော ရော်ဘာပင်၊ ခညင်းပင်၊ သရက်ပင်၊ ထီးရိုးဝါးပင်၊ နာနတ်ပင်တို့ မီးကူးစက်လောင်ကျွမ်းခံရသည့်အပြင် အချို့သစ်ပင်များကိုခြံအတွင်းဝင်၍ ခုတ်ပစ်ခြင်းတို့ကြောင့် ကျပ်သိန်း ၁၂၀ ခန့် နစ်နာဆုံးရှုံးခဲ့ရသည့်အပြင် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလခန့်က ကျွန်ုပ်၏မိတ်ဆွေ ခွင့်ပြုချက်မရှိဘဲ ပေ(၂၀×၉၀၀) ခန့် ကျူးကျော်ပြီး ခြံခတ်ထားခဲ့သည့်အတွက် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခြံစည်းရိုးကိုဖယ်ရှားကာ မီးလောင်ဆုံးရှုံးမှုတန်ဖိုးကျပ်သိန်း (၁၂၀)တိတိကို ပေးလျော်ရန်နှင့် လိုက်နာရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

တရားဝင်လွှဲအပ်ညွှန်ကြားချက်များအရ-

ဦးတင်ဝင်း (စဉ်-၇၀၂၉)
တရားလွှတ်တော်ရှေ့နေ
LL.B, D.B.L,D.M.L,D.I.L
D.A.Psy, D.O.S, Dip in English

ဒေါ်အိအိထွေး LL.B (စဉ်-၃၈၁၆၂)

ဒေါ်စုဝသန်ကျော် LL.B (စဉ်-၄၁၉၅၆)

အထက်တန်းရှေ့နေများ

အမှတ်(၆၆၁)၊ မြေညီထပ်၊ မာဃ(၆)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/အိုးအိမ်)၊ မြေကွက်အမှတ် (၈၂၉/က)၊ မြေကွက်တည်နေရာအမှတ်(၈၂၉/က)၊ ရတနာပုံ ၂လမ်း၊ ၉ရပ်ကွက်၊ သာကေတမြို့နယ် (ဦးအောင်ကြိုင်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ကြိုင်(ဖခင်)နှင့် ဒေါ်လှညွန့်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဦးလှမြင့် ၁၂/သကတ(နိုင်)၀၂၆၄၆၄၊ ၂။ဦးမြင့်အောင် ၁၂/သကတ(နိုင်)၀၂၆၀၉၇၊ ၃။ဦးမြင့်ဦး ၁၂/သကတ(နိုင်)၀၂၄၂၉၀၊ ၄။ဦးကြည်ဝင်း ၁၂/သကတ(နိုင်)၁၂၆၈၁၀ တို့မှသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်အရ ၁၉၉၅ ခုနှစ်တွင် ဦးအောင်ကြိုင်မှ မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ ယင်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြလာသဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


ကန့်ကွက်နိုင်ပါသည်

ပြည်တွင်းသတင်း

သတင်းတို

ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေးတိုက်ကျွေး

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့နယ်ခွဲတွင် (၅)နှစ်အောက် ကလေးငယ်များအား ဗီတာမင်အေဆေးများကို မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၆ ရက်က မြို့နယ်ကျန်းမာရေးဆေးပေးခန်း၌ တိုက်ကျွေးခဲ့သည်။ ထိုသို့ တိုက်ကျွေးရာတွင် အသက် ၆ လမှ ၁နှစ် အထိ ကလေးများကို ဗီတာမင်အေ တစ်သိန်းအားနှင့် အသက် ၁ နှစ်မှ ၅ နှစ်အထိ ကလေးများကို ဗီတာမင်အေနှစ်သိန်းအား ဆေးများနှင့် အသက် ၂နှစ်မှ ၅ နှစ်အထိ ကလေးများအား သံချဆေးများ အပါအဝင် ကာကွယ်ဆေးများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **စိုးမိုးကျော်(iprd)**

နည်းပညာကျောင်းသားများအတွက် ဂျပန်ပြန်ပညာသင်ကျောင်းသားဟောင်းများအသင်းက ပညာသင်ဆုများ ပေးအပ်မည်

သတင်း ➤ သွန်းဝသန်၊ ဓာတ်ပုံ ➤ မေဦးမိုး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်များတွင် ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအတွက် မြန်မာနိုင်ငံ ဂျပန်ပြန် ပညာသင်ကျောင်းသားဟောင်းများအသင်းက နှစ်စဉ် ပညာသင်ဆုများ ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

"ပညာသင်ဆုကို ပြီးခဲ့တဲ့ပညာသင်နှစ်က စတင်ပေးအပ်ခဲ့ပြီး ယခုနှစ်မှာလည်း ဆက်လက်ပေးအပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းနဲ့ ဂျပန်နိုင်ငံက အကြီးဆုံးစက်မှုလုပ်ငန်းတစ်ခုက ထူထောင်ထားတဲ့ The Honda Foundation နဲ့ ပူးပေါင်းဆောင်ရွက်တာပါ။ နည်းပညာတက္ကသိုလ်တွေထဲက ရွေးချယ်ပေးသွားမယ်"ဟု ဂျပန်ပြန်ပညာသင် ကျောင်းသားဟောင်းများအသင်းမှ ဦးကျော်ရဲမင်းက ပြောသည်။

နည်းပညာတက္ကသိုလ်များတွင် အင်ဂျင်နီယာဘာသာရပ်များကို လေ့လာဆည်းပူးနေကြသူများအတွက် ပိုမိုကြိုးစားလိုစိတ်ရှိလာစေရန် ရည်ရွယ်ထားပြီး ယင်းဆုများကို ပညာသင်နှစ်လယ် ဒီဇင်ဘာလတွင် စတင်ပေးအပ်မည်ဖြစ်သည်။

ယခုနှစ်အတွက် ပညာသင်ဆုလျှောက်လွှာများကို မေလတွင် စတင်လက်ခံပေးမည်ဖြစ်ပြီး ကျောင်းသားများအတွက် ရေးဖြေစာမေးပွဲများနှင့် လူတွေ့စစ်ဆေးခြင်းများကို ပြုလုပ်ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

ပညာသင်နှစ်များအတွက် ပညာသင်ဆုကို သတ်မှတ်ချီးမြှင့်ပေးမည်ဖြစ်ပြီး လူရွေးချယ်ခြင်းကို ဇွန်နှင့် ဇူလိုင်လများတွင် ကျင်းပကာ ဩဂုတ်လတွင် အပြီးသတ်ကြေညာပေးမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

နည်းပညာတက္ကသိုလ်ကျောင်းသား ကျောင်းသူများကို ပညာသင်ဆုချီးမြှင့်ပေးရန်အတွက် ပြည်တွင်းပြည်ပ အသင်းအဖွဲ့များက ရွေးချယ်မှု များပြားခြင်းကြောင့် ကျောင်းသူ ကျောင်းသားများအနေဖြင့် ပညာဆည်းပူးလေ့လာရာတွင် အခွင့်အလမ်းများ ယခင်ကထက် များပြားလာကြောင်း ကျောင်းသား ကျောင်းသူများထံမှ သိရသည်။ **(မြန်မာ့အလင်း)**

မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

မြင်းမူ ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ မြောက်ပိုင်းရပ်ကွက်နေ ဒေသခံပြည်သူများအား မြင်းမူမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်(အထူး) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဖေဖော်ဝါရီ ၁၇ ရက်က ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစိုးမျိုး ဦးကျော်ကျော်လင်း၊ တိုက်နယ်တာဝန်ခံ ဦးကျော်သန်းနှင့် ဝန်ထမ်းများက မြောက်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောလွင်နှင့် ရပ်ကွက်အထောက်အကူပြုကော်မတီဝင်များနှင့် ပူးပေါင်းပြီး အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီးသူ ၁၀၃ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။

မြင်းမူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်အတွင်းရှိ ရပ်ကွက်တစ်ခုနှင့် ကျေးရွာ ၃၈ ရွာမှ ဒေသခံပြည်သူ ၂၈၅၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

အောင်စိုးဖေ(iprd)

ရေးမြို့နယ်တွင် အိမ်ခြံမြေဈေးကွက် မြင့်တက်နေ

ရေး ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာသည်နှင့်အမျှ မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ အိမ်ခြံမြေဈေးနှုန်းများမှာ မြင့်တက်လာလျက်ရှိရာ ငါးနှစ်အတွင်း အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း သိရသည်။

ရေးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးဥယျာဉ်ခြံမြေများကို အဓိကထားပြီး ရင်းနှီးမြှုပ်နှံလာကြခြင်းဖြစ်ကာ နေရာအပေါ် မူတည်၍ ခြံမြေလွတ်မြေရိုင်းတစ်ဧကလျှင် အနိမ့်ဆုံး ငွေကျပ်သုံးသိန်းမှ ငါးသိန်းအထိ ဈေးရှိပြီး စီးပွားရေးအချက်အချာကျသော မြေနေရာများမှာ ငွေကျပ်သိန်းရာဂဏန်းမှ ထောင်ဂဏန်းအထိရှိနေကြောင်း၊ ယခုနှစ်တွင် ရော်ဘာဈေးကောင်းမရခြင်းနှင့် မြေဈေးနှုန်းမြင့်နေမှုကြောင့် ရော်ဘာခြံစိုက်ပျိုးသူအချို့မှာ ခြံမြေများကို ပြန်လည်ရောင်းချပြီး အခြားလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်နေကြကြောင်း သိရသည်။

ယခုနှစ်များအတွင်း ခရီးသွားလုပ်ငန်းများလည်း ပိုမိုတွင်ကျယ်လာသဖြင့် ပြည်တွင်းရှိလုပ်ငန်းရှင်များနှင့် ဒေသခံစီးပွားရေးလုပ်ငန်းရှင်များကလည်း ဒေသအတွင်း စီးပွားရေးမဟာဗျူဟာကျသော စီမံကိန်းများ လျာထားသည့် ကုလားကုတ်ရေနက်ဆိပ်ကမ်းနှင့် ပင်လယ်ကမ်းခြေအပန်းဖြေနေရာများတွင် ခရီးသွားလုပ်ငန်းတွင်ကျယ်ဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများလည်း အပြိုင်အဆိုင် ပြင်ဆင်နေရာယူဖွင့်လှစ်လာကြလျက်ရှိရာ ဒေသအတွင်းအဓိကလိုအပ်ချက်များဖြစ်သော ဟိုတယ်၊ မိုတယ်တည်းခိုရိပ်သာများကိုလည်း ပြည်တွင်းလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံလာကြကြောင်း သိရသည်။

ရေးမြို့နယ်နှင့် ဆက်စပ်နေသော နယ်စပ်ဂိတ်ဝင်ပေါက်များနှင့် လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးမှုအားကောင်းလာသည်နှင့်အမျှ ဒေသအတွင်းသို့ ကုန်စည်စီးဆင်းမှုမြင့်တက်လာမည့်အပြင် ခရီးသွားများ ဝင်ရောက်မှုလည်း ပိုမိုများပြားလာမည်ဖြစ်ကြောင်း အများစုကလက်ခံ ယုံကြည်နေကြသည်။

ထိုရင်းနှီးမြှုပ်နှံမှုများကြောင့် ဒေသတွင်း အလုပ်အကိုင်၊ အခွင့်အလမ်းသစ်များကို ဖန်တီးပေးနိုင်ပြီး အလုပ်လက်မဲ့ နှုန်းကိုလည်း လျှော့ချနိုင်မည်ဖြစ်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဒေသခံအများစုက လက်ခံကြိုဆိုလျက်ရှိကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**



လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာချက်

မောင်အောင်ကျော်ဆက် ၁၂/မဂဒ(နိုင်)၀၀၄၁၆၂ နှင့် မရတနာခိုင်(ခ)Wendy Sein ၁၂/ရကန(နိုင်)၀၇၃၀၈၆ တို့သည် လင်မယားအဖြစ်မှ ၂၉-၉-၂၀၁၄ ရက်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာအပ်ပါသည်။

မရတနာခိုင်(ခ)Wendy Sein ၏ ညွှန်ကြားချက်အရ-
ခင်မောင်မြင့် B.A(Law), LL.B., DL Graduate(WIPO-Switzerland),
Advocate (စဉ်-၂၂၆၉/၁၉၈၂)
MAC Tower, ၅၆၁(ပထမထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ Tel:95-1-706845/384382, GSM:95-9-5121448
E-mail:Kmm-Lawyer @ myanmar.com.mm.

ကျေးဇူးဆပ်ပါမည်

ကားအမှတ် 7E/8496 ၏ကား မှတ်ပုံတင်စာအုပ်၊ အုံနာစာအုပ်နှင့်ပရီမီယံစာအုပ် Taxi ပေါ်တွင် မေ့ကျန်ခဲ့၍တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၆၅၄၀၃၊ ၀၉-၅၄၃၃၃၈၀

ယာဉ်မောင်းအလိုရှိသည်

တာဝန်ချိန်နည်းသည်

ပုံမှန်တာဝန်ဖြစ်သည့်ရုံးသမား၊ ကျောင်းသမားမရှိပါ တစ်ခါတစ်ရံဆေးခန်းပြရန် ညဂျူတီရှိမည်

၁။ ယာဉ်မောင်းသက်(၅)နှစ်အထက်ရှိသူ ကျား/မ
၂။ အရက်၊ ဆေးလိပ်၊ ကွမ်း မစားသူ
၃။ ပတ်ဝန်းကျင်အနှောင့်အယှက်များအပေါ်တွင်စိတ်ရှည်သည်းခံနိုင်သူဖြစ်ရမည်။Auto ဂီယာ မောင်းနိုင်ရမည်။
၄။ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်း၊ ရပ်ကွက်ရုံးထောက်ခံစာပါရမည်။လှိုင်မြို့နယ်နှင့် အနီးတစ်ဝိုက်နေသူဦးစားပေးမည်။

လစာ-ညှိနှိုင်း
ဖုန်း-၀၁-၅၀၇၂၂၁

သူငယ်ချင်းတို့

ငါရန်ကုန်မှာနေတယ်။
အသက်တွေလဲကြီးပြီ တာဝန်တွေလဲပေါ့သွားပြီဆိုတော့ နှစ် ၃၀ ကျော်လောက် မဆက်သွယ်ဖြစ်တဲ့ သူငယ်ချင်းတွေကို ပြန်သတိရမိတယ်-ပြန်ဆုံကြပြီးစကားလေး ဘာလေးပြောချင်ရင် ဆက်သွယ်လိုက်ပါ ပခုက္ကူကသူငယ်ချင်း မစန်းမြင့်နဲ့ တွေ့ချင်တယ်-
၈၀၊ ၈၁၊ ၈၂ (မြို့ပြ)သခင်ဘိုးလှကြီး စက်မှုသိပ္ပံချောက်ကျောင်းဆင်းသူငယ်ချင်းများသို့

ဖုန်း-၀၁-၅၀၇၂၂၁

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁E ၊ မြေကွက်အမှတ် ပဉ္စမတန်းစား ၅၄A၊ မြေကွက်တည်နေရာအမှတ်(၃)၊ ၁၁၀ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဦးဟန်တင့်) အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဦးဟန်တင်ထံမှ အရောင်းအဝယ်စာချုပ်(၁၄၈/၃၁-၁-၉၄)အရ ဒေါ်လှကြည်မှ မြေကွက်၏ အစိတ်အပိုင်းကို ပိုင်ဆိုင်လာပြီး ဒေါ်လှကြည်ထံမှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ် ၆၃၊ အမွေထိန်းလက်မှတ်စာ (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၉၀) ၃၀၇(၂)((၂၁-၅-၁၄) ဖြင့် ရရှိသူ ဦးလှတင် ၁၂/မဂတ(နိုင်)၀၇၀၄၀၅၊ ဒေါ်လှမြင့် ၉/မရမ(နိုင်)၀၆၄၂၇၈၊ ဦးမောင်လှ ၉/မရမ(နိုင်) ၀၇၂၁၆၂၊ ဦးမောင်မြ ၁၂/မဂတ(နိုင်)၀၆၉၁၀၇၊ ဒေါ်ဖာတမာဘီ ၁၂/မဂတ(နိုင်) ၀၄၁၈၉၂၊ ဦးဂျမာခန်း ၉/မရမ(နိုင်)၀၇၂၁၆၃၊ ဒေါ်စလေဝါ ၁၂/မဂတ(နိုင်) ၀၄၁၉၂၈ (၄င်းကိုယ်တိုင်နှင့် ကိုယ်စား GP ၃၄၉၁/၂၈-၂-၁၃၊ ၃၄၉၂/၂၈-၂-၁၃အရ ဦးလှတင်)၊ ဦးဘာဘူကြီး MTNT-၀၂၅၃၁၁တို့မှ မြေကွက်အစိတ်အပိုင်းကို အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၂-၂၀၁၅ ရက်ထုတ် ဤမြန်မာ့အလင်း သတင်းစာကြော်ငြာကဏ္ဍစာမျက်နှာ(၃၀) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် မြေကွက်၏ နေရပ်လိပ်စာ၌ အင်း၀(၆)လမ်းအစား၊ အင်း၀(၉)လမ်းဟု၄င်း၊ ဒေါ်ညွှန့်ညွှန့်ဆန်း ၁၂/ဥကတ(နိုင်) ၀၀၉၃၆၅ အစား ဒေါ်ညွှန့်ညွှန့်သန်း ၁၂/ဥကတ(နိုင်)၀၀၉၃၆၅ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြည်တွင်းသတင်း

မီးလောင်သွားသောစည်ပင်သာယာဈေး ပြန်လည်တည်ဆောက်ရန် ဝန်ကြီးချုပ်မှာကြား

ရေနံချောင်း ဖေဖော်ဝါရီ ၁၉

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၂ နာရီ ခွဲခန့်က လောင်ကျွမ်းခဲ့သော စည်ပင်သာယာဈေးမီးလောင်ကျွမ်းပျက်စီးမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက နံနက် ၇ နာရီခန့်တွင် သွားရောက်ကြည့်ရှုခဲ့ပြီး မီးငြိမ်းသတ်မှုအခြေအနေများကို ကြည့်ရှုကာ မီးကြွင်းမီးကျန်များ ထပ်မံမကူးစက်စေရေး စနစ်တကျဆောင်ရွက်ရန်နှင့် ယာယီဈေးဖွင့်လှစ်၍ ဆိုင်ခန်းများနေရာချထားရေး၊ ဈေးပြန်လည်တည်ဆောက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဈေးမီးလောင်ကျွမ်းမှုအခြေအနေများကို ကြည့်ရှုခဲ့ပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လင်းအောင်၊ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူးနှင့် စည်ပင်သာယာရေးညွှန်ကြားရေးမှူးတို့က မီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်သည့်အခြေအနေ၊ မီးကြွင်းမီးကျန်များအား ငြိမ်းသတ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က မီးကြွင်းမီးကျန်များမှ ထပ်မံမီးမကူးစက်ရေးအတွက် စနစ်တကျဆောင်ရွက်ထားရှိရေး၊ လုံခြုံရေး၊ မီးလောင်ပြင်ကို သန့်ရှင်းရေးဆောင်ရွက်ရေးတို့ကို မှာကြားပြီး မီးကြွင်းမီးကျန်များ ငြိမ်းသတ်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ စည်ပင်သာယာရေးကော်မတီဝင်များနှင့်တွေ့ဆုံပြီး ဈေးမီးလောင်မှုနှင့်ပတ်သက်၍ ယာယီဈေးဖွင့်လှစ်၍ ဆိုင်ခန်းများနေရာချထားရေး၊ မီးစတင်လောင်ကျွမ်းမှုနှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်ရေး၊ ဈေးပြန်လည်တည်ဆောက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ဖဲ)

ညောင်ဦးနှင့် ငါ့သရောက်မြို့နယ်အတွင်း မြေသားရေလှောင်ကန်များတူးဖော်ပေးနေ

ငါ့သရောက် ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ မိုးရေလုံလောက်စွာရရှိပြီး သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် ညောင်ဦးမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက မြေသားမိုးရေလှောင်ကန်များ တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာနေပြည်သူများ မှီခိုအားထားနေရသည့် မြေသားရေလှောင်ကန်ကြီးကို ဖေဖော်ဝါရီ ၁၄ ရက်ကစ၍ အသစ်ပြန်လည်တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။ ဖြူကြီးကျေးရွာ မြေသားရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်းကို ညောင်ဦးမြို့နယ်ဆည်မြောင်းဦးစီးဌာနက မင်းအနော်ရထာအုပ်စုကုမ္ပဏီလီမိတက်ကို တာဝန်ယူဆောင်ရွက်ပေးရန် လုပ်ငန်းလွှဲပြောင်းပေးထားပြီး ယခုအခါ ကုမ္ပဏီမြေတူးစက်ကြီးလေးစီးဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ဆည်မြောင်းဦးစီးဌာနသည် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးတို့အတွက် ရေလှောင်ကန်များတူးဖော်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ညောင်ဦးခရိုင်အတွင်း၌ ကန်ပေါင်း ၃၀ ခန့် အသစ်ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်ပြီး ညောင်ဦးမြို့နယ်အတွင်း ကန် ၁၄ ကန်တူးဖော်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ငါ့သရောက်မြို့နယ်အတွင်း ပြုပြင်ရန်လိုအပ်လျက်ရှိသည့် မြေသား မိုးရေလှောင်ကန်များကိုလည်း အသစ်ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်ရာ ဒေသတွင်းကျေးရွာများဖြစ်သော ကံသာယာ၊ ထန်းပေါက်ကုန်းနှင့် မျက်ခါးတောကျေးရွာတို့တွင် မိုးရေလှောင်ကန်များ တူးဖော်ပေးခဲ့ပြီးဖြစ်ကြောင်း ညောင်ဦးမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ရဲဝင်းနိုင်(iprd)

သိမ်းဆည်းမြေများ လွှဲပြောင်းပေးအပ်

တောင်သာ ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျွဲဇင်းကျေးရွာရှိ သိမ်းဆည်းမြေများအား မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပသည်။

ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က သိမ်းဆည်းမြေများ ပြန်လည်လွှဲပြောင်းပေးခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျွဲဇင်းကျေးရွာရှိ KN ဦးတင်ဝင်းက သိမ်းဆည်းထားသောမြေများကို မူလတောင်သူ ဦးညိုပါ တောင်သူ ၂၂ ဦးထံ အမှန်တိုင်းတာရရှိမြေ ၁၉၃၈ ဧကအား တောင်သူတစ်ဦးချင်း ဦးပိုင်အလိုက် လုပ်ပိုင်ခွင့်ယာယီပုံစံ(၃) များကို လွှဲပြောင်းပေးအပ်ခဲ့သည်။ ဖေဖော်ဝါရီ ၁၇ ရက်တွင် မြေပြင်တွင် ကွင်းဆင်းတိုင်းတာပြီး လက်ရောက် ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) များကိုလည်း အမြန်ဆုံးထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မကွေးမြို့နေ(ဦးတင်လှ)-ဒေါ်ချစ်၊ ပခုက္ကူမြို့၊ ဗိုလ်ချုပ်လမ်းနေ
(ဦးချမ်းငြိမ်း-ဒေါ်အေးပု)တို့၏မြေး၊ ဒေါ်စောကြိုင်(ပါမောက္ခ၊ ငြိမ်း)၏တူ
မဝင့်အိထက်ငြိမ်း M.Sc(Bot:)၊ ကိုညီညီလှိုင်-မစောသန္တာငြိမ်း(Crown Mobile)၊
ကိုသက်နိုင်(Senior Software Engineer, Bureauveritas, Australia)-
မစောသီတာငြိမ်းတို့၏မောင်
ကိုအောင်ဇေယျငြိမ်း(Head of Department M & E, Green Vision Ltd.)၏ညီ
ဦးမောင်မောင်ငယ်(စိုက်ပျိုးရေး-ငြိမ်း)-ဒေါ်စောမြိုင်(စိုက်ပျိုးရေး-ငြိမ်း)
တို့၏ သားထွေး

မောင်အောင်ကိုကိုငြိမ်း B.E(Mechanical),YTU
Method Engineer(Dragages Singapore Pte Ltd.)

နှင့်

မြစ်ငယ်မြို့နေ ဦးတင်မြင့်-ဒေါ်ခင်စန်း(မြင့်စတိုး)၊ မုံရွာမြို့နေ
ဦးမြအုန်း-ဒေါ်သောင်းမြင့်တို့၏ မြေး
မန္တလေးမြို့၊ ရန်ကုန်-မန္တလေးလမ်း၊ ကျွဲဆည်ကန်ရပ်နေ
မယဉ်မင်းအေး M.E(Civil),MTU ၏ညီမ၊ မောင်ဥက္ကာဖြိုး BIT,MCC ၏အစ်မ
ဦးသန်းအေး-ဒေါ်ဌေးသန်း(PREET ထွန်စက်နှင့်ထွန်/ထယ်အပိုပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး)
တို့၏ သမီးလတ်

မခိုင်လဲ့အေး B.E(Electronics)MTU
M.Sc(Computer Control & Automalion)NTU, Singapore
Telecoms Engineer(Petracarbon Pte Ltd, Singapore)

တို့၏ ၁၄-၂-၂၀၁၅ ရက် မန္တလေးမြို့ Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ကိုကိုငြိမ်း-မခိုင်လဲ့အေး

မင်္ဂလာဆုတောင်း

မောင်အောင်ကိုကိုငြိမ်း-မခိုင်လဲ့အေးတို့၏ ၁၄-၂-၂၀၁၅ ရက်နေ့ မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် ချစ်ခင်ကြင်နာ ကျန်းမာပျော်ရွှင်စွာ ဘဝခရီးလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးစိုးဝင်းတင်မိသားစု
(ခေတ္တ-UK)

ပြင်ဆင်ဖတ်ရှုပါရန်

၇-၁-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ ၂၃ ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၁၄) ဒေါ်ဝင်းဝင်းတာ၏ အမည်ပြောင်းတွင် မြေအမည်ပေါက် ဦးဗဟယ်ရီဆင်းအစား ဦးအိပ်ချ်ဟယ်ရီဆင်ဟုဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄/တောင်၊ မြေကွက်အမှတ်၈၁၀/ခ၊ မြေကွက်တည်နေရာအမှတ် ၈၁၀/ခ၊ အောင်သစ္စာ ၅လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးပန်းအောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးပန်းအောင်(ဖခင်)နှင့် ဒေါ်ငွေအောင် (မိခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်လှလှဝင်း(ခ) မဘုတ်ဆုံ ၁၂/သကတ(နိုင်)၀၇၄၉၄၈ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၇၅၇၉/၂၀၁၄ရသူ ဦးအေးလှိုင် ၁၂/သကတ(နိုင်)၀၇၈၄၅၄မှ သေစာရင်းနှင့်ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

နိုင်ငံတကာအားကစားသတင်း

ရီးရဲမက်ဒရစ် နိုင်ပွဲသေချာမယ့် လာလီဂါပွဲစဉ် (၂၄)

စပိန်လာလီဂါပွဲစဉ်(၂၄)ကို ဖေဖော်ဝါရီ ၂၁ ရက်ညပိုင်းမှာ ယှဉ်ပြိုင်ကစားကြမှာမို့ ပွဲတွေဆက်တိုက်ဆင်နွဲနေကြရတဲ့ လာလီဂါအသင်းတွေလည်း စိတ်ဓာတ်ပြင်းပြင်းနဲ့ သက်ပြင်းမချစတမ်း ဆင်နွဲကြရဦးမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ ဘာစီလိုနာက မာလာဂါနဲ့ဆုံပြီး ရီးရဲမက်ဒရစ်တို့က အယ်လ်ချီနဲ့ဆုံတွေ့ကြမှာမို့ ဘယ်အသင်းတွေအမှတ်ပြည့်ရနိုင်မလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဘာစီလိုနာနှင့် မာလာဂါ

ပထမအကျော့ မာလာဂါကွင်းမှာ ဘာစီလိုနာတို့ ဂိုးမရှိသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာတော့ အိမ်ရှင်တို့လက်စားချေတော့မှာဖြစ်ပါတယ်။ မာလာဂါဟာ အိမ်ကွင်းမှာ ခြေစွာပေမယ့် အဝေးကွင်းမှာဆို တိုက်စစ်မှူးတွေ ဂိုးသွင်းစွမ်းရည် ကျဆင်းတတ်ပါတယ်။ ဘာစီလိုနာဟာ လူစုံပါဝင်ဖို့ရှိနေတာမို့ အနိုင်ရလဒ်ကလွဲပြီး ဘယ်လိုရလဒ်မျိုးမှ ရွေးချယ်ဖို့စိတ်ကူးမှာ မဟုတ်ပါဘူး။

အယ်လ်ချီနှင့် ရီးရဲမက်ဒရစ်

ပထမအကျော့ ရီးရဲမက်ဒရစ်ကွင်းမှာ ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားသလို အခုပွဲလည်း အယ်လ်ချီတို့အိမ်ကွင်းဆိုပေမယ့် ရီးရဲမက်ဒရစ်တို့ရဲ့ ပြသမှုနဲ့ရဦးမှာ ဖြစ်ပါတယ်။ ရလဒ်တွေဆိုးရွားနေတဲ့ အယ်လ်ချီဟာ ရီးရဲမက်ဒရစ်တို့ရဲ့ ချေမှုန်းမှုအောက်မှာ ဒူးထောက်ရဦးမယ့်ပွဲပါပဲ။

အက်သလက်တီကိုနှင့် အယ်မီရီယာ

အယ်မီရီယာတို့က အဝေးကွင်းမှာ စွမ်းဆောင်ရည်ကျဆင်းတတ်တာမို့ အက်သလက်တီကိုတို့အခွင့်အရေးကောင်းတွေရရှိနိုင်ပါတယ်။ ပထမအကျော့ ရလဒ်မှာ အက်သလက်တီကိုတို့ နိုင်ပွဲရရှိထားတာမို့ အခုပွဲလည်း အိမ်ကွင်းမှာ အမှတ်ပြည့်ယူဖို့ အလေးထားကစားပါလိမ့်မယ်။

ဂီတာဖေးနှင့် အက်စ်ပန်ညို

တန်းဆင်းဇုန်ထဲမကျဆင်းဖို့ နှစ်သင်းစလုံးခြေကုန်ထုတ်ကြမယ့်ပွဲပါပဲ။ ပထမအကျော့မှာ အက်စ်ပန်ညိုတို့က နှစ်ဂိုးပြတ်နိုင်ပွဲ ရခဲ့တာမို့ အခုပွဲမှာ ဂီတာဖေးတို့ ရှုံးကြွေးဆပ်ဖို့ ပြင်ဆင်လာပါလိမ့်မယ်။ ပွဲရလဒ်တွေပြန်ကောင်းလာတဲ့ အိမ်ရှင်ဟာ ဒီပွဲမှာ အနိမ့်ဆုံးတစ်မှတ်တော့ရယူပါလိမ့်မယ်။

ကော်ဒိုဗာနှင့် ဗလင်စီယာ

ပထမအကျော့ပွဲစဉ်မှာ ဗလင်စီယာက သုံးဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့ပါတယ်။ ဗလင်စီယာတို့က ဥရောပဝင်ခွင့်ရဖို့အတွက် အားထည့်နေတာမို့ ကော်ဒိုဗာတို့အတွက် ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့်ကော်ဒိုဗာရဲ့ အမှတ်ရလိုမှုပြင်းထန်နေတဲ့ စိတ်ကိုချိုးနှိမ်ဖို့ ဗလင်စီယာတို့ ပွဲကျပ်အဖြစ် ကြုံတွေ့နိုင်ပါတယ်။

ဘီဘာအိုနှင့် ဗယ်လီကာနို

ဗယ်လီကာနိုတို့က ပထမအကျော့ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိထားပါတယ်။ ဒါပေမယ့် ခြေစွမ်းမတည်ငြိမ်တဲ့ ဗယ်လီကာနိုတို့က အခုပွဲမှာ ဘီဘာအိုရဲ့ အိမ်ကွင်းမာကျော့မှုနဲ့ကြုံတွေ့ရဖို့ရှိနေပါတယ်။ ဒီပွဲရလဒ်က ဘီဘာအိုတို့ စွမ်းဆောင်မှုအပေါ်မှာပဲ မူတည်ပါတယ်။

ဗီလာရီးရဲနှင့် အီဘာ

ပထမအကျော့ပွဲစဉ်မှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာတော့ ဗီလာရီးရဲတို့ ပြတ်သားတဲ့ရလဒ်ကိုပုံဖော်ပါလိမ့်မယ်။ ဗီလာရီးရဲဟာ အိမ်ကွင်းမှာ နိုင်ပွဲရအောင် ကြိုးစားနိုင်တဲ့ခြေစွမ်းရှိတာမို့ အီဘာတို့ အမှတ်ရဖို့ မလွယ်ပါဘူး။

ဒီပို့တီဗိုနှင့် ဆဲလ်တာဗီဂို

ဆဲလ်တာဗီဂိုကွင်းမှာကစားခဲ့စဉ်က ဒီပို့တီဗိုတို့နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့ပါတယ်။ ဒါပေမယ့် အခုပွဲက အိမ်ကွင်းမှာဖြစ်တဲ့အတွက် ဒီပို့တီဗိုတို့ အနိမ့်ဆုံးတစ်မှတ်ရအောင်ယူဖို့ ကြိုးစားပါလိမ့်မယ်။

မိုးမြင့်လင်းလက်

နှစ်တိုင်း အနီကတ်နဲ့ အကျိုးပေးတဲ့ မာကိုဗစ်

လီဗာပူးကစားသမား လာဇာ မာကိုဗစ်ဟာ ဒီဇင်ဘာလက ဘေဆယ်နဲ့ ကစားခဲ့တဲ့ ချန်ပီယံလိဂ် ပွဲမှာရခဲ့တဲ့ အနီကတ်နဲ့ ဥရောပပွဲ လေးပွဲ ယူအီးအက်ဖ်အေက ပိတ်ပင်လိုက်ပါတယ်။ အသက် ၂၀ အရွယ် မာကိုဗစ်ဟာ ဘေဆယ်ကစားသမား ဆဖရီရဲ့ မျက်နှာကို လက်နဲ့ရိုက်ခဲ့မိခဲ့ခြင်းအတွက် အနီကတ်နဲ့ ထွက်ခဲ့ရတာပါ။ သူဟာပြီးခဲ့တဲ့နှစ် ယူရိုပါလိဂ်ဆီမီးဖိုင်နယ်မှာလည်း လူစားအဖြစ် ဝင်ကစားပြီး ဘင်ဖီကာနဲ့ပွဲမှာ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရပါတယ်။ အခုပိတ်ပင်မှုကတော့ ယခင်နှစ်ပိတ်ပင်မှုထက် တစ်ပွဲပိုပြီး ပိတ်ပင်ခံရပါတယ်။ လီဗာပူးက ဒီကိစ္စနဲ့ပတ်သက်ပြီး အယူခံမဝင်ဘူးလို့ ဆိုပါတယ်။ ယူအီးအက်ဖ်အေရဲ့ ဆုံးဖြတ်ချက်အပေါ် စိတ်ပျက်မိတယ်လို့ နည်းပြဘရီဒန်ရော်ဂျာက ပြောဆိုလိုက်ပါတယ်။ နွေရာသီက ဘင်ဖီကာမှ လီဗာပူးသို့ ရောက်ရှိလာတဲ့ မာကိုဗစ်ဟာ ပြီးခဲ့တဲ့ နှစ်ယူရိုပါလိဂ်ဗိုလ်လုပွဲတွင် ပေါ်တူဂီကလပ်က ဂျူဗင်တပ်စ်ကို အနိုင်ရခဲ့တဲ့ပွဲမှာ အနီကတ်ကြောင့် လွဲချော်ခဲ့ပါတယ်။

ကောင်းမြတ်သူ
စုစည်းသည်

အိမ်ကွင်းအနိုင်ကစားမယ်လို့ပြောတဲ့ မော်ရင်ဟို

ချန်ပီယံလိဂ် ၁၆ သင်း ပထမအကျော့မှာ ပီအက်စ်ဂျီနဲ့ ချယ်လ်ဆီးတို့ တစ်ဖက်တစ်ဂိုးစီနဲ့ အဆုံးသတ်ခဲ့ပေမယ့် အိမ်ကွင်းမှာတော့ အနိုင်ကစားမယ်လို့ နည်းပြ မော်ရင်ဟိုက ပြောဆိုလိုက်ပါတယ်။ ချယ်လ်ဆီးနည်းပြက သူ့ရဲ့ အသင်းဟာ နည်းနည်းကံကောင်းနေတယ်လို့လည်း ဝန်ခံပြောဆိုလိုက်ပါတယ်။ ပီအက်စ်ဂျီ တိုက်စစ်မှူးတွေက တစ်ချိန်လုံး အနိုင်ဂိုးရရေး သွင်းယူခဲ့ပေမယ့် ချယ်လ်ဆီးဂိုးသမား တီဘောက်ကော်တွိုက်စ်က ကာကွယ်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းဟာ ပီအက်စ်ဂျီကွင်းမှာ ကံကောင်းနေခဲ့ပါတယ်။ ပီအက်စ်ဂျီတိုက်စစ်မှူးတွေက ၁၄ ကြိမ်တိုင်တိုင် ချယ်လ်ဆီးဘက်ကို ကန်သွင်းခဲ့ပေမယ့် ဂိုးသမား တီဘောက်ကော်တွိုက်စ်က ကာကွယ်ပေးနိုင်ခဲ့ပါတယ်။ ဒီရလဒ်ဟာ ပြီးခဲ့တဲ့နှစ် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ ပြိုင်ပွဲကို အမှတ်ရစေခဲ့ပါတယ်။ အဲဒီတုန်းက ပီအက်စ်ဂျီက သူ့အိမ်ကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့အနိုင်ရခဲ့ပေမယ့် ဒုတိယအကျော့မှာတော့ ချယ်လ်ဆီးက နှစ်ဂိုးပြတ်နဲ့ ကစားခဲ့တာကြောင့် အကြိုဗိုလ်လုပွဲကို ချယ်လ်ဆီးတို့ အဝေးဂိုးနှစ်ဂိုးနဲ့တက်ရောက်သွားနိုင်ခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့် မတ် ၁၁ ရက်မှာ ကစားမယ့် ဒုတိယအကျော့မှာ ပီအက်စ်ဂျီကို အိမ်ကွင်းမှာ အနိုင်ယူမယ့် အနေအထားရှိပါတယ်။



အမှတ် (၁) [illegible] (ရန်ကုန်)၊ ရန်ကုန်တက္ကသိုလ် [illegible] ဌ [illegible]

[illegible]

[illegible] M 3 FOOD CENTER [illegible]

[illegible]

([illegible])

ကန့်ကွက်နိုင်ပါသည်

[illegible]

မြေကွက်ရောင်းရန်ရှိသည်

သဃ်န်းကျွန်းမြို့နယ်၊
ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်၊
အကျယ် (427'x266')၊
ဂရန်အမည်ပေါက် မြေကွက်ရောင်းရန်ရှိသည်။
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ (ပွဲစားမလို)
ဖုန်း-၀၉-၂၅၂၄၄၂၈၂၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၀

ဒေါ်ကြည် နှင့် ဒေါ်မေမေးစန်း ပါ(၅)
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးမင်းညွန့်)
တရားလို တရားပြိုင်များ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ ဝတစ်လုံးဆေးတိုက်နေ (၃)(၄)တရားပြိုင်များ ဒေါ်ယမင်းမြတ်၊ ဒေါ်သီတာမြတ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "ရောင်းကြေးကျန်ငွေ ၄၅ သိန်းလက်ခံ၍ မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ လက်ရောက်ပေးအပ်၍ မှတ်ပုံတင် အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်ဌေး)
တွဲဖက်မြို့နယ်တရားသူကြီး
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ရန်ပြေ)၊ မြေကွက်အမှတ် (၁၈၀/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၈၀/ခ)၊ ရန်ပြေလမ်းမ၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ် (ဦးရှိန်ဝင်း)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးရှိန်ဝင်း(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်မြကြည် ၁၂/သကတ(နိုင်)၀၈၅၄၂၃ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၄၀/၁၅)ရသူ ဦးမင်းဆွေ ၁၂/ဒပန(နိုင်)၀၂၉၄၄၀မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်စန္ဒာ(ခ)ဒေါ်တိုးတိုး အခြားသက်ဆိုင်သူများနှင့်
အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပညာလမ်း၊ အမှတ် ၁၀၁၂တွင် နေထိုင်သော ကွယ်လွန်သူ(ဘ)ဦးခင်မောင်အေးနှင့် (ဇနီး)ဒေါ်ပြုံးတို့၏သား/သမီးများဖြစ်ကြသော မောင်ကောင်းထူး ၁၂/ဥကတ(နိုင်)၁၉၅၄၃၈နှင့် မခင်စောယု၁၂/ဥကတ(နိုင်)၁၉၈၄၁၂တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်များမှ ၂၉-၁-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်း အမှတ် ၅၀၅/ခ၊ ဝေဇယန္တာလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကာပမြို့နယ်နှင့် စပ်လျဉ်း၍ ကြေညာခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်များ၏ဖခင်မှာ ၂၅-၃-၂၀၀၅ ရက်တွင် အမှတ် ၅၀၃/က၊ ဝေဇယန္တာလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တွင် ကွယ်လွန်သွားပြီးနောက် ကျွန်ုပ်အမှုသည်များနှင့်အတူ မိခင်ဖြစ်သူအား နေထိုင်ခွင့်မပေးတော့ဘဲ နှင်ချခဲ့၍ အခြားသို့သွားရောက်နေထိုင်ခဲ့ရပါသည်။

ထို့အပြင် အဘွားဖြစ်သူ ဒေါ်အုန်းပိုင်(ခ)ဒေါ်ပိုင်မှာ အသက်(၈၆)နှစ်ရှိပြီး သတိမေ့လျော့၍ စီမံခန့်ခွဲရန် မှတ်ဉာဏ်အားနည်းသူဖြစ်ပါသည်။ အဘွားနှင့်အတူနေထိုင်သူ ဒေါ်စန္ဒာ(ခ) ဒေါ်တိုးတိုးနှင့် အခြားသက်ဆိုင်သူများသည် အဘိုးကျန်ရစ်ခဲ့သော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို လွှဲပြောင်းခြင်း၊ အမည်ပြောင်းခြင်း၊ ရောင်းချခြင်း စသည်တို့ပြုလုပ်ခဲ့သဖြင့် ကျွန်ုပ်၏အမှုသည်များမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ကန့်ကွက်လျှောက်ထားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်အမှုသည်များ၏ အဘိုး၊ အဘွားအမည်ပေါက်ပိုင်ဆိုင်ခဲ့သော ပစ္စည်းများဖြစ်သည့် တောင်ဥက္ကလာပမြို့နယ်ရှိအမှတ်(၅၀၃/က)နှင့်အမှတ်(၅၀၅/ခ)မြေကွက်များကိုလည်းကောင်း၊ မူလဦးသန်းညွှန့်အမည်မှ ဦးဇော်ဝင်းအမည်သို့ ပြောင်းလဲထားသော သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး/တောင်ရပ်ကွက်ရှိ အမှတ် ၃၃/အေကိုလည်းကောင်း၊ ဒေါ်စန္ဒာ(ခ) ဒေါ်တိုးတိုးအပါအဝင် သက်ဆိုင်သူမည်သူတစ်ဦးတစ်ယောက်မျှ ကျွန်ုပ်အမှုသည်များ၏ သဘောတူညီမှုမရှိဘဲ စီမံခန့်ခွဲခြင်း၊ အမည်ပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းစသည်တို့ကို မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

ဤကြေညာချက်သည် အမွေတောင်းခံခြင်းမဟုတ်ဘဲ အဘိုးကျန်ရစ်သည့်ပစ္စည်းများအပေါ်တွင် အဘွားဖြစ်သူ၏သတိမေ့လျော့မှုအပေါ် အခြေပြု၍ တစ်ဦးတစ်ယောက်မျှ ပြုလုပ်ခြင်းမပြုရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်စေမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မောင်ကောင်းထူးနှင့် မခင်စောယုတို့၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးမိုးထွန်း B.A(Eco), R.L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၂/၈၀)
LINO MASTER LAW FIRM
အမှတ် ၂၂၉၊ ပထမထပ်(ယာ)၊ ၃၈လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၃၇၂၂၀၃၊ ၀၉-၄၃၁၇၅၀၂၃၊ ၀၉-၇၃၀၉၇၂၀၃

ဆောင်းပါး

သမိုင်းစဉ်အဆက်ဆက်ထင်ရှားခဲ့သော စာဆိုရှင်ကြီးများနှင့်စာပေများ

မြဲ့ဗူဝေ(ကျုံမငေး)

မြန်မာစာပေသမိုင်းကို ထင်ရှားစွာတွေ့မြင်နိုင်သော ခေတ်ကာလအပိုင်းအခြားသည် "ပုဂံ"ခေတ်မှစခဲ့သည်ဟု ဆိုရပါမည်။

ပုဂံခေတ်ဟုဆိုသော်လည်း ရှေးကျလွန်းသော ခေတ်နှင့် လူမျိုးစုတို့နေထိုင်ခဲ့မှုကြောင့် ပုဂံခေတ်၏ယဉ်ကျေးမှုနှင့် စာပေသည် တည်ရှိနေခဲ့ပြီဖြစ်၏။ တစ်နည်းဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့်စာပေတို့ ပေါ်ထွန်းခဲ့မှုအစဟုလည်း ခေါ်နိုင်ပါသည်။

ထို့ကြောင့် ယဉ်ကျေးမှုနှင့်အတူ ပေါ်ပေါက်ခဲ့သော စာပေများနှင့် ထိုစာပေများကို ရေးသားပုံဖော်ခဲ့ကြသော စာပေပညာရှင်များသည်လည်း ပုဂံခေတ်မှသည် ခေတ်အဆက်ဆက်ပေါ်ပေါက်ခဲ့သောကြောင့် သမိုင်းဝင်စာပေပညာရှင်များနှင့် သူတို့၏ စာပေများသည် ထင်ထင်ရှားရှား ရှိခဲ့ပါသည်။ ပုဂံခေတ်မှစ၍ စာပေရေးသားသူစာဆိုရှင်များနှင့် စာဆိုရှင်များ၏ စာပေဖန်တီးမှုအနုသုခုမလက်ရာများကို ဤသို့ရှာဖွေမှတ်သားမိခဲ့ပါသည်။

ပုဂံခေတ်(၄၀၆-၆၆၀) ခရစ်နှစ် (၁၀၄၄-၁၂၉၈)

မြန်မာနိုင်ငံ၏ ခေတ်ဦး"ပုဂံ" ခေတ်တွင် ယနေ့တိုင် အထင်ကရဖြစ်ခဲ့ရသော စာဆိုရှင် "အနန္တသူရိယ" ၏ "သူတည်း တစ်ယောက်ကောင်းဖို့ရောက်မူ" အစရှိသော အမျက်ပြေလင်္ကာလေးသည် လူတို့၏ အတွင်းစိတ်ပုံဟန်ကိုပင် လှုပ်ကိုင်နိုင်ခဲ့၏။ "ရှင်ဒိသာပါမောက်" ဟု နာမည်ရခဲ့သော အသက်ကြီးမှစာနှင့်တွေ့ခဲ့ရသော "ဦးကျည်ပွေ့"၏ အံ့မခန်းဖြစ်ခဲ့ရသော "စာ"များစွာ အနက် "သင်ပုန်းကြီးဋီကာ" သည် သမိုင်းစာမျက်နှာတွင် ရှေ့တန်းဝင်ခဲ့သည်။

"သံဗျင်ဋီကာ"ဟု ခေါ်သော "ဉာယ်ကျမ်းအဖွင့်ဋီကာ" ကို စီကာခန်ကာရေးသားခဲ့သည့် "သံဗျင်အမတ်ကြီး"၊ "ဓမ္မရာဇာ"ဘွဲ့ခံ "ကျစွာမင်းကြီး"၏ "သဒ္ဒဗိန္ဒုကျမ်း" သည် ပိဋကတ်ကျမ်းဂန်နှံ့စပ်မှုကို သက်သေပြနေ၏။

ထိုထိုမကသော စာပေပညာရှင်ကြီးများနှင့် ပုဂံခေတ်ကြီးသည် ယဉ်ကျေးမှုအမွေခံကောင်းများကို မွေးထုတ်နိုင်ခဲ့သောကြောင့် ယနေ့မြန်မာတို့၏ပြည်ပုဂံသည် ယဉ်ကျေးမှုနယ်မြေအဖြစ် သမိုင်းဝင်ဖြစ်နေရပြီဖြစ်ပါသည်။

ပင်းယခေတ် (၆၆၁-၇၂၅) ခရစ်နှစ် (၁၂၉၉-၁၃၆၃)

ထိုခေတ်သည် စာပေကို သင်ကြားရမည်ဟူသော အသိအမြင်ရှိလာသော ခေတ်ဟုဆိုနိုင်သော ခေတ်ဖြစ်ခဲ့ပြီး . . . ရဟန်းစာဆိုရှင်များပါ ပေါ်ပေါက်စပြုနေခဲ့ပြီဖြစ်၏။

ပင်းယခေတ်၏ ရဟန်းစာဆိုရှင် "ဆူးတွင်းပစ်" ဆရာတော်သည် စာပေကိုအလေးထားပြီး ကျမ်းစာများ ပြုစုခဲ့၏။ "သဒ္ဒသာရတ္ထမာလိနီ" သဒ္ဒါကျမ်းကို ပြုစုခဲ့ပြီး နှုတ်စကားအရ အဘိဓမ္မာတရားတော်နှင့် ပတ်သက်၍ "စတုရင်္ဂဗလ" အမတ်ကြီး၏အမေးကို "လင်္ကာ"ဖြင့် အဖြေပြုခဲ့၏။ နောက်ပိုင်း"အဘိဓာန်ဋီကာ"ကြီးကို စီရင်ရေးသားခဲ့ပါသည်။

အမျိုးသားပညာဝန် ဦးဖိုးကျား

စာရေးဆရာကြီး ပီမိုးနင်း

ထိုခေတ်အခါ၏ ပြည့်ရှင်မင်း "ငါးစီးရှင်ကျော်စွာ"သည် တာဝတိံသာနတ်ရွာ လော. . နတ်ရွာလော" ဆိုသော စကားစဖြင့် လင်္ကာအလှကို ဖန်တီးရေးသားခဲ့သောကြောင့် ယနေ့တိုင်ပင် ထိုလင်္ကာနှင့် စာပေများဆက်နွယ်နေသည်ကို တွေ့နိုင်ပါသည်။

အင်းဝခေတ်(၇၂၆-၈၈၈) ခရစ်နှစ် (၁၃၆၄-၁၅၂၆)

အင်းဝမင်းကြီးစွာ၏ သားတော် " ပထမမင်းခေါင်ကြီး" သည် စာချိုးအဖြစ် "နန္ဒဝန်လျှင် အလွန်စည်ပင်" အစချီသော ကျေးစေမယ်ဘွဲ့ကိုစပ်ဆိုခဲ့ပြီး အင်းဝခေတ်ကို မေတ္တာမိုးတွေ ရွာသွန်းစေခဲ့သည်။

ထို့နောက် မေတ္တာစာဖွဲ့များဖြင့် မေတ္တာသရုပ်ဖော် စာပေပညာရှင်အဖြစ် အမျိုးသမီး စာဆိုရှင်များပါ ပေါ်ပေါက်ခဲ့ရာ စာပေဖြင့် အချစ်၊ အလွမ်းများကို ရတုပိုဒ်စုံများအဖြစ် စပ်ဆိုခဲ့ကြ၏။ ထိုအချိန်မှစ၍ ရတု၊ ရကန်၊ ချော်းများဖြင့် သီကုံးသော စာပေများစွာပေါ်ထွန်းခဲ့သည်။

အင်းဝခေတ်၏ နှောင်းပိုင်းအခါတွင်စစ်လျှင်ထောင်မှူး "ရှင်ထွေးညို" ၏ မော်ကွန်းတင်စာများ "ရှင်ဥတ္တမကျော်"၏ ဆယ့်နှစ်လရာသီတောလားများသည် လူတို့အလွန်နှစ်သက်သော စာပေများဖြစ်ခဲ့၏။

ထို့ကြောင့် အင်းဝခေတ်တွင် ရဟန်းစာဆို၊ လူစာဆိုများ၊ အမျိုးသမီးစာဆိုရှင်များနှင့် "စာပေ" သည် အလွန်တင့်တယ်ခဲ့၏။ စာပေဖြင့် သိမ်မွေ့မှု၊ ယဉ်ကျေးမှု၊ မေတ္တာကရုဏာနှင့် သဒ္ဓါစေတနာအားများကို ပေးဝေနိုင်ခဲ့သောကြောင့် အင်းဝခေတ်သည် ဖွံ့ဖြိုးတိုးတက်သာယာစည်ပင်သော ခေတ်အဖြစ် သမိုင်းစာမျက်နှာတွင် ပွင့်လန်းခဲ့ပါသည်။ ဂုဏ်တက်စရာလည်း ဖြစ်ခဲ့ပါသည်။

တောင်ငူခေတ် (၈၈၉-၉၅၈) ခရစ်နှစ် (၁၅၂၇-၁၅၉၆)

အင်းဝခေတ် နှောင်းပိုင်းတွင် စာဆိုရှင်များ၏ လက်တွဲခေါ်ဆောင်မှုများကြောင့် တောင်ငူခေတ်သည် စာပေလိုက်စားသူများ၊ အလွန်များပြားလာခဲ့၏။ ပညာရှင်များစွာလည်း ပေါ်ထွန်းခဲ့၏။

တောင်ငူခေတ်၏ စာပေပညာရှင်များသည် သူ့ထက်ငါ နေရာရခဲ့သော စာပေဖန်တီးသူများ ဖြစ်ခဲ့ရသောကြောင့် များစွာသော ပညာရှင်များကို လေ့လာလိုက်သောအခါ "ပြည်နဝဒေးကြီး" နှင့် ရခိုင်စာဆိုရှင် " မဟာပညာကျော်" တို့သည် ထူးခြားသော စာဆိုရှင်ကြီးများအဖြစ် မင်းအဆက်ဆက် တောင်ငူခေတ်ကို စာပေဖြင့်အလှဆင်ခဲ့သော ပညာရှင်ကြီး များ ဖြစ်ခဲ့သည်။

ညောင်ရမ်းခေတ် (၉၅၉-၁၁၁၃ခု) ခရစ်နှစ် (၁၅၉၇-၁၇၅၁)

ညောင်ရမ်းခေတ်သည်စာတတ်သူများ၊ စာပေပညာရှင်များ၊ ကျမ်းဂန်တတ်ပုဂ္ဂိုလ်များနှင့်အတူ အကြားအမြင်ကြွယ်ဝနေသော ခေတ်ဖြစ်ပါသည်။

ထင်ရှားသော စာပေပညာရှင်များစွာ ပေါ်ထွန်းခဲ့သည်တွင် အများနှင့်မတူသောစာများကို တီထွင်ခဲ့ကြရာ"မဏိကုဏ္ဍလဝတ္ထု" "မဟာသုတသောမ" ဇာတ်များသည် အလွန်ထူးခြားနှစ်သက်ဖွယ်များ၊ ဥပမာ၊ ဥပမေယျများနှင့် ထူးခြားလှ၏။

ညောင်ရမ်းခေတ်တွင် "ရာဇဓာတုကလျာ"နှင့် "နတ်ရှင်နောင်" ကို မွေးဖွားခဲ့သလို "ရဝေရှင်ထွေး" ဆိုသော စာပေ၊ စာဂျပိုး အမျိုးသမီးငယ်ကိုလည်း ရှင်သန်စေခဲ့သောခေတ်ဖြစ်ပါသည်။

ရဟန်းစာဆိုရှင်များ၏ စာပေများသည်လည်း အရေးအသားကောင်းမွန်လွန်းလှ၏။ ထို့ကြောင့် ညောင်ရမ်းတစ်ခေတ်လုံးသည် စာပေပညာရှင်များစွာ၏ စာပေကောင်းများဖြင့်တည်ခဲ့သော သမိုင်းဝင်ထင်ရှားခဲ့သည့် ခေတ်ဟုဆိုနိုင်ပါသည်။

ညောင်ရမ်းခေတ်နှောင်းပိုင်းမှ ယနေ့ယခုကာလအထိ စာဆိုရှင်ကြီးများ၏ စာပေအမွေကောင်းများကို ခံစားနေရဆဲဖြစ်သောကြောင့် ထိုကျေးဇူးရှင်ကြီးများကိုလည်း မေ့ထား၍မရကြောင်း ဆိုချင်ပါသည်။ ထိုအချိန်အခါက ဆီသည်ရွာစား ဦးအောင်ကြီး၏ "အင်းဝမြို့ဘွဲ့ ၁၂ ရာသီလူးတား" စာဆိုအကျော်အမော် ဦးကုလား၏ "ရာဇဝင်ကြီးများ"သည် နှောင်းလူများ၊ စာပေရေးသားကြသူများအတွက် ထက်မြက်သည့် စာပေကိုဖြစ်စေသည့် မျိုးစေ့များသာဖြစ်ပါသည်။

ကုန်းဘောင်ခေတ်(၁၁၁၄-၁၂၄၇) ခရစ်နှစ် (၁၇၅၂-၁၈၈၅)

ဤခေတ်သည် ပြည်တွင်းရေး၊ နိုင်ငံရေးများ လှုပ်ရှားနေချိန်ဖြစ်သော်လည်း မငြိမ်သက်သည့်ကြားမှ "ဝန်ကြီးပဒေသရာဇ"သည် "မဏိကတ်ပျို့"နှင့် "ပျို့" များစွာကို ကြိုးစား၍ မွေးထုတ်ရေးသားခဲ့ပါသည်။

မည်သို့ပင်တိုင်းရေး ပြည်ရွာများ လှုပ်ရှားစေကာမူ မင်းနှင့်ပြည်သူအများ၏ စာပေချစ်စိတ်များဖြင့် ရေးသားကြဖတ်ရှုမှတ်သားကြနှင့် စာပေများစွာ ပေါ်ထွန်းခဲ့ပါသည်။

နယ်ချဲ့လက်တွင်းကျဆဲ ကျလတ္တံ့အခါအထိ စာစုံကြွယ်ဝခဲ့သော ခေတ်ဟုဂုဏ်ပြုချင်ပါသည်။

ကိုလိုနီခေတ် (၁၂၄၇-၁၃၀၉) ခရစ်နှစ် (၁၈၈၅-၁၉၄၇)

ကိုလိုနီခေတ်၊ နယ်ချဲ့ကြီးစိုးနေစဉ်အချိန်သည် မြန်မာပြည်ကြီးအတွက် လွတ်လပ်ရေးဆုံးရှုံးနေသော အချိန်အခါဖြစ်၏။ ဇာတိမာန်၊ ဇာတိသွေးကြွယ်ဝကြသူများက လွတ်လပ်ရေးကြိုးပမ်းမှုများကို ကိုယ်ကျိုးစွန့် အသက်စွန့်တိုက်ပွဲဝင်နေစဉ် စာပေဖြင့် မျိုးချစ်စိတ်ကို လှုံ့ဆော်ခဲ့ကြသူများလည်း များစွာ ပေါ်ထွန်းခဲ့သည်။

မော်ဘီဆရာသိန်း၊ အမျိုးသားပညာဝန် ဦးဖိုးကျား၊ ပီမိုးနင်း အစရှိသော စာပေပညာရှင်ကြီးများ၏ အမျိုးသားရေးစိတ်ဓာတ်ကိုဖော်ကျူးသောစာများဖြင့် တိုက်ပွဲဝင်နိုင်ငံချစ်သူများ၏ စိတ်ဓာတ်ရေးရာကို ဖြည့်စွက်အကူအညီပြုခဲ့၏။

သိပ္ပံမောင်ဝ၊ လယ်တီပဏ္ဍိတဦးမောင်ကြီး စာများသည်လည်း လူငယ်လူရွယ်များ၏ မျိုးချစ်စိတ်ကိုရှင်သန်နိုးကြားစေခဲ့၏။ စာဖတ်ချင်စိတ်ကိုဖြစ်ပေါ်စေသဖြင့် နတ်သျှင်နောင်၊ တပင်ရွှေထီး၊ ဗညားနွဲ့ဟူသော စာပေများဖြင့် လူငယ်တို့၏စိတ်ကို အမျိုးချစ်စိတ်၊ လူနှင့်လူချင်းကာကွယ်စောင့်ရှောက်လိုသောစိတ်များကို ဖြစ်ပေါ်စေခဲ့သည့် စာပေများ ပေါ်ထွန်းခဲ့၏။

ဤသို့ဖြင့် မြန်မာစာပေနှင့် စာဆိုရှင်များ၏ ရပ်တည်ပေါ်ထွန်းခဲ့မှုသည် သမိုင်းစဉ်အဆက်ဆက် မှတ်တမ်းဝင်စံထားလောက်သောစာပေများ စာပေချစ်စိတ်များဖြင့် စခဲ့သော သမိုင်းအစ ပြည်ပုဂံမှသည် ယနေ့မြန်မာပြည်ကြီးသည် စာကောင်းပေကောင်းများစွာနှင့်အတူ စာပေရေးသားဖန်တီးသူစာပေပညာရှင် (စာရေးဆရာ) ကြီးများ၏ စာပေချစ်မြတ်နိုးစိတ်ကို အလေးထားသင့်ပါသည်။

ယဉ်ကျေးမှုနှင့်အတူ ပေါ်ပေါက်ခဲ့သော စာပေများနှင့် ထိုစာပေများကို ရေးသားပုံဖော်ခဲ့ကြသော စာပေပညာရှင်များသည်လည်း ပုဂံခေတ်မှသည် ခေတ်အဆက်ဆက်ပေါ်ပေါက်ခဲ့သောကြောင့် သမိုင်းဝင်စာပေပညာရှင်များနှင့် သူတို့၏ စာပေများသည် ထင်ထင်ရှားရှားရှိခဲ့

ပြည်တွင်းသတင်း

လည်ပတ်စရာ သံတောင်ကြီးမြို့က နော်ဘူဘောတောင်

တောင်ငူမြို့သည် ကရင်ပြည်နယ်နှင့် ဆက်သွယ်ထားသည့် တစ်ခုတည်းသော လမ်းဖြစ်၍ တောင်ငူမှသံတောင်ကြီးကို ၂၈ မိုင် ကွာဝေးရာ နော်ဘူဘောတောင်ကို သံတောင်ကြီးမြို့မှ လေးမိုင်ထပ်သွားရသည်။

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင်ရှိသည့် နော်ဘူဘောတောင်သည် ပင်လယ်ရေမျက်နှာပြင်ထက်အမြင့် ၄၈၂၄ ပေတွင်ရှိပြီး သဘာဝတောင်တန်းအလှများနှင့် ဝန်းရံထားသောကြောင့် လာရောက်လည်ပတ်လိုသူများကို ဆွဲဆောင်လျက်ရှိသည်။

နော်ဘူဘောတောင်သည် ဒေါ်ဖားခိုခေါ် အလွန်မြင့်မားသော ကျောက်တောင်ကြီး နှစ်ခြမ်းကွဲရာမှ ဖြစ်ပေါ်လာရာ အမဘက်ကို နှစ်သစ်ကူးတောင်၊ အဖိုဘက်ကို နော်ဘူဘောတောင်ဟုခေါ်ကြောင်း မှတ်သားခဲ့ဖူးသည်။ နှစ်သစ်ကူးတောင်က ကရင်နှစ်သစ်ကူးနေ့တွင် နှစ်သစ်ကူးပွဲတော်ကျင်းပပြီး နော်ဘူဘောတောင်တွင်မူ လူမျိုးဘာသာမရွေး ဆုတောင်းနိုင်သည်။

"ကျွန်မတို့ သံတောင်ကြီးဘက်မှာ ဒီနော်ဘူဘောတောင်ပွဲတော် လုပ်ပြီးကတည်းက အစစအရာရာအဆင်ပြေတိုးတက်တယ်လေ။ နော်ဘူဘောတောင်ကိုလည်း ပွဲတော်လုပ်ပြီး ကျင်းပလာတာ နှစ် ၂၀ လောက်ရှိပြီထင်တယ်။ နော်ဘူဘောတောင်ကို ပွဲတော်မလုပ်ခင်တုန်းကနဲ့ ပွဲတော်လုပ်ပြီးတဲ့နောက်မှာ အလွန်ကွာတယ်လေ၊ အရင်က လူမှုရေး၊ စီးပွားရေးအပိုင်းက အစအားလုံးအဆင်မပြေကြဘူး၊ အလုပ်အကိုင်လည်းရှားတယ်။ သီးနှံတွေကလည်း မထွက်ဘူး၊ အခုနောက်ပိုင်းအခြေအနေတွေ ကောင်းလာတော့ ရွာသူရွာသားတွေလည်း တဖြည်းဖြည်းနဲ့ ကိုယ့်ရွာကိုယ်ပြန်လာပြီး လုပ်ကိုင်စားသောက်နေနိုင်လာကြပါတယ်" ဟု ဒေသခံတစ်ဦးက ဆိုသည်။

အလှူရှင်တစ်ဦးက ငွေကျပ်သိန်း ၇၀၀ လောက်အကုန်အကျခံပြီး ခင်းပေးထားခြင်းကြောင့် နော်ဘူဘောတောင်တက်လမ်းကလည်း ကောင်းမွန်နေသည်ကို သတိထားမိခဲ့သည်။ တောင်ခြေနားမှာ လှေကားထစ်ပေါင်း ၃၇၄ ထစ်၊ လှေကားအရှည်ပေ ၅၆၀၊ နော်ဘူဘောတောင်ခြေရင်းသို့ လမ်းအရှည်ပေ ၄၄၀၀၊ ပင်လယ်ရေမျက်နှာပြင် အမြင့် ပေ ၄၈၂၄ပေဆိုသည့်ဆိုင်းဘုတ်ကို အင်္ဂလိပ်ဘာသာဖြင့် စိုက်ထူထားသည်။ နော်ဘူဘောတောင်တက် လှေကားနံဘေးတစ်ဖက်တစ်ချက်စီတွင် ဆုတောင်းခန်းလေးများရှိပြီး လွမ်းဆွတ်ရင်မောဖွယ်ရာဖြစ်စေကာ ခရီးသွား ဧည့်သည်များ တောတောင်သဘာဝကိုခံစားရင်း အပန်းဖြေသွားလာ လည်ပတ်စရာ နေရာတစ်ခုအဖြစ် တင်ပြအပ်ပါသည်။

သူရ(တောင်ငူ)

ရေကြီးရေလျှံမှုကင်းဝေးရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တစ်မြို့လုံးလာမည့် မိုးရာသီတွင် ရေကြီးရေလျှံမှုများကင်းဝေးစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်မှု၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ တာမွေမြို့နယ် အောင်မင်္ဂလာချောင်းကို ဖေဖော်ဝါရီ ၁၈ ရက်က Amphibious Excavater ရေထဲနှင့်ကုန်းပေါ်တွင်သွားလာနိုင်သည့် စက်ယန္တရားကြီးဖြင့် အောင်မင်္ဂလာချောင်းဖျား ယုဇနပလာဇာနောက်ဘက်မှ မြေပုတုတ်မြစ်ထွက်ပေါက်ထိ အရှည် ပေ ၄၂၀၀ အကျယ် ပေ ၃၀ ခန့် အနက် ၁၂ ပေ ခန့်ရအောင် တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်တိုင်းလိုလိုတာမွေက မိုးသည်းထန်ရင် ရေကြီးရေလျှံဖြစ်ပါတယ်။ ရေနုတ်မြောင်းတွေ ကျဉ်းတာရယ်၊ မြစ်ထွက်ပေါက်တွေ ပိတ်ဆို့ပြီး ကျဉ်းတာကြောင့် ရေစီးရေလာမကောင်းလို့ရေလျှံရတာ အခုရပ်ကွက်ထဲက မြောင်းတွေလည်းချဲ့ပြီး လုပ်ပေးထားတော့ လာမယ့်မိုးတွင်းမှာ အဆင်ပြေစေမှာဖြစ်ပါတယ်"ဟု မြို့နယ်လမ်းတံတား တာဝန်ခံအင်ဂျင်နီယာဌာနစုမှူး ဦးနေကြည်ဦးက ရှင်းပြသည်။

မောင်မောင်

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ ရွှေလောင်းအရှေ့၊ ဦးပိုင်အမှတ် ၁၈၁၊ ဧရိယာ ဝဒသမ၁၁၀ဧကရှိ ဂရန်မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ဦးကျော်သန်းထံမှ မြရည်နန္ဒာဟိုတယ်ထရေးဒင်းကုမ္ပဏီလီမိတက် ဦးစန်းလွင်က ညောင်ဦးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အရောင်းအဝယ်စာချုပ်အမှတ် ၁၄၃/၁၉၉၆ အရ ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ပါသည်။ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန/ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြရည်နန္ဒာဟိုတယ်ထရေးဒင်းအမည်ပေါက် လျှောက်ထားပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါကခိုင်မာသည့်ပိုင်ဆိုင်မှုအထောက်အထားဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိက အမည်ပေါက်ကိစ္စ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြရည်နန္ဒာဟိုတယ်ထရေးဒင်းကုမ္ပဏီလီမိတက်
ဦးစန်းလွင်၏ကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၇၉၈၅/၂၀၀၇
အရ ပါဝါရရှိသူ ဦးပွား ၁၂/ဥကတ(နိုင်)၀၀၅၈၁၃
၂-လမ်းနှင့်နွယ်နီလမ်းထောင့်၊ ပုဂံမြို့သစ်

ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အင်းဝလမ်း၊ မြေတိုင်းရပ်ကွက်(၁၂၁)၊ မြေကွက်အမှတ် ၉၁၂၊ (ပေ၄၀×ပေ၆၀)ရှိ ဦးခင်မောင်ဝင်း ၁၂/အလန(နိုင်)၀၂၅၃၀၅ အမည်ပေါက် မြေချပါမစ်နှင့် အကျိုးခံစားခွင့်တို့အား အဆင့်ဆင့်စာချုပ်များဖြင့် လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားကြောင်း ဝန်ခံကတိပြုသူ ဦးအုန်းမြင့် ၁၂/သကတ(နိုင်) ၁၁၂၉၄၂ ထံမှ ကျွန်ုပ်သည် အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောပိုင်ဆိုင်မှုဆိုင်ရာ မူရင်း စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၄ါးရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဒေါ်ဝါဝါခင် ၁၂/ဗဟန(နိုင်)၀၁၀၀၀၁
အမှတ် ၆၃၀၊ ခါတော်မှီလမ်း၊ ၃၆ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
ဖုန်း-၀၁-၅၈၄၁၆၈၊ ၀၉-၅၁၉၇၇၂၉၊ ၀၉-၃၁၀၃၃၇၁၂

ကွန်ပျူတာစက်ပန်းထိုး အမျိုးသမီးဝန်ထမ်း အလိုရှိသည်

နေစရိတ်(ငြိမ်း) စားစရိတ်ပေးမည်။

ဖုန်း-၀၉-၇၃၁၅၇၇၄၉၊ ၀၉-၂၅၄၈၅၉၂၅၅

ဦးခင်လွင်+ဦးစိုင်းနွတ်နှင့် အများသိစေရန် ကြေညာခြင်း

တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ ၄လမ်း၊ အမှတ် ၄/၂၇နေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၃/တခလ(နိုင်)၀၂၃၀၂၆ကိုင်ဆောင်သူ ကျွန်မ ဒေါ်နန်းဆီဝမ်းနှင့် တာချီလိတ်မြို့၊ တာလေ့ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် (၅၃)နေ ဦးခင်လွင်တို့သည် ၁၀-၆-၂၀၀၃ရက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ထိမ်းမြားလက်ထပ်ပြီး နှစ်ဦးအတူတကွ ပေါင်းသင်းနေစဉ် တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ မြို့မ၊ အကွက်အမှတ် -၃၊ မြို့ကွက်သစ်အပိုင်း (င)၊ ဦးပိုင်အမှတ် (၄)၊ ဧရိယာအားဖြင့် (၀ဒသမ၁၁၀)ဧကရှိ မြေကွက်ကို ၂၀၁၁ခုနှစ်တွင် ဒေါ်စိုးစိုးအေးနှင့် ဒေါ်နန်းဆုဆုကျော်တို့ထံမှ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၁၆၀/၂၀၁၁ဖြင့် ဝယ်ယူခဲ့ပါသဖြင့် အဆိုပါမြေကွက်သည် လင်မယားနှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းဖြစ်ပါသည်။ ယခုအခါတွင် အဆိုပါမြေကွက်ကို ဦးခင်လွင်က တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ အမှတ် ၅/၁၂၄နေ ဦးစိုင်းနွတ်ဆိုသူသို့ရောင်းချရန် ဆောင်ရွက်နေကြောင်း တာချီလိတ်မြို့နယ် မြေစာရင်းရုံးက တရားရုံးမှတားဝရမ်းရယူပြီး လာရောက်ကန့်ကွက်ရန်အကြောင်းကြားလာ၍ သိရှိရပါသည်။ ဖော်ပြပါမြေကွက်သည် ကျွန်မ ဒေါ်နန်းဆီဝမ်းနှင့် ဦးခင်လွင်တို့၏လက်ထက်ပွားပစ္စည်းဖြစ်ပြီး တစ်ဝက်စီပိုင်ဆိုင်သောကြောင့် ဦးခင်လွင်တစ်ဦးတည်း၏ သဘောဆန္ဒဖြင့် ရောင်းချရန် ဆောင်ရွက်နေခြင်းအား ကန့်ကွက်ကြောင်း ဦးခင်လွင်၊ ဦးစိုင်းနွတ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နန်းဆီဝမ်း
အမှတ် ၄/၂၇၊ (၄)လမ်း၊ ပုန်းထွန်ရပ်ကွက်၊ တာချီလိတ်မြို့

အေစီလီဒါအမ်အက်ဖ်အိုင်မြန်မာကုမ္ပဏီလီမိတက်၏ ရှယ်ယာရှင်ကိုယ်စားလှယ်၊ ဒါရိုက်တာအဖွဲ့ဝင်များပြောင်းလဲခန့်အပ်ကြောင်း အများပြည်သူသိရှိစေရန်ကြေညာချက်

အေစီလီဒါအမ်အက်ဖ်အိုင်မြန်မာကုမ္ပဏီလီမိတက်သည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်အသစ်များအဖြစ် ပြောင်းလဲခန့်အပ်တာဝန်ပေးလိုက်ကြောင်း ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ဇန်နဝါရီ ၂၈ရက် ၂၀၁၅ရက်စွဲပါ စာအမှတ် ငကစ/ကက-၆(၇၄/၂၀၁၅)အရ အများပြည်သူသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

	ခန့်အပ်	နုတ်ထွက်/အနားယူ
1.	Dr.In Channy	Mr.Chea Sok(Retire)
2.	Dr.Joachim Trade	Mr.Chan Serey (Resign)
3.	Mr.Vincent GROS	Mr.Prom Visoth (Resign Shareholder Rep;)

ဒါရိုက်တာအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၄ (စက်မှုဇုန်)၊ မြေကွက်အမှတ်(၁၃၄)၊ မြေကွက်တည်နေရာအမှတ်(၁၃၄)၊ ၆၄(စက်မှုဇုန်)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (ဦးအွန်ဝိန်စုံး(ခ)ဦးစိန်) LTA-၀၀၁၀၅အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအွန်ဝိန်စုံး(ခ)ဦးစိန် ကွယ်လွန်သဖြင့် အောင်စွမ်တီ(ခ)ဒေါ်အေး ၁၂/လသန(နိုင်)၀၁၆၅၁၆က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်ပြည့်ဖြိုးဟန် ၁၂/အလန(နိုင်)၀၄၃၃၃၉ သည် မိခင်၏ သွန်သင်ဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလည်း လုံးဝ(လုံးဝ)တာဝန်မယူပါ။ စုံစမ်းမေးမြန်းနိုင်ပါသည်။

မိခင် ဒေါ်တင်နွယ်
၁၂/အလန(နိုင်)၀၁၄၉၂၆

အခွန်ဆောင်လို့ ဘဏ္ဍာတိုး တိုင်းပြည်စီးပွား ဖွံ့လို့ဖြိုး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ အောက်ဖော်ပြပါ ဟောင်းနွမ်းပျက်စီးအဆောက်အအုံအဟောင်း သုံးလုံးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) (၉)ခန်းတွဲ နှစ်ထပ်အဆောက်အအုံအဟောင်း (၁)လုံး
(ခ) (၄)ခန်းတွဲ တစ်ထပ်အဆောက်အအုံအဟောင်း (၁)လုံး
(ဂ) (၆)ခန်းတွဲ တစ်ထပ်အဆောက်အအုံအဟောင်း (၁)လုံး

၂။ လေလံဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **လေလံပုံစံရောင်းချမည့်ရက်** - ၂၃-၂-၂၀၁၅ ရက်မှ ၆-၃-၂၀၁၅ရက်အထိ
(ခ) **လေလံပုံစံရောင်းချမည့်နေရာ** - လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်
(ဂ) **လေလံဖွင့်ပွဲပြုလုပ်မည့်နေရာ** - အလုံဓာတ်အားပေးစက်ရုံ၊ ရန်ကုန်မြို့

အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည်-

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
စီမံခန့်ခွဲရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၆၄

ဝန်ချတောင်းပန်ခြင်း

ကျွန်မ ဇေရာယ်(ခ)ယုဇနကိုကို ၁၂/တမန(နိုင်)၁၀၂၁၆၀နှင့် ကျွန်မ ဒေါ်သင်းသင်းဆွေ MGDN/၀၀၃၅၄၀ တို့သည် အဘွား/ယောက္ခမ ဒေါ်မိမိအောင် ၁၂/ဗဟန(နိုင်)၀၄၇၅၁၀ နှင့် အဒေါ်/ယောင်းမ ဒေါ်ရတနာထွန်း(ခ)ကော်နီ ၁၂/ဗဟန(နိုင်)၀၄၆၉၆၃ တို့ကို စိတ်ဆင်းရဲမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြပါသည်။ ၄င်းအပြင် အဒေါ်ဖြစ်သူအား လူမှုကွန်ရက်မှနေ၍ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် ရိုင်းပြစော်ကားသော စကားလုံးများဖြင့် မမှန်မကန် ရေးသားခဲ့ခြင်းများကို ကျွန်မတို့ များစွာအပြစ်ရှိသည်ဖြစ်၍ ဝန်ချတောင်းပန်ခြင်းဖြစ်ပါသည်။ နောက်နောင်တွင် အဘွားနှင့် အဒေါ်ဖြစ်သူတို့အား အနှောင့်အယှက်မပြုလုပ်တော့ပါကြောင်းနှင့် အဘွားနှင့် အဒေါ်ဖြစ်သူကို အနူးအညွတ်တောင်းပန်ပါကြောင်း အများပြည်သူ သိရှိစေရန် အသိပေးကြေညာ ဝန်ချတောင်းပန်အပ်ပါသည်။

ဒေါ်သင်းသင်းဆွေ၊ ဇေရာယ်(ခ)ဒေါ်ယုဇနကိုကို

အဆင့်မြင့်မော်တော်ယာဉ်များ ချို့ယွင်းချက်ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ပူးပေါင်း၍ အဆင့်မြင့်မော်တော်ယာဉ်များ၏ ချို့ယွင်းချက် ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်း အပတ်စဉ်(၃/၂၀၁၅)အား ၁၆-၃-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ရက်အထိ (၂)လတာ သင်တန်းကို နိုင်ငံခြားပြန် ဝါရင့်ကျွမ်းကျင်သူ ပညာရှင်များ၊ အင်ဂျင်နီယာများမှ စာတွေ့လက်တွေ့ သင်တန်းဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။ သင်တန်းသားတစ်ဦးလျှင် သင်တန်းကြေး ၂၅၀၀၀၀ ကျပ် ပေးသွင်းရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးအောင်မြင်ပါက သင်တန်းဆင်းအောင်လက်မှတ်ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Automobile Technical Division မှ ထုတ်ပေးမည်ဖြစ်ပါသည်။ သင်တန်းသားဦးရေကို ကန့်သတ်ထားပြီး ပညာအရည်အချင်း အနည်းဆုံး အခြေခံပညာအထက်တန်း အဆင့်ရှိရမည်ဖြစ်ပါသည်။ လျှောက်လွှာများကို ၂၀-၂-၂၀၁၅ရက်မှ စတင်လက်ခံပြီး ၁၀-၃-၂၀၁၅ရက်၌ လျှောက်လွှာပိတ်မည်ဖြစ်ပါသည်။ လျှောက်ထားသူများကို လူတွေ့စနစ်ဖြင့် ရွေးချယ်မည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ ရောင်စုံလိုင်စင်ဓာတ်ပုံ (၂)ပုံ၊ ကိုယ်ရေးအချက်အလက်များ၊ ပညာအရည်အချင်းဆိုင်ရာ သက်သေခံလက်မှတ် မိတ္တူများ ပါဝင်ရပါမည်။

လျှောက်လွှာတင်ရန်-

(၁) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ Automobile Technical Division လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၉၆၇၃၊ ၀၁-၅၁၉၆၇၄၊ ၀၁-၅၁၉၆၇၅၊ ၀၁-၅၁၉၆၇၆
(၂) မြန်မာမော်တော်ကော်ပိုရေးရှင်း၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ အမှတ်(၁၄/၃)ရပ်ကွက်၊ သံသုမာလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၈၆၁၈၃၈၆၊ Email-michaelsanoo@gmail.com

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နေမျိုးကိုကို ၁၂/သခန(နိုင်)၁၂၅၀၉၀ ၏ Psno-414764 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၃၇၀၇၁၀

SWP Myanmar Co.,Ltd.
Ph:09-253636152,09-420276113
Driver

တိုက်ခန်းကျယ်ရောင်းမည်

ကြော်ငြာ

ဂရိတ်ဝေါလ်ရွှေမြေကုမ္ပဏီလီမိတက် (သေတ္တာချုပ်ရေးပစ္စည်းအရောင်းဆိုင်ကြီး)

နိုင်ငံတကာစံချိန်မီ အရည်အသွေးမြင့် ဆောက်လုပ်ရေးပစ္စည်းများ

- ပါကေးဆိုဒ်အမျိုးမျိုး၊ အရောင်အမျိုးမျိုး
- သဘော်ဆေး၊ ရေဆေး၊ ဆီဆေးအမျိုးမျိုး
- T-တိုင်အမျိုးမျိုး (အနီ၊ အမြင့် စိတ်ကြိုက်ဖြတ်ပေးနိုင်ပါသည်၊)
- ဆိုလာပြားအမျိုးမျိုး
- အင်ဂျင်စက်အမျိုးမျိုး
- ဘီလပ်မြေကွန်ကရစ်အုတ်
- ဂရင်းနိုက်ကျောက်ပြားဆိုဒ်ကြီး၊ ဆိုဒ်သေး အရောင်အမျိုးမျိုး
- ပတ်တီးမွှန်အမျိုးမျိုး
- အချောပြား (ကွန်ကရစ်လောင်းရန်)
- လေအေးပေးစက်ဆိုဒ်စုံအမျိုးမျိုး
- C- Channel ချောင်းအမျိုးမျိုး (ဆိုဒ်စုံ)

ကိုယ်စားလှယ်ယူလိုသူများနှင့်ရောင်းချလိုသူများ လာရောက်ဆက်သွယ်ဆွေးနွေးနိုင်ပါသည်။

အမှတ်(၁၃၂/၁၃၃)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုမြို့၊ လှိုင်သာယာမြို့နယ်။
: 09 250500099,09 30196154,09 33221502,09 31827606,09 425007484,09 795352854,09 250500066

VICTORIA UNIVERSITY COLLEGE

UK - B.E / B.A (Hons) အမှတ်စဉ် (၁) ကျောင်းသားသစ်များ
လျှောက်လွှာ ခေါ်ယူခြင်း

၁။ Victoria University College တွင် University of Wolverhampton (UK) မှ တိုက်ရိုက် လာရောက် ပို့ချမည့်ဒီဂရီအဆင့် Business / Engineering (၁)နှစ် / (၂)နှစ် သင်တန်းများ ကို ၂၀၁၅ မတ်လ (၁၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်။

၂။ HND အောင်မြင်သူများ ၊ ပြည်တွင်း B.Tech အောင်မြင်ပြီး *Bridging Course* တက်ရောက် ပြီးသူများ နှင့် ပြည်တွင်း ဘွဲ့ရပြီးသူများ လျှောက်ထားနိုင်သည်။

၃။ သင်တန်းကာလပြီးဆုံးအောင်မြင်ပါက University of Wolverhampton (UK) မှ တိုက်ရိုက် ချီးမြှင့်သည့် ဘာသာရပ်အလိုက်ဒီဂရီဘွဲ့လက်မှတ်များရရှိမည်။

* Victoria University College ကျောင်းသားရေးရာဌာနတွင် အောင်မြင်ကြောင်း အထောက် အထားမူရင်း နှင့် မိတ္တူ၊ ပတ်(စ်)ပို့ဓါတ်ပုံ (၃)ပုံ နှင့် အတူဝင်ခွင့်ပုံစံ များကို တောင်းယူ ဖြည့်စွက်ပြီး စတင် လျှောက်ထားနိုင်ပါသည်။

ကျောင်းသားရေးရာဌာန
အမှတ်(၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ - ၃၈၃၁၃၂, ၃၈၃၁၃၃, ၀၉၅၁၀၄၇၄၈

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် မင်၊ ဖလင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် မင်၊ ဖလင်၊ ပလိပ်နှင့်ပုံနှိပ်ရေးပစ္စည်းများကို နိုင်ငံခြားငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က)	Web Offset Ink(Black,Yellow,Magenta,Cyam)	4 မျိုး
(ခ)	Positive Plate	2 မျိုး
(ဂ)	CTP Plate	3 မျိုး
(ဃ)	Imagesetter Film	2 မျိုး
(င)	Stitching Wire	1 မျိုး
(စ)	ပုံနှိပ်ရေးပစ္စည်းများ	15 မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၁၇-၂-၂၀၁၅ရက်မှ ၃-၃-၂၀၁၅ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃-၃-၂၀၁၅ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	**တင်ဒါတင်သွင်းရန်လိပ်စာ**
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း	**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
ပြန်ကြားရေးဝန်ကြီးဌာန	**ထုခွဲရောင်းချရေးကော်မတီ**
ရုံးအမှတ်(၇)၊ နေပြည်တော်	**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅	**ရုံးအမှတ်(၇)၊ နေပြည်တော်**
	ဖုန်း-၀၆၇-၄၁၂၃၂၇

ကန့်ကွက်နိုင်ပါသည်

စိုးစံ(လင်း) အီးမ်းဖြိုးမြေ အကျိုးဆောင်ကုမ္ပဏီ

☎ - 510760, 510940, 510950, 500643, 502517, 2304311

☎ - 01-552742/559320, 09 5060936, 09 5060940, 09 8634090, 09 73100980

အမည်ပြောင်း

ဦးနေလဝင်း၏သမီး မုံရွာမြို့၊ အမှတ် ၁၂၊ အလက(ခွဲ) ဆဋ္ဌမတန်းမှ မကြည်စင်သန့်သန့်အား မပွင့်ဝါဖြူဟု ပြောင်းလဲခေါ်ပါရန်။

မပွင့်ဝါဖြူ

ကန့်ကွက်နိုင်ပါကြောင်း

ကန့်ကွက်ရန်ရှိ မန့် အများသိစေရန်ကြေညာခြင်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

